ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ တနင်္လာနေ့၊ (29-9-2014) (၇၉၇၈)

**မေတ္တာ၏ အကျိုးအာနိသင်**

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္ပတ္တိ အကျိုးပေးသန်သော ကောင်းသောကံတကာထဲတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သောကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ဆည်များရေရှည်တည်တံ့ခိုင်မြဲရေး ဆည်ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၈**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၁၀ မိနစ်တွင် ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ်ရေလှောင်တမံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့သည် ပင်မရေပိုလွှဲအနီးရှိ ရေပိုလွှဲဂိတ်တံခါးများကို ထိန်းချုပ်မောင်းနှင်၍ အလိုအလျောက်မှတ်တမ်းတင်ထားသည့် စက်ခန်း၊ ရေယူအဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် သဖန်းဆိပ်ဆည်အတွင်း ရေဝင်ရောက်မှုနှင့် ရေသိုလှောင်ထားနိုင်မှု အခြေအနေများကို တမံတာပေါင်ပေါ်မှနေ၍ မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သဖန်းဆိပ်ရေလှောင်တမံအနီးပတ်ဝန်းကျင်မှ ဒေသခံပြည်သူများအား တွေ့ဆုံ၍ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သဖန်းဆိပ်ရေလှောင်တမံ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**သဖန်းဆိပ်ရေလှောင်တမံသည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေလှောင်တမံဖြစ်ပြီး မိုးစပါးစိုက်ဧက ၅၁၀၀၃၅ ဧကနှင့် နွေစပါးနှင့် အခြားသီးနှံစိုက်ဧက ၂၉၄၅၄ ဧက စုစုပေါင်း ၈၁၂၈၉ ဧကအတွက် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ကျေးရွာအုပ်စု ၃၆၉ အုပ်စု အိမ်ထောင်စု ၁၆၂၅၂ စုရှိ ပြည်သူလူထု ရှစ်သိန်းကျော်ကို အကျိုးပြုလျက်ရှိ။**



ကြေးမုံ စာ တည်း ရှု ထောင့် — ၂၉-၉-၂၀၁၄၊ တနင်္လာနေ့

# သဘာဝသယံဇာတဖွံ့ဖြိုးရေး

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သစ်တော သယံဇာတများ အထူးကောင်းမွန်ပြီးသော နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးမြေများ အလွန်ပေါများပြီး မြေလွတ်မြေလပ် မြေရိုင်းများမှာ အမြောက်အမြားကျန်ရှိနေပါသေးသည်။ အဆိုပါ မြေနှင့်ရေကို ထိထိရောက်ရောက်အသုံးချနိုင်ပါက နိုင်ငံအတွင်း ဆင်းရဲမှု လျော့ကျပြီး တိုင်းပြည်လည်း ကြွယ်ဝချမ်းသာလာနိုင်သည်ကို အိမ်နီးချင်းနိုင်ငံကြီးက သက်သေပြလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတများအနက် သစ်တောသယံဇာတတွင် ပါဝင်သည်ဟုဆိုနိုင်သော ဝါးသယံဇာတများကို ယခုအခါ သတိပြုရတော့မည်ဖြစ်ပါသည်။ တစ်ချိန်သောကာလက မြန်မာနိုင်ငံ၏ ပဲခူးရိုးမကြီးထဲတွင် ဝါးသယံဇာတ အမြောက်အမြားရှိခဲ့ပါသည်။ သို့သော် နှစ်ကာလရှည်ကြာမှုနှင့်အတူ လူတို့၏မဆင်မခြင်ခုတ်လှဲမှုများကြောင့် ဝါးတောကြီးများမှာ ပြုန်းတီးသွားခဲ့ရပါသည်။

ဝါးသည် နေရာမရွေးပေါက်ရောက်နိုင်သော မြက်မျိုးရင်းဝင် အပင်ကြီးအမျိုးအစားဖြစ်ပြီး ဝါးထွက်ကုန်မှ လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်ပေးနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဝါးအမျိုးအစားအမြောက်အမြားပေါက်ရောက်လေ့ရှိပြီး ဝါးယား၊ ထီးရိုးဝါး၊ ကြသောင်းဝါး၊ ကြခတ်ဝါး၊ ဝါးပိုးဝါး၊ ဝါးပိုးမျက်ဆံကျယ်ဝါးတို့မှာ ထင်ရှားပေါများပါသည်။

လက်ရှိတွင် ကျေးလက်နေပြည်သူအများစုမှာ အသိအမြင်နည်းပါးနေသေးသည့်အပြင် လိုအပ်ချက်များကြောင့် သစ်တောသယံဇာတများကို ပြုစုပျိုးထောင်ခြင်းထက် ခုတ်လှဲမှုက ပိုမိုလျက်ရှိနေပါသည်။ ထိုသို့ခုတ်လှဲခြင်းကြောင့် ယခုအခါ သစ်တောသယံဇာတများ လျော့နည်းလာကာ မြေလွတ်မြေလပ်၊ တောင်လွတ်တောင်လပ်များ ပေါများလာသည်။ ယင်းကို အစားထိုးဖြည့်ဆည်း နိုင်ရန်အတွက် အသိပညာပေးမှုများနှင့်အတူ ထောက်ပံ့ကူညီမှုများဖြင့်လည်း ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဝါးပင်သည် ကြီးမြန်သစ်ပင်အမျိုးအစားတွင်ပါဝင်ပြီး မိုးရာသီကာလ၌ အလိုအလျောက် ပေါက်ပွားလာတတ်သောကြောင့် ဝါးပင်အရင်းအမြစ်များ တိုးပွားလာစေရန် စီမံချက်အကြီးအသေးချမှတ်ကာ အလေးထား ဆောင်ရွက်ပေးသင့်ပါသည်။ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းကို မိမိတို့၏အိမ်ခြံမြေ ကွက်လပ်တွင်ပင် ဆောင်ရွက်နိုင်ပြီး အသေးစားစီမံကိန်း၊ အလတ်စားစီမံကိန်းနှင့် အကြီးစားစီမံကိန်းများကို ပံ့ပိုးကူညီမှုနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် မူတည်၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားနိုင်ပါသည်။

ဝါးပင်ထွက်ပစ္စည်းများမှာ ကျေးလက်သုံးပစ္စည်းအဖြစ် အများဆုံးမှတ်ယူထားကြသဖြင့် တန်ဖိုးထားမှု အလွန်နည်းပါးသည်။ အမှန်တွင် ဝါးကို စနစ်တကျအသုံးချတတ်ပါက မည်သည့်နေရာတွင်မဆို အသုံးတွင်ကျယ်လှပါသည်။ လူသုံးကုန်ပစ္စည်းသာမက စက်မှုကုန်ကြမ်းသုံးပစ္စည်းအဖြစ်လည်း အသုံးတည့်ပါသည်။ မျက်မှောက်ကာလ စက္ကူအသုံးပြုမှုများ အရှိန်အဟုန်ပြင်းပြင်းဖြင့် မြင့်မားလာသောအခါ ဝါးပင်မှ စက္ကူထုတ်လုပ်မှုများမှာလည်း ခေတ်မီနည်းပညာများ အသုံးပြု၍တွင်ကျယ်လာသည်။ တစ်ချိန်သောကာလကတည်းက မြန်မာနိုင်ငံတွင် ဝါးမှထုတ်လုပ်သော စက္ကူစက်ရုံများရှိခဲ့ပြီးဖြစ်သော်လည်း ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် လိုအပ်နေဆဲဖြစ်သည်။

ထို့ကြောင့် ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုများပေါင်းစပ်ပြီး ပိုမိုကောင်းမွန်သောနည်းလမ်းများကို မြန်မာနိုင်ငံ၏ ရရှိနိုင်သော သဘာဝသယံဇာတအရင်းအမြစ်အပေါ် မူတည်ကာ အားထုတ်ကြရဦးမည်ဖြစ်သည်။ လက်ငင်းတွင် မြေလွတ်မြေလပ်များ၌ ဝါးပင်များကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးနိုင်ရန် အားပေးကြရပေလိမ့်မည်။ မြေရှိလျှင် စိုက်ပျိုးရန်မခက်ခဲသော ဝါးစိုက်ပျိုးခြင်းကို တွန်းအားပေးကြရမည်ဖြစ်သည်။

စိုက်ပျိုးသူများအား စိုက်ကြပါဟု တိုက်တွန်းနေရုံဖြင့် ဖြစ်လာလိမ့်မည်မဟုတ်ဘဲ ပံ့ပိုးကူညီမှုများနှင့် စီမံကိန်းချမှတ်ဆောင်ရွက်သွားကြမည်ဆိုလျှင် တစ်ချိန်သောကာလတွင် သစ်ပင်သစ်တောများနှင့် မြန်မာ့ဝါးတောများဖြင့် မြန်မာပြည်တစ်ဝန်းစိမ်းလန်းစိုပြည်ပြီး ဒေသခံပြည်သူများလည်း အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းကာ ဝင်ငွေတိုး၍ ဆင်းရဲမှုလျော့နည်းလာမည့် အကြောင်းတစ်ချက်ဖြစ်ပါသည်။ ။

# သက်သာသောအတိုးနှုန်းဖြင့် ဘဏ်ချေးငွေထုတ်ချေးရေး ဆွေးနွေး

**လယ်ဝေး စက်တင်ဘာ ၂၈**

သမဝါယမဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အသေးစားအရင်းအနှီးချေးငွေနှင့်ပတ်သက်၍ နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာ၌ စက်တင်ဘာ ၂၃ ရက် နံနက်က လူထုတွေ့ဆုံပွဲအခမ်းအနားပြုလုပ်ရာ နေပြည်တော်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးချစ်၊ နေပြည်တော်သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ လယ်ဝေးမြို့နယ် သမဝါယမအသင်းများနှင့် ဒက္ခိဏသီရိမြို့နယ် သမဝါယမအသင်းများမှ အသင်းသား ၁၀၀၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးက အသေးစားအရင်းအနှီးချေးငွေနှင့်ပတ်သက်ပြီး EXIM Bank ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထပ်မံထုတ်ချေးမည်ဖြစ်ကြောင်း၊ ယခင်က EXIM Bank ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ချေးရာတွင် အတိုးနှုန်းမှာ ၁၈ ရာခိုင်နှုန်းဖြင့် ထုတ်ချေးခဲ့ပြီး ယခုထပ်မံထုတ်ချေးမည့် ချေးငွေအတိုးမှာ ၁၃ ရာခိုင်နှုန်းသာဖြစ်ကြောင်း၊ ယခင် EXIM Bank ချေးငွေများပေးဆပ်ပြီး ပြန်လည်ထုတ်ချေးသည့်အခါတွင် အတိုးနှုန်း ၁၈ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းသို့ လျှော့ချပြီး ဆက်လက်ထုတ်ချေးသွားမည်ဖြစ်ကြောင်း၊ အသင်းသားများအတွက် အတိုးနှုန်းပိုမိုသက်သာအောင် အသင်းအဆင့်ဆင့်မှ ရရှိမည့်အကျိုးငွေကို လျှော့ချဆောင်ရွက်ထားကြောင်း၊ ချေးငွေကို ၁၀ နှစ် ထုတ်ချေးဆောင်ရွက်သွားမှာဖြစ်ကြောင်းနှင့် အသင်းသားများသည် နောင်လာမည့် လေး၊ ငါးနှစ်အတွင်း မိမိဘဝ မိမိရပ်တည်လာနိုင်အောင် ရင်းနှီးမတည်ပေးသည့် လုပ်ငန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းသားတောင်သူများက သိလိုသည်များကို မေးမြန်းရာ ဒုတိယညွှန်ကြားရေးမှူးနှင့် အသင်းစုချုပ်ဥက္ကဋ္ဌတို့က ရှင်းလင်းဖြေကြားခဲ့သည်။

(၅၈၆)



# အရည်အသွေးမြင့်ပစ္စည်းများဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင်ဆောက်လုပ်

**မြစ်ကြီးနား စက်တင်ဘာ ၂၈**

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းသည် ပြည်နယ်အတွင်းရှိ မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့၌ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာနက တင်ဒါခေါ်ယူရွေးချယ်ထားသည့် ကုမ္ပဏီများမှ ဆောင်ရွက်မည့် အဆောက်အအုံများအတွက် တင်ဒါအောင်မြင်သည့် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌တွေ့ဆုံပြီး အဆောက်အအုံများဆောက်လုပ်ရာတွင် ကျွမ်းကျင်မှုနှင့် နည်းစနစ်များကို ခေတ်စနစ်နှင့်အညီ တိကျမှန်ကန်စွာ စနစ်တကျဖြင့် အရည်အသွေးမြင့်ပစ္စည်းများကို အသုံးပြုဆောက်လုပ်မှသာ သတ်မှတ်ချိန်ထိ ရေရှည်တည်တံ့ခိုင်မြဲမည်ဖြစ်ပါကြောင်း၊ အရည်အသွေးထိန်းချုပ်မှုအတွက် သက်ဆိုင်ရာကျောင်းများ၌ ကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် စစ်ဆေးရေးအဖွဲ့များထားရှိပြီး ကြပ်မတ်စစ်ဆေးလျက်ရှိပါကြောင်း၊ မိမိတို့ အစိုးရအဖွဲ့အနေဖြင့် မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့၏ စိစစ်တင်ပြချက်များကို အထူးအလေးထား၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။**(အပေါ်ပုံ)**

ကချင်ပြည်နယ်တွင် ပညာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်နှင့် မိုးညှင်းဒီဂရီကောလိပ်တို့တွင် သုံးထပ်စာသင်ဆောင်များ၊ ဆရာမများအဆောင်၊ ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား ၁၆၀ ဆံ့ အဆောင်များ၊ ပါမောက္ခချုပ်/ဒုတိယပါမောက္ခချုပ်တို့၏နေအိမ်များအပါအဝင် ကျောင်းဝင်းအတွင်း ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများအတွက် တင်ဒါအောင်မြင်သည့်ဆောက်လုပ်ရေးကုမ္ပဏီပေါင်း ၂၂ ခုတို့က တာဝန်ယူဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**




**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

GOLDEN STAR Travels & Tours
☆ပုဂံ (စွယ်တော်လေးဆူ)–ပုပ္ပါး Oct-3,7 | ကျိုက်ထီးရိုး (နေ့စဉ်)
☆မန္တလေး–ပြင်ဦးလွင် ခရီးစဉ် Oct-3,7 | ချောင်းသာ (နေ့စဉ်)
☆တောင်ကြီး–အင်းလေး–ပင်းတယ Oct-3,7 | ငွေဆောင် (သောကြာ)
၁၅၃-လမ်းထိပ်၊ တာမွေ၊ Ph: 209200, 430480, 544383, 703448

ချိုနဲ့ခရီးသွားရတာ အရမ်းအဆင်ပြေတောင်းဆိုတဲ့? မိတ်တော်း/ထစ် ရှားတတွတ်
Restaurant, Hotel Package, (Express SCANIA 2+1 VIP)ကားသစ်ကြီးများဖြင့်
ခရီးစဉ်တိုင်းကို 50% Discounts
တောင်ကြီး–အင်းလေး–ကလော–ရွှေတော်ကတ္တူ–ပင်းတယ–ထမ့်စမ်း
VIP 2+1 Car Wifi Free | 280000 Sep-26 | ၄ည/၅ရက် 140000 Oct-7,24
ပုဂံ–ညောင်ဦး–ပုပ္ပါး–ပခုက္ကူ (စွယ်တော်လေးဆူဖူးမျှော်၊ ပြည်ငါးပြည်) လမ်းဘုရားစုံ
VIP 2+1 Car Wifi Free | 180000 Sep-26 | ၃ည/၄ရက် 90000 Oct-7,24
အမှတ်(၅၄)၊ ဝေဇယန္တာလမ်း၊ Orange Center ဘေး၊ သင်္ဃန်းကျွန်း။
Ph: 09-420073607, 09-31013761, 09-49250637

ရေတာနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
မဲလံ-ကျောက်ပိုရဟန္တာ၊ ကျိုက်ထီးဆောင်း၊ ကုသိနာရုံ၊ ကေလာသ၊ မြသပိတ် (နေ့စဉ်)
အင်းလေး(ဖောင်တော်ဦးပွဲ)၊ တောင်ကြီး၊ ကက္ကူ၊ ထမ့်စမ်း (၅)ရက်။
ပုပ္ပါး ပုဂံ (စွယ်တော်လေးဆူ၊ ပြည်ငါးပြည်)၊ ပခုက္ကူ (၄)ရက်။
မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ ..... (၃)ရက်။
ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန် (၆)ရက်။
Oct 6,7,10,17,24
တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော် Nov 5
၃၀၁ပ-ထပ်၊၃၉လမ်း(အထက်) 392704, 09 50 66657, 09 73017110

(ရောင်း/ငှား) မည် (အလွန်တန်)
၁။ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ ၃-ထပ် (30'x50') 2BR,1MBR 1100 Ls
၂။ သုဝဏ္ဏ မူလ (VIP) R.C (၂)ထပ်တိုက် 5 A/C (ထူးရှယ်) 30 Ls
၃။ ဗဟိုလတ်တားအနီး ကွန်ဒို 3040 Sqft (၂)ခန်းပေါင်း (ထူးရှယ်) 30 Ls
၄။ မြို့ထဲဒဂုံ ယောက်လမ်းအနီး ၃-ထပ် (20'x100') ထူးရှယ်ပြင်ပြီး 19 Ls
၅။ (၃၉)လမ်း (ထက်) မြေညီ+ထပ်ခိုး 4.5 Ls နှင့် ကျောက်မြောင်း ပထပ်၊ A/C၊ ကြိုးဖုန်း 2.8 Ls နှင့် (၅၄)လမ်း (22'x55') စီရီ မြေညီ 12 Ls၊ ပထပ် 6 Ls၊ တထပ် 4.5 Ls
၂၅၆-ပထပ်၊ ၃၉လမ်း (ထက်)၊ ကျောက်တံတား။ 0943133981, 0949253715

G.G.G Co.,Ltd.
ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (100 / 2013)
ဂျပန်နိုင်ငံ J.O.P COOPERATIVE လက်အောက်ရှိ
KURITA AIM DELICA CORPORATION ၏ စားသောက်ကုန်ထုတ်လုပ်သော စက်ရုံကြီးများတွင် အလုပ်လုပ်ကိုင်လိုသော အမျိုးသမီးများ အလိုရှိသည်၊
လုပ်သားဦးရေ - ၈ ဦး။ (မ)
အသက် - ၂၀နှစ် မှ ၃၀နှစ် အတွင်း
အခြေခံလစာ - ဂျပန်ယန်းငွေ - ၁၃၆၇၄၂
အခြေခံပညာ - အလယ်တန်းအောင်နှင့်အထက်
စာချုပ်သက်တမ်း - ၁နှစ်
အမှတ်-၁၄၅၊ ၃ လွှာ၊ ၄၅ လမ်း(အထက်)၊ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။
ဖုံး ( ၀၉-၃၁၀-၅၅၉၈၉ ၊ ၀၉-၇၃၁-၉၇၇၁၂ ၊၀၉-၇၃၀-၆၆၅၉၀)




စက်တင်ဘာ ၂၆ ရက်က ပထမအကြိမ်မြောက် အာဆီယံ-ပစိဖိတ်မဟာမိတ်များအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အဖွင့်မိန့်ခွန်းပြောကြားနေစဉ်။ (သတင်းစဉ်)

# အာဆီယံနှင့် ကုလသမဂ္ဂအလုံးစုံမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်မှုတွင် တိုးတက်မှုနှင့် အနာဂတ်ဆက်ဆံရေးများကို သုံးသပ်ခဲ့ကြ

**နယူးယောက် စက်တင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပသည့် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မြန်မာနိုင်ငံကိုယ်စားပြု၍ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားရန် ရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် နယူးယောက်မြို့တွင် ရှိနေစဉ် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေး၊ အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့် အစည်းအဝေး၊အာဆီယံ-အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး အစည်းအဝေးများ၏ သဘာပတိနှင့် ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘော အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်ရှိ ညီလာခံခန်းမ(၈)၌ ကျင်းပခဲ့ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ် မစ္စတာ လီယောင်မင်းတို့ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် (၆၉) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်သွင်းမည့် အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်မှုအဆိုမူကြမ်းအပေါ် ဆွေးနွေးခြင်း၊ လုံခြုံရေးကောင်စီအပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းများသို့ ဝင်ရောက်အရွေးခံမည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များကို အာဆီယံနိုင်ငံများမှ အပြန်အလှန်ထောက်ခံမှုပြုရေးကိစ္စ၊ အာဆီယံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများအခြေအနေများ၊ အာဆီယံ-ကုလသမဂ္ဂ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ညှိနှိုင်းခြင်း၊ အနာဂတ်တွင် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ အစရှိသည်တို့ကို အမြင်ခြင်းဖလှယ်ဆွေးနွေးခဲ့သည်။

အစည်းအဝေးတွင် "အီရတ်နိုင်ငံနှင့် ဆီးရီးယားနိုင်ငံတို့၌ ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်လုပ်ရပ်များနှင့် အစွန်းရောက်အဖွဲ့အစည်းများ၏ လုပ်ရပ်များအပေါ် ရှုတ်ချသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ ကြေညာချက် တစ်ရပ်ကိုလည်း အာဆီယံ၏ တူညီဆန္ဒဖြင့် ထုတ်ပြန်ခဲ့သည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ ဥက္ကဋ္ဌတို့အကြား နှစ်စဉ်ကျင်းပသည့် အာဆီယံ-ကုလသမဂ္ဂဝန်ကြီးအဆင့် အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ကုလသမဂ္ဂဌာနချုပ် ညီလာခံခန်းမ (၈)၌ ကျင်းပခဲ့ရာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် (၆၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ ယူဂန်ဒါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အမ်၊ ကာဟန်ဘာ ကူတဲဆတို့ တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် အာဆီယံနှင့် ကုလသမဂ္ဂ အလုံးစုံမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်မှုတွင် တိုးတက်မှုနှင့် အနာဂတ်ဆက်ဆံရေးများကို သုံးသပ်ခဲ့ကြပြီး ကုလသမဂ္ဂထောင်စုနှစ်ရည်မှန်းချက်များကို ပြည့်မီစေရေး၊ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုအစီအစဉ်ကို ဖော်ထုတ်ရေး၊ အာဆီယံ၏ ၂၀၁၅ ခုနှစ်အလွန် မျှော်မှန်းချက်နှင့် ကုလသမဂ္ဂ၏ ၂၀၁၅ ခုနှစ်အလွန် ဖွံ့ဖြိုးမှုရည်မှန်းချက်များအကြား ဆက်စပ်မှုရှိစေရေး၊ အစွန်းရောက်ဝါဒများ ပြန့်ပွားလာမှုနှင့် အီဘိုလာကပ်ရောဂါ တိုက်ဖျက်ရေး စသည့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာကိစ္စများတွင် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီတို့အကြား ကျင်းပသည့် အာဆီယံ-အမေရိကန်ပြည်ထောင်စု အလွတ်သဘောဝန်ကြီးအဆင့် အစည်းအဝေးကို နယူးယောက်မြို့ ဝါးလ်ဒေါ့ဖ်အက်စတိုးရီးယားဟိုတယ်၌ စက်တင်ဘာ ၂၆ ရက် ညပိုင်းတွင် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးတွင် အာဆီယံ-အမေရိကန်ပြည်ထောင်စု ဆွေးနွေးဖက်ဆက်ဆံရေး ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်နေသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ အာဆီယံ-အမေရိကန်နိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးတွင် အာဆီယံ-အမေရိကန်စီးပွားရေးဆိုင်ရာထိတွေ့မှု၊ ဦးဆောင်ဦးရွက်ပြုမှု၊ ပင်လယ်ရေကြောင်းလုံခြုံရေး၊ ဒေသတွင်းပြည်သူများ အချင်းချင်း ဆက်ဆံရေးကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပမည့် နဝမအကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးနှင့် ဒုတိယအကြိမ်မြောက် အာဆီယံ-အမေရိကန်ထိပ်သီးအစည်းအဝေး အစီအစဉ်များနှင့် ဆွေးနွေးမည့် အကြောင်းအရာများကို ဆွေးနွေးဖလှယ်ခဲ့ကြသည်။

အထက်ပါ အစည်းအဝေးများ အပြင် အာဆီယံနှင့် အခြားသော ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ကျင်းပသည့် အစည်းအဝေးများ အနက် အာဆီယံနှင့် ပစိဖိတ်မဟာမိတ်များအဖွဲ့အကြား ပထမဦးဆုံးအကြိမ်အဖြစ် ကျင်းပသည့် အစည်းအဝေးကို စက်တင်ဘာ ၂၆ ရက်တွင် ကုလသမဂ္ဂဌာနချုပ်တွင် ပြုလုပ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီးသည် မက္ကဆီကိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟိုဆေးအန်တိုနီရိုမီနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းအစည်းအဝေးတွင် အာဆီယံနှင့် ပစိဖိတ်မဟာမိတ်အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် နယ်ပယ်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း(အီကို)အကြား ဝန်ကြီးအဆင့်အစည်းအဝေး၊ အာဆီယံနှင့် လက်တင်အမေရိက-ကာရေဘီယန်နိုင်ငံများအဖွဲ့အစည်း (စီးလက်စ်)တို့အကြား ဝန်ကြီးအဆင့်အစည်းအဝေးများကိုလည်း စက်တင်ဘာ ၂၅ ရက်နှင့် ၂၇ ရက်တို့တွင် ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ့စီးပွားရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**နယူးယောက် စက်တင်ဘာ ၂၈**

မြန်မာ့စီးပွားရေးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို နယူးယောက်မြို့ Orrick,Herrington & Sutcliffe ၌ စက်တင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင်ကျင်းပရာ အဆိုပါဆွေးနွေးပွဲသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ခေါင်းဆောင်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် ပြည်ပရောက်မြန်မာစီးပွားရေး လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် အမေရိကန်ပြည်ထောင်စုမှ အမျိုးသမီးရေးရာဆိုင်ရာ Ambassador Melanne Verveer၊ ကမ္ဘောဇအုပ်စု၏ အမှုဆောင်ဒါရိုက်တာနှင့် Chair&Co-founder, Brighter Future Foundational Myanmar မှ ဒေါ်နန်းလန်ခမ်း၊ Inle Princess Co., Ltd. နှင့် Inthar Heritage House ထူထောင်သူ ဒေါ်ယဉ်မျိုးစု၊ Global Responsibility, Human Rights, Gap Inc. မှ Vice President ဖြစ်သူ Wilma Wallace တို့က မြန်မာနိုင်ငံ၏စီးပွားရေးတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ပိုမိုကျယ်ပြန့်လာမှု၊ မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့်အခွင့်အလမ်းများ၊ မြန်မာလူမှုအဖွဲ့အစည်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍအရေးပါမှု စသည်တို့ကို ကျယ်ပြန့်စွာဆွေးနွေးခဲ့ကြသည်။**(အောက်ပုံ)**

ဆွေးနွေးချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လက်ရှိအစိုးရလက်ထက်တွင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးယန္တရားတွင် အမျိုးသမီးများ အခန်းကဏ္ဍပိုမိုကျယ်ပြန့်လာမှု အခြေအနေများကို ဖြည့်စွက်ဆွေးနွေးခဲ့ပြီးနောက် အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**



နန်းအိအိဇာတည်းဖြတ်ထုတ်ဝေသည့် Wellness အနာမယ ကျန်းမာရေးနှင့် အလှအပ မဂ္ဂဇင်း



- ဟိန်းဝေယံနဲ့ ဟန်သီတို့ရဲ့ကျန်းမာရေး ခံယူချက်များ
- အဆိုတော်ပိုပိုရဲ့ဘဝအားမာန်
- ဝက်ခြံနှင့် ဝက်ခြံနီ ကွဲပြားခြားနားမှုများ • ငှက်ဖျားခြင် မျိုးဖြုတ်မည်
- လူငယ်တွေ စိတ်ဒဏ်ရာမရှိအောင် နေထိုင်ကျင့်ကြံဖို့ နည်းပေးတဲ့ ဆရာဂျော်ထက်ဒိုးနှင့် တွေ့ဆုံခြင်း
- ဆီးချိုနှင့် သွေးချိုသမားများ အဆင်ပြေအောင်စားသောက်နည်း
- မျက်စိနာရောဂါအကြောင်းရှင်းပြတဲ့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမင်းသိမ်း • Miss Huawei ဆုရ J Naw
- ကာတွန်းမြေဇာ၊ ကိုအောင် (flesh memo) တို့နှင့် တွေ့ဆုံခြင်း
- ထိတ်လန့်ချောက်ချားစရာကောင်းတဲ့ အီဘိုလာဗိုင်းရပ်စ်
- မလေးရှားပြန် လူငယ်တစ်ဦး၏ HIV နှင့် ပတ်သက်သော မျှဝေခံစားချက်များ

ထွက်ပြီ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃

နန်းအိအိဇာ တည်းဖြတ် ထုတ်ဝေသည့် အလှအပများနှင့် သမီ မဂ္ဂဇင်း



- အောင်သမာဓိ စိန်ရွှေရတနာဆိုင်ရဲ့ဆန်းသစ်တဲ့ဒီဇိုင်းများနဲ့ သက်မွန်မြင့်ရဲ့အလှပုံရိပ်
- Miss Myanmar World 2014 ရွေးချယ်ပွဲ မြင်ကွင်း
- နွယ်ဒါလီထွန်းနဲ့ လရိပ်ပြာတို့ရဲ့မြန်မာသတို့သမီးဝတ်စုံအလှ
- ဖက်ရှင်ဆိုတာ ခေတ်တစ်ခေတ်ရဲ့ပြယုဂ်လို့ဆိုတဲ့ အေးမြတ်သူရဲ့ဖက်ရှင်
- ရောင့်ရဲတင်းတိမ်စိတ်နဲ့ပဲ အောင်မြင်မှုဆီ ရောက်ရှိလာတဲ့ ဇရဲထက်
- ကိုယ့်လမ်းကိုယ်ဖောက်ခဲ့တဲ့ ဒီဇိုင်နာမင်းခန့်နဲ့ ချွန်းချွန်းရဲ့ပုံရိပ်များ
- မြန်မာဖက်ရှင် ဒီဇိုင်နာများ၏ ဖက်ရှင်ရှိုးပွဲမှ အလှပုံရိပ်များ
- Miss Universe Myanmar သွားထွင့်အိန္ဒြာ
- အလွမ်းငှက်ငယ်မလေး စိမ်းမို့မို့ရဲ့အချစ်နဲ့အိမ်ထောင်ရေး
- အာဆီယံ - တရုတ် လှယဉ်ကျေးမယ်ဆုရ အိန္ဒြာသီရိကို
- ဘရက်ပစ်နဲ့ ဂျိုလီတို့ရဲ့လက်ထပ်မင်္ဂလာပွဲ အသက်ဝင်တဲ့နေ့

ထွက်ပြီ

အမှတ် - ၂၀၀၊ ပထပ်၊ ၃၆လမ်း (အထက်)၊ ရန်ကုန်။ ဖုန်း - ၃၈၃၀၂၅၊ ၃၉၁၆၃၃

## နိုင်ငံတကာ

### အိုင်အက်စ်စစ်သွေးကြွများအား တိုက်ခိုက်မှုတွင် ဗြိတိန်လေတပ် ပူးပေါင်းပါဝင်

**လန်ဒန် စက်တင်ဘာ ၂၈**

အစ္စလာမ့်စ်နိုင်ငံထူထောင်ရေးအတွက် တိုက်ပွဲဝင်နေသည့် အီရတ်နိုင်ငံမှ အိုင်အက်စ်စစ်သွေးကြွလက်နက်ကိုင်တပ်ဖွဲ့များအား တိုက်ခိုက်နေသည့် ညွန့်ပေါင်းအဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုတွင် ဗြိတိန်တော်ဝင် လေတပ်မှ ဂျက်တိုက်လေယာဉ်များ ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ယင်းမှာဗြိတိန်ပါလီမန်၏ခွင့်ပြုချက်ဖြင့်ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၂၇ ရက် ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ဗြိတိသျှပါလီမန်က စက်တင်ဘာ ၂၆ရက် (သောကြာနေ့)တွင် အီရတ်နိုင်ငံတွင်းရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဟု လူသိများသည့် ဆွန်နီအစွန်းရောက်လက်နက်ကိုင်တပ်ဖွဲ့များအား တိုက်ခိုက်ရန် ဗြိတိန်တော်ဝင်လေတပ်အား ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး ယင်းခွင့်ပြုမိန့်မှာလည်း အီရတ်နိုင်ငံတွင်းမှ အိုင်အက်စ်တပ်ဖွဲ့များအား ချေမှုန်းရန်သာဖြစ်ပြီး ယင်းနိုင်ငံနှင့် အိမ်နီးချင်းဆီးရီးယားနိုင်ငံတွင်းမှ အိုင်အက်စ်အဖွဲ့၏ ပစ်မှတ်များပါဝင်ခြင်း မရှိကြောင်း သတင်းတွင် ဖော်ပြသည်။

လက်နက်တပ်ဆင်ထားသော တော်ဝင်လေတပ်မှ တော်နေဒိုးအမျိုးအစားဂျက်တိုက်လေယာဉ်နှစ်စင်းသည် စုံစမ်းထောက်လှမ်းခြင်းလုပ်ငန်းများတွင်သာ ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပြီး စစ်ရေးအရ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်မည်မဟုတ်ကြောင်းဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောကြားသည်။ **ဘီဘီစီ။**

# အဂတိလိုက်စားမှုကြောင့် ကျောက်မီးသွေးတူးဖော်ခွင့်လိုင်စင် အားလုံးနီးပါး အိန္ဒိယတရားရုံးချုပ် ပယ်ဖျက်

နယူးဒေလီ စက်တင်ဘာ ၂၈

**နိုင်ငံတော်အတွက် ဒေါ်လာဘီလီယံပေါင်းများစွာ ဆုံးရှုံးနစ်နာစေသော အဂတိလိုက်စားမှု အရှုပ်တော်ပုံကြောင့် ၁၉၉၃ ခုနှစ်ကတည်းက အစိုးရက ခွင့်ပြုပေးခဲ့သော ကျောက်မီးသွေးတူးဖော်ခွင့်လိုင်စင်အားလုံးနီးပါးကို အိန္ဒိယနိုင်ငံတရားရုံးချုပ်က ပယ်ဖျက်လိုက်ကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြသည်။**

ခွင့်ပြုမိန့်လိုင်စင်များကို တရားမဝင် ခွင့်ပြုထားခြင်းဖြစ်ကြောင်း တွေ့ရှိပြီးနောက် ၁၉၉၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ခွင့်ပြုပေးခဲ့သည့်လိုင်စင်ပေါင်း ၂၁၈ ခုအနက်မှ ၂၁၄ ခုကို တရားရုံးချုပ်က ပယ်ဖျက်ခဲ့သည်။

ဆက်လက်လုပ်ကိုင်ခွင့်ရရှိသော ကျန် လေးခုမှာ အစိုးရ၏ အဓိကစွမ်းအင်စီမံကိန်းများနှင့် ဆက်စပ်နေသည့် လုပ်ငန်းများဖြစ်သည်။

ကျောက်မီးသွေး တူးဖော်ခွင့်များကို အမှန်တန်ဖိုးထက်လျော့နည်းစွာ ရောင်းချခဲ့သဖြင့် အိန္ဒိယနိုင်ငံသည် ဒေါ်လာ ၃၃ ဘီလီယံ ဆုံးရှုံးခဲ့ကြောင်းကို ဗဟိုစာရင်းစစ်များက ၂၀၁၂ခုနှစ်တွင် တွေ့ရှိခဲ့သည်။

ယှဉ်ပြိုင်ရွေးချယ်ခြင်းနှင့် တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုမရှိဘဲ ခွင့်ပြုပေးခဲ့သဖြင့် ၎င်းခွင့်ပြုလိုင်စင်အားလုံးတို့သည် တရားမဝင်ကြောင်း တရားရုံးချုပ်က လွန်ခဲ့သည့်လတွင် ပြောခဲ့သည်။

ဖျက်သိမ်းလိုက်သည့်ခွင့်ပြုမိန့် ၂၁၄ခု အနက်မှ ၁၆၈ ခုသည် လုပ်ငန်းစတင်ခြင်းမရှိသေးပေ။ ၎င်းတို့ကို အမိန့်အာဏာတည်သည့်နေ့မှစ၍ ချက်ချင်းပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့ကြောင်း ရှေ့နေချုပ် မူကူးလ်ရိုထာဂီက စက်တင်ဘာ ၂၄ရက်တွင် ပြောခဲ့သည်။

ကျောက်မီးသွေးတူးဖော်ရန် ရှေ့ပြေးလုပ်ငန်းများကို စတင်လုပ်ကိုင်ပြီးဖြစ်သော ကျန်ခွင့်ပြုမိန့်ရလုပ်ငန်း ၄၆ ခုကို ၎င်းတို့လုပ်ငန်းများ ရုပ်သိမ်းရန် အချိန်ခြောက်လ ပေးထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အချိန်ခြောက်လ ကုန်ဆုံးပြီးနောက် ဖျက်သိမ်းလိုက်သည့် ကျောက်မီးသွေးတူးဖော်ခွင့်လိုင်စင်များကို အစိုးရက ပြည်သူအားလုံးသို့ လွတ်လပ်စွာ လေလံတင်ရောင်းချရမည်ဟု တရားရုံးချုပ်က ဆုံးဖြတ်သည်။ **ဘီဘီစီ။**



အိန္ဒိယသည် ကမ္ဘာပေါ်တွင် ကျောက်မီးသွေး အများဆုံးထုတ်လုပ်သော နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

## တက္ကဆက်ပြည်နယ်၌ လေယာဉ်ငယ်တစ်စင်းပျက်ကျ တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**ဟူစတန် စက်တင်ဘာ ၂၈**

အမေရိကန်ပြည်ထောင်စုအရှေ့ပိုင်းရှိ တက္ကဆက်ပြည်နယ် ဆန်ဂျာဆင်တိုခရိုင်တွင် စက်တင်ဘာ ၂၇ ရက်က လေယာဉ်ငယ်တစ်စင်းပျက်ကျခဲ့ကြောင်း၊ ဖြစ်စဉ်ကြောင့် လူတစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာ ရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲခန့်တွင် ပျက်ကျခြင်းဖြစ်ကြောင်း၊ ထိုင်ခုံနှစ်လုံးပါ လေယာဉ်ငယ်ဖြစ်ကြောင်း၊ ပျံသန်းလာစဉ် သစ်ပင်အချို့နှင့် တိုက်မိကာ ပျက်ကျခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် အသက်(၄၄)နှစ်အရွယ်ရှိ လေယာဉ်မှူးသေဆုံးပြီး အသက်(၃၅)နှစ်အရွယ်ရှိ ခရီးသည်မှာ ဒဏ်ရာပြင်းထန်စွာရရှိကြောင်း ဒေသဆိုင်ရာ ရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ဖော်ပြသည်။

ဒဏ်ရာရရှိသွားသူ၏ ခြေထောက်နှစ်ချောင်းကျိုးသွားသဖြင့် ဆေးရုံတွင် ကုသမှုခံယူလျက်ရှိသည်။ **ဆင်ဟွာ။**

## ဂီနီဘစ်ဆော၌ မြေမြှုပ်ဗုံးပေါက်၊ လူ ၂၂ ဦးသေ

**ဘစ်ဆော စက်တင်ဘာ ၂၈**

ဂီနီဘစ်ဆောနိုင်ငံ မြောက်ပိုင်းတွင် စက်တင်ဘာ ၂၇ ရက်က မြေမြှုပ်ဗုံးတစ်လုံး ပေါက်ကွဲရာ ၂၂ ဦး သေဆုံးကြောင်း သတင်းတွင် ဖော်ပြသည်။

ဘစ်ဆိုရာနှင့် အင်ချီယာမြို့နှစ်မြို့အကြား မောင်းနှင်သွားလာသော ဘတ်စ်ကားတစ်စီးကို ဗုံးထိမှန်ကြောင်း၊ မြို့တော်၏ အရှေ့မြောက်ဘက်မှ ကီလိုမီတာ ၆၀(၃၇)မိုင် ကွာဝေးသောဒေသရှိ အသုဘအခမ်းအနားသို့ ထိုကားဖြင့်သွားကြခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။

ဗုံးပေါက်ကွဲမှု ပြင်းထန်သဖြင့် ၁၉ ဦးပွဲချင်းပြီးသေဆုံးကြောင်း၊ ကျန်သူများမှာ ဒဏ်ရာပြင်းထန်ပြီး သုံးဦးထပ်မံသေဆုံးကြောင်း၊ ၎င်းတို့စီးနင်းလိုက်ပါလာသောကားမှာ လုံးဝပျက်စီးသွားကြောင်း၊ ဗုံးထိမှန်ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# ပေါက်ကွဲမှုဖြစ်ပွားသည့် အွန်တာကီတောင်ထွတ်အနီး တောင်တက်သမား ၃၀ ၏ ရုပ်အလောင်းများတွေ့ရှိ

**တိုကျို စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၇ရက်တွင် မီးတောင်ပေါက်ကွဲမှုများ ရုတ်တရက်ဖြစ်ပွားပြီးနောက် ဂျပန်နိုင်ငံမှ အွန်တာကီတောင်ထွတ်အနီး၌ သေဆုံးနေသည့် တောင်တက်သမား ၃၀ ၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ရှာဖွေတွေ့ရှိရသည့် တောင်တက်သမားများမှာ အသက်ရှူရပ်သေဆုံးခြင်းဖြစ်နိုင်သည်ဟု သတင်းများ၌ ဖော်ပြပြီး ၎င်းတို့အားလုံးသေဆုံးပြီးဖြစ်ကြောင်း ဂျပန်နိုင်ငံကျန်းမာရေးဆိုင်ရာဌာနများက နောက်ဆုံးအကြိမ် အတည်ပြုခဲ့သည်ဟု ဆိုသည်။

ပေါက်ကွဲမှုများဖြစ်ပွားရာ အွန်တာကီမီးတောင်၏ တောင်စောင်းဒေသများ၌ လူဦးရေ ၂၅၀ ကျော်မှာ ပိတ်မိနေပြီး ယင်းဒေသမှာ အဆိုပါမီးတောင်၏ သဘာဝပတ်ဝန်းကျင်ရှုခင်းအလှ ကြည့်ရှုရာ လူသိများသောနေရာဖြစ်သည်။ ယင်းနေရာ၌ ရောက်ရှိနေသူ လူအများစုကို ဘေးကင်းရာသို့ ဆင်းသက်စေခဲ့ပြီးဖြစ်ကြောင်းလည်း သတင်းတွင် ဖော်ပြသည်။

ပေါက်ကွဲမှုများဖြစ်ပွားသည့် အဆိုပါမီးတောင်သည် မြို့တော် တိုကျိုနှင့် ကီလိုမီတာ ၂၀၀(၁၂၅မိုင်) အကွာ၌ တည်ရှိပြီး ယင်းမီးတောင်ပေါက်ကွဲမှု ဖြစ်ပွားသည့် စက်တင်ဘာ ၂၇ရက်အထိ တစ်စုံတစ်ရာသော လက္ခဏာများ မဖြစ်ပေါ်ခဲ့ဘဲ ပြာမှုန်များနှင့် ကျောက်ခဲကျောက်စိုင်များကို မှုတ်ထုတ်ခဲ့သည်ဟု ဆိုသည်။ **ဘီဘီစီ။**



ဂျပန်နိုင်ငံအလယ်ပိုင်းရှိ အွန်တာကီမီးတောင် ပေါက်ကွဲရာမှ ထွက်ပေါ်လာသည့် မီးတောင်ပြာမှုန်များ ပျံ့နှံ့ထွက်ပေါ်မှုကို တွေ့ရစဉ်။



## ကင်မရာစောရ ဂျပန်ရေကူးသမားအား အာရှအားကစားပြိုင်ပွဲမှ ထုတ်ပယ်

**အင်ချွန်း(တောင်ကိုရီးယား) စက်တင်ဘာ ၂၈**

ဂျပန်အားကစားအဖွဲ့သည် အာရှအာကစားပြိုင်ပွဲတွင် ယှဉ်ပြိုင်လျက်ရှိသည့် ရေကူးအားကစားသမားများအဖွဲ့မှ တစ်ဦးကို ထုတ်ပယ်လိုက်ကြောင်း၊ အကြောင်းမှာ ၎င်းသည် ကင်မရာတစ်လုံးကို ခိုးယူခဲ့သည်ဟု စွပ်စွဲခံရပြီး စစ်ဆေးခြင်းခံရသည့်အတွက်ဖြစ်ကြောင်း စနေနေ့အေပီသတင်းတွင် ဖော်ပြသည်။

ယခင်အာရှအားကစားပြိုင်ပွဲမှ မီတာ ၂၀၀ ဖားကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သော နာအိုယာတိုမီတာသည် တောင်ကိုရီးယား မီဒီယာအဖွဲ့ပိုင် ကင်မရာတစ်လုံးကို ခိုးယူခဲ့သည်ဟူသော ရာဇဝတ်မှုဆိုင်ရာ စွပ်စွဲချက်နှင့် ရင်ဆိုင်ရနိုင်ကြောင်း အဖွဲ့တာဝန်ရှိသူများက စနေနေ့တွင် ကြေညာသည်။

ကြာသပတေးနေ့တွင် တိုမီတာသည် ၎င်း၏ တစ်ဖွဲ့တည်းသား ရေကူးသမားများ ယှဉ်ပြိုင်နေခြင်းကို ကြည့်ရှုပြီးနောက် ၎င်းအိတ်ထဲသို့ ကင်မရာ ထည့်လိုက်သည်ကို ထောက်လှမ်းရေးကင်မရာများက ရိုက်ကူးထားခဲ့ခြင်းဖြစ်သည်။ ၎င်းက ကင်မရာကို ယူခဲ့ကြောင်း ဝန်ခံသည်ဟု တာဝန်ရှိသူများက ပြောသည်။

တိုမီတာ၏ အပြုအမူသည် အခြေခံအကျဆုံးလိုက်နာရမည့် လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ အလွန်ဝမ်းနည်းပါကြောင်း ဂျပန်အားကစားအဖွဲ့ခေါင်းဆောင် တီဆူယိုရှိအေအိုကီက ပြောသည်။ **အေပီ။**

## ပြည်တွင်းရေးရာ

**✱ တပ်မတော်မှ**

Gyeongbokgung Palace နန်းတော်ရာသည် ကိုရီးယားဂျိုဆွန်မင်းဆက် စတင်ထူထောင်ပြီး သုံးနှစ်အကြာ ၁၃၉၅ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်၍ ကိုရီးယားမင်းအဆက်ဆက် နှစ်ပေါင်း ၅၀၀ ကျော်မျှ နန်းစိုက်ခဲ့သည့် သမိုင်းဝင်နန်းတော်ဟောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ ရောက်ရှိပြီး သံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်မြင့်ဟိန်းနှင့်ဇနီး၊ သင်တန်းသားအရာရှိများ၊ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များနှင့်တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား သံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Gyeongbokgung Palace နန်းတော်ရာအား လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (မြဝတီ)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံသို့ရောက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၈**

ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ကိုရီးယားတပ်မတော်ပူးတွဲစစ်ဦးစီးချုပ်များ ဥက္ကဋ္ဌ Admiral Choi Yoon-hee ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် စက်တင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ဂျပန်နိုင်ငံ တိုကျိုမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ General Affairs Department ၏ Director ဖြစ်သူ Major General Junichi ARAKI နှင့်ဇနီး၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်မောင်တင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးကြီး ထင်ကျော်သူနှင့်ဇနီးတို့က Narita အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီမိနစ် ၄၀ တွင် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ အင်ချွန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ကိုရီးယားတပ်မတော် Joint Chiefs of Staff Office မှ Major General Kim Yong-woon နှင့်ဇနီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးစိုးလွင်နှင့်ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ် မြင့်ဟိန်းနှင့်ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

**(မြဝတီ)**

# အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ (၁၅)ကြိမ်မြောက် အထွေထွေညီလာခံ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၈**

အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ (၁၅)ကြိမ်မြောက် အထွေထွေညီလာခံကို ယနေ့တွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ နံနက်ပိုင်းတွင် ယမန်နေ့ ညီလာခံ၌ ဖွဲ့စည်းခဲ့သည့် ဆုံးဖြတ်ချက်မူကြမ်းပြုစုရေးကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ် မှီခိုသူများရေးရာကော်မတီနှင့် စီးပွားရေးကော်မတီတို့သည် သီးခြားစီ အစည်းအဝေးများ ပြုလုပ်ကြသည်။

မွန်းလွဲပိုင်းတွင် အထွေထွေညီလာခံကို ဆက်လက်ကျင်းပပြီး ကော်မတီသုံးရပ်၏ အစည်းအဝေးများမှ ဆုံးဖြတ်ချက်နှင့် တင်ပြချက်များကို ဆုံးဖြတ်ဆွေးနွေးကြသည်။

အဆိုပါ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ (၁၅)ကြိမ်မြောက် အထွေထွေညီလာခံသို့ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ အာဆီယံနိုင်ငံများ စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ မလေးရှားနိုင်ငံမှ Adm(Ret) Tan Sri Dato' Setia Mohd Anwar Hj Mohd Nor၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံမှ Maj. Gen(Ret) Dato Paduka Seri Haji Shari Bin Ahmad၊ ကမ္ဘောဒီးယားနိုင်ငံမှ H.E. Mr.Keo Borentr၊ အင်ဒိုနီးရှားနိုင်ငံမှ Lt. Gen(Ret) Arie Sudewo၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ Brig.Gen (Ret) Somphone Keomixay၊ မလေးရှားနိုင်ငံမှ Captain (Ret) Sharuddin Bin Omar၊ ဖိလစ်ပိုင်နိုင်ငံမှ Colonel (Ret)Bonifacio G.De Gracia၊ စင်ကာပူနိုင်ငံမှ Brig Gen(Ret) Winston Toh Bee Chew၊ ထိုင်းနိုင်ငံမှ H.E.Mr. Akkara Pongkpanakrai၊ ဗီယက်နမ်နိုင်ငံမှ Sr.Lt. Gen (Ret)Nguyen Van Duoc နှင့် ကိုယ်စားလှယ်အဖွဲ့များနှင့် လေ့လာသူများ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၂၇ ရက် ညပိုင်းက နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညီလာခံသို့ တက်ရောက်မည့် အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။



**(မြဝတီ)**

အင်းလျားမြန်မာ Travels & Tours

December အတွက် ကြိုတင်စာရင်းပေးသွင်းခြင်းဖြင့် Special Discount များကို ရယူလိုက်ပါ။

စင်ကာပူ (3N/4D) Oct, Nov, Dec

ထိုင်း (5N/6D) Oct, Nov, Dec

ကိုရီးယား (7N/8D) Oct, Nov, Dec

ပြည်တွင်း၊ပြည်ပ လေယာဉ်လက်မှတ်များကို ဈေးနှုန်းချိုသာစွာဖြင့်အိမ်အရောက် ဝန်ဆောင်မှုပေးနေပါသည်။

အင်းလျားမြန်မာ Travels & Tours

အင်းလေး(ရွှေအင်းတိမ်)-စကားအင်း-တောင်ကြီး-ကလော-ပင်းတယ (Oct 07)

ပုဂံ-(စွယ်တော်လေးဆူ-ပြည့်ငါးပြည်)-ပုပ္ပါး-စလေ (ရုပ်စုံကျောင်းတော်ကြီး) (Oct 07)

အပတ်စဉ်သောကြာနေ့တိုင်း ကျိုက်ထီးရိုးအထူးခရီးစဉ် (October)

ဖိုးကျားသဘာဝအပန်းဖြေဆင်စခန်း (စနေ) (October)

ပြည် (ဘုရားစုံ) - သီရိဘဂ်လွန်တိုင်းပြည် (စနေ) (October)

အပတ်စဉ် ချောင်းသာ၊ ငွေဆောင် အပန်းဖြေကမ်းခြေခရီးစဉ်များ

No.(93/B), 2nd Floor, Baho Street, Bet Thantadar Street & Tayoutekyaung Street, Sanchaung Tsp, Yangon 01 - 518142, 01 - 505338 (Hotline - 09 - 422548616)

HIGHWAY STAR Travels & Tours Co.,Ltd

အတွေး သစ်၊ အမြင် သစ်တွေ ရရှိဖို့ Highway Star နှင့်ခရီးသွားစို့

✤သရေခေတ္တရာ၊ ပြည်၊ အကောက်တောင် Oct (3,7)

✤ကျိုက်ထီးရိုးနေ့ချင်းပြန် Oct (3,5,7)

✤သံတောင်ကြီး(အပန်းဖြေစခန်း)၊တောင်ငူ Oct (7,10)

✤မြင်းဦးလှိုင် (မီးပုံးပျံပွဲ)၊ မန္တလေး၊စစ်ကိုင်း Nov (5)

✤ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး Nov (5)

Dis; (၅) ဦးဝယ် (၁) ဦး လက်ဆောင် Limited

Scania VIP2+1 (ခရီးသွားအာမခံပါဝင်)

ခရီးစဉ်တိုင်းကို Yutong၊ ဂျာမနီ Man ကားသစ်ကြီး၊ Scania VIP တို့ကိုသာအသုံးပြုပါသည်။

အမှတ်(၃၃)၊ ဝ-ထပ်၊ မာလာမြိုင်(၆)လမ်း၊ လှိုင်မြို့နယ် facebook :https// www.facebook.com/ highwaystar.

09-253241300,09-250277537, 09-253235411, 09-253235422

Sayarama CLASSIC CLOTHING

ဝါကျွတ်ကာလအထူး Promotion အစီအစဉ်

No. 4, Waizayandar Road, 3 Quarter, South Okkalapa Tsp., Yangon, Myanmar.
Tel : (+959) 731 51138, 09 30168479
E-mail : sayaramaclothing@gmail.com

Sayarama CLASSIC CLOTHING

မှတ်ယူထားပေးချင်သော မိတ်ဆွေ Customer များအား ကျေးဇူးတုံ့ပြန်သောအနေဖြင့် အောက်တိုဘာလ (၇) ရက် နေ့မှ စတင်၍ ဆိုင်ဖွင့်ချိန် နံနက် (၉:၀၀) နာရီမှ ည (၉:၀၀) နာရီအတွင်း (Up to 30% Discount) ဈေးချိုပေးသွားမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါတယ်......

Sale of used construction equipment & material.

- Power Generator, 5 - 250Kva
- Dewatering Pump / Vibrator
- Vibrator - 05Nos,Various type of cable
- Welding Electrode & Filler wire, E8118G,E6010,E7018,SW-88P
- Lighting,HVAC material,Misc.Consumable & Spare parts
- Scaffolding material,Construction tools & tackles.
- Water Tanker-Truck
- Concrete Mixer / Bar bending/ Cutting M/c
- Air Compressor-6 Nos
- Backhoe Loader-Escort/Tractor
- Containers 20ft,40ft and Static Diesel Tank

Interested bidders can contact at below address within 10 days from the date of advertisement & collect list.

Bo Son Pat Tower,Building No.608,Pabdan Township,Yangon,Myanmar
Email: equipmentused2014@gmail.com

# ရွေးကောက်ပွဲနှင့် မီဒီယာများအခန်းကဏ္ဍ

အငြိမ်းစားပါမောက္ခတစ်ဦး

ရွေးကောက်ပွဲဟူသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရာတွင် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်ပါသည်။ ဤသို့ဖော်ဆောင်ရာတွင် မီဒီယာ၏ကဏ္ဍမှာ အရေးပါဆုံးအပိုင်းမှပါဝင်နေသည်ကို မည်သူမျှ မငြင်းနိုင်ပါ။

မီဒီယာသည် ရွေးကောက်ပွဲလုပ်ငန်းစဉ်စက်ဝန်းတွင် မဲစာရင်းပြုစုသည်မှအစ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်သည်အဆုံး ကဏ္ဍအားလုံးတွင် ပါဝင်ပတ်သက်နေပါသည်။ အရေးပါဆုံးမှာ ပြည်သူများအား အသိပညာပေးခြင်းဖြစ်ပါသည်။ ပြည်သူများကို ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရာတွင် မည်သို့သောသူကို ရွေးချယ်သင့်သည်၊ မည်ကဲ့သို့ မဲပေးရမည်၊ ဘာကြောင့် မဲဆန္ဒပေးသင့်သည် စသည့်အချက်များ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ကျယ်ပြန့်ထိရောက်စွာ အသိပညာပေးရန်ဖြစ်ပါသည်။

နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် ပါတီကိုစည်းရုံးရာတွင်လည်းကောင်း၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရာတွင်လည်းကောင်း၊ ပုံနှိပ်မီဒီယာ၊ တီဗွီ၊ ရေဒီယိုစသော ဖေ့စ်ဘွတ်ခ်၊ ဝက်ဘ်ဆိုက်အပါအဝင် ဆိုရှယ်မီဒီယာများကို အသုံးပြုကြမည်ဖြစ်ပါသည်။ ထို့ကြောင့် မီဒီယာသည် ပါတီနှင့် ပြည်သူများကြား ဆက်သွယ်ဆောင်ရွက်ပေးနိုင်သော အစွမ်းများရှိပါသည်။ ယခုအခါ မှတ်ပုံတင်ပြီးဖြစ်သော နိုင်ငံရေးပါတီပေါင်းမှာ ၆၇ ပါတီရှိပြီး မှတ်ပုံတင်ခွင့်ရရှိရေးဆောင်ရွက်ဆဲဖြစ်သော ပါတီများလည်း ရှိနေပါသည်။ ဤပါတီများကြားတွင်လည်း ရန်ပုံငွေတောင့်တင်းသော ပါတီများရှိသကဲ့သို့ ရန်ပုံငွေအင်အားနည်းသော ပါတီများလည်း ရှိပါသည်။ ထို့ကြောင့် မီဒီယာများ အထူးသဖြင့် ပုဂ္ဂလိကပိုင် မီဒီယာများအနေဖြင့် ပါတီကြီး၊ ငယ်မရွေး ညီမျှသော အခွင့်အရေးများ ပေးအပ်နိုင်ရန် စီမံဆောင်ရွက်သင့်ပါသည်။

အလားတူပင် ရွေးကောက်ပွဲကို စီမံခန့်ခွဲသော အဖွဲ့အစည်းများအနေဖြင့်လည်း ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်လျှောက် မဲစာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြည်သူများအား ဖြန့်ဝေသိရှိစေခြင်း၊ ရွေးကောက်ပွဲစနစ်များ၊ မဲဆန္ဒပေးသည့် နည်းစနစ်များ၊ မဲဆန္ဒပေးခြင်းဆိုင်ရာ သိသင့်သော အချက်အလက်များဖြန့်ဝေရာတွင် မီဒီယာကို အားကိုးရမည်ဖြစ်ပါသည်။ မီဒီယာ၏အစွမ်းဖြင့် မြို့ရွာတောပါ၊ တိုင်းရင်းသား လူမျိုးစုများပါမကျန် အသိပညာပေးနိုင်ရန် မီဒီယာ၏ အကူအညီ လိုအပ်မည်ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံ၌ မီဒီယာတိုးတက်မှုအရှိန်သည် မြင့်မားလာသည့်အလျောက် သတင်းအချက်အလက်များပေးပို့သည့် နည်းစနစ်များသည်လည်း ထိရောက်ဆန်းကြယ်မှုရှိလာသည်ကို လေ့လာသိရှိရပါသည်။ တယ်လီဖုန်းတွင်ပင် မဲပေးရမည့် မဲရုံ၊ မဲပေးရမည့်အချိန်အစရှိသည့် အချက်အလက်များကို မေးမြန်းနိုင်မည့် Mobile Technology စနစ်များပင် တိုးတက်နေသည်ဟု ကြားသိရပါသည်။ အသုံးပြုရန်အတွက် ငွေကြေးအင်အားသာ လိုအပ်ပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲစီမံခန့်ခွဲသော အဖွဲ့အစည်းများသည်လည်း မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်ကာ ပြည်သူပညာပေး လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ပါသည်။

ရွေးကောက်ပွဲတွင် အခြားအရေးကြီးသော မီဒီယာက စွမ်းဆောင်နိုင်သည့်ကဏ္ဍမှာ လေ့လာစောင့်ကြည့်ခြင်းပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် လွတ်လပ်မျှတမှု ရှိ မရှိ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများက ဥပဒေများကို လိုက်နာကာ မဲဆွယ်စည်းရုံးမှု ပြု မပြု၊ တရားမဲ့ ပြုကျင့်မှုများ ရှိ မရှိနှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်၏ ဆောင်ရွက်မှုများသည်လည်း တရားမျှတ၍ ပွင့်လင်းမြင်သာမှု ရှိ မရှိကို လေ့လာစောင့်ကြည့်ဖော်ပြရမည်ဖြစ်ပါသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်ပေါ်စေရန် မီဒီယာက ကူညီဆောင်ရွက်ပေးနိုင်သော်လည်း မှားယွင်းသော သတင်းရေးသားမှုများသည် ရွေးကောက်ပွဲလုပ်ငန်းစဉ် ပျက်စီးသွားနိုင်သည်အထိ အန္တရာယ်ရှိပါသည်။ ဤကဏ္ဍသည် မီဒီယာသမားများအတွက် အရေးကြီးဆုံး အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။

ရွေးကောက်ပွဲသတင်းများဖော်ပြရာတွင် သတင်း၊ စာနယ်ဇင်းသမားများ၏ သတင်းတိကျမှန်ကန်မှုသည်အရေးပါသည်ကို တွေ့ရပါသည်။ စာနယ်ဇင်းများ၏ သဘောသဘာဝမှာ ရရှိသောသတင်းများအပေါ် ပြည်သူများကို ဆွဲဆောင်မှုရှိစေရန် ရေးသားဖော်ထုတ်ပြတတ်သည့် အစွမ်းများရှိကြပါသည်။ သို့သော် ယင်းအစွမ်းများကို သတင်းအဓိပ္ပာယ်လွဲမှားမှု၊ ထင်ယောင်ထင်မှားဖြစ်စေမှုများတွင် အသုံးမပြုမိစေရန် စောင့်ထိန်းသင့်ပါသည်။ ရွေးကောက်ပွဲများကို ကောင်းမွန်အောင်မြင်စွာ ကျင်းပနိုင်ပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ဆက်လက်ရှေးရှုနိုင်မည်ဖြစ်ပြီး အကယ်၍ ချွတ်ချော်သွားပါက ပဋိပက္ခအသွင်ဆောင်လာနိုင်စရာအကြောင်းများ ရှိပါသည်။ ထို့ကြောင့် သတင်းမီဒီယာသမားများအနေဖြင့် တရားမျှတသော ရွေးကောက်ပွဲများကျင်းပနိုင်ရေးတွင် အရေးပါသောကဏ္ဍမှ ရပ်တည်နေသဖြင့် သတင်းတိကျမှန်ကန်မှု၊ သမာသမတ်ရှိမှု၊ စံနှုန်းမီအဆင့်အတန်းရှိသော ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ ပြည်သူများ၏ အားထားရမှုနှင့် ယုံကြည်ခံရမှုတို့ကို စောင့်ထိန်းထားရန် လိုအပ်ပါသည်။

စံနှုန်းမီကျွမ်းကျင်သော သတင်းသမားများဖြစ်စေရန်လည်း စည်းမျဉ်း၊ စည်းကမ်းကျင့်ဝတ်များက ဖြည့်ဆည်းပေးနိုင်ပါသည်။ ကမ္ဘာပေါ်ရှိ သတင်း၊ စာနယ်ဇင်းများသည်လည်း ပြည်သူများ၏ယုံကြည်မှုရရှိရေးအတွက် စံနှုန်းစည်းမျဉ်းများ သတ်မှတ်ထားကြသည်ကို တွေ့ရပါသည်။ ကမ္ဘာ့နိုင်ငံများရှိ စာနယ်ဇင်းမီဒီယာအဖွဲ့အစည်းပေါင်း ၁၅၀ ကျော်သည် စံနှုန်းမီသတင်းသမားကောင်းများဖြစ်စေရန် ကျင့်ဝတ်များရေးဆွဲထုတ်ပြန်ထားသည်ဟုလည်း လေ့လာသိရှိရပါသည်။ ယင်းကျင့်ဝတ်များ၏ အခြေခံစည်းမျဉ်းများမှာ ယေဘုယျအားဖြင့်တူညီကြပြီး သတင်းဖော်ပြရာတွင် **မျှတမှု၊ ဘက်မလိုက်မှု၊ အားထားရမှုနှင့် ယုံကြည်ရမှုများအပေါ်တွင် အခြေခံထားသည်ကို** တွေ့ရှိရပါသည်။ တစ်ဦးတစ်ယောက်၏ဂုဏ်သိက္ခာနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များကို လေးစားခြင်း၊ နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်လုံခြုံရေးများကိုလည်း အလေးထားလေးစားရန် အချက်များသည်လည်း စံနှုန်းမီ ကျွမ်းကျင်သတင်းပညာရှင်များ လိုက်နာရမည့်အချက်များဟု ယေဘုယျလက်ခံထားကြပါသည်။ မှန်ကန်သောသတင်းများဖော်ပြသကဲ့သို့ မှန်ကန်သောသတင်းများရယူရေးသည်လည်း အရေးကြီးသောအချက်ဖြစ်ပါသည်။

> **သတင်းမီဒီယာသမားများအနေဖြင့် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးတွင် အရေးပါသောကဏ္ဍမှ ရပ်တည်နေသဖြင့် သတင်းတိကျမှန်ကန်မှု၊ သမာသမတ်ရှိမှု၊ စံနှုန်းမီအဆင့်အတန်းရှိသော ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု၊ ပြည်သူများ၏ အားထားရမှုနှင့် ယုံကြည်ခံရမှုတို့ကို စောင့်ထိန်းထားရန် လိုအပ်ပါသည်။**

အထူးသဖြင့် ရွေးကောက်ပွဲသတင်းများဖော်ပြရာတွင် သတင်းမီဒီယာများအနေဖြင့် မိမိလုပ်ငန်းကျွမ်းကျင်မှုကိုလည်း သေချာအောင် ဆောင်ရွက်ထားသင့်ပါသည်။ မိမိဖော်ပြသမျှသတင်းအချက်အလက်များသည် မှန်ကန်မှု ရှိရပါမည်။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ သတင်းအချက်အလက်များ၊ ပြောကြားသောစကားများ၊ စည်းရုံးဟောပြောချက်များကိုလည်း မှန်ကန်စွာ ဂရုစိုက်ဖော်ပြရန် လိုအပ်ပါသည်။ ၎င်းတို့ဆိုလိုသော အဓိပ္ပာယ်ကိုလည်း မှန်ကန်စွာဖော်ပြနိုင်ရမည်ဖြစ်ပြီး ပြောကြားချက် တစ်စိတ်တစ်ပိုင်းကိုသာ ထုတ်ဖော်ကာ ပုံကြီးချဲ့ဖော်ပြခြင်းများကိုလည်း ရှောင်ကြဉ်ရပါမည်။ သတင်းသမားများအနေဖြင့် သတင်းလှည့်ပတ်နိုင်သည့်အစွမ်းကို အလွဲသုံး၍ တစ်ဦးတစ်ယောက်အား ဒုက္ခရောက်စေရန် ပုဂ္ဂိုလ်ရေးလက်နက်သဖွယ် အသုံးမပြုသင့်ပါ။

အထူးသဖြင့် ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ အကြိတ်အနယ်ယှဉ်ပြိုင်ရသည့် အခြေအနေမျိုးတွင် သတင်းမှားများထုတ်ပြန်မိပါက ဆူပူမှုများမှအစ ရွေးကောက်ပွဲပျက်ပြားသည့်အဆုံး ဖြစ်ပေါ်စေရန် လှုံ့ဆော်ပေးသကဲ့သို့ ဖြစ်နိုင်ပါသည်။ ဤအချက်သည် ရွေးကောက်ပွဲအချိန်တွင် မခန့်မှန်းနိုင်သော အန္တရာယ်တစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် သတင်း၊ စာနယ်ဇင်းနှင့် မီဒီယာသမားများသည် ရွေးကောက်ပွဲများတွင် ကောင်းကျိုးများစွမ်းဆောင်ပေးနိုင်သကဲ့သို့ စိန်ခေါ်မှုများနှင့် မမြင်စွမ်းနိုင်သည့် ဆိုးကျိုးများကိုလည်း ပေါ်ပေါက်စေနိုင်သဖြင့် အထူးဂရုထားဆောင်ရွက်ရမည့် အရေးပါသည့်ကဏ္ဍတွင် ရပ်တည်လျက်ရှိပါသည်။

သတင်း၊ စာနယ်ဇင်းနှင့် မီဒီယာများအနေဖြင့် အခြားသတိပြုရမည့်အချက်မှာ တာဝန်ယူမှုနှင့် တာဝန်ခံမှုဖြစ်သည်။ နိုင်ငံတကာသတင်းမီဒီယာကျင့်ဝတ်များတွင် သတင်း၊ မီဒီယာသမားများအနေဖြင့် လွတ်လပ်စွာ သတင်းရယူခွင့်၊ ရေးသားဖော်ထုတ်ခွင့်ရှိရမည်ဖြစ်သကဲ့သို့ မိမိရေးသော သတင်းပေါ်တွင်လည်း တာဝန်ယူမှုရှိရမည်ဟု ဆိုကြပါသည်။ မျက်မှောက်ခေတ်မြန်မာသတင်းမီဒီယာလောကတွင်မူ တာဝန်ခံမှုနှင့် တာဝန်ယူမှုအပိုင်းတွင် အားနည်းနေသည်ကို တွေ့ရသည်။ အချို့သတင်းများတွင် မူရင်းသတင်း၏ တစ်စိတ်တစ်ပိုင်းကို လိုရာဆွဲ၍ အဓိပ္ပာယ်လွဲမှားစွာ အကျိုးသက်ရောက်စေနိုင်သည့် ဖော်ပြချက်များ၊ စာဖတ်ပရိသတ်များ စိတ်ဝင်စားစေရန် မူရင်းသတင်းနှင့် လိုက်လျောညီထွေမရှိသည့်အချက်များကို လှည့်ပတ်ဖော်ပြမှုများ၊ မမှန်ကန်သော အစွဲအလမ်းဖြင့် တစ်ဦးတစ်ယောက်၏အားနည်းချက်များကိုသာ မီးမောင်းထိုး၍ အားသာချက်များကို ထိမ်ချန်ထားသော မျှတမှုမရှိသည့် သတင်းများကိုလည်း တွေ့ရှိနေရပါသည်။ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လေ့လာသိရှိခြင်းမရှိဘဲ အပြုသဘောမဆောင်သည့် သုံးသပ်ချက်ဖော်ပြခြင်းများသည် ရွေးကောက်ပွဲအတွက် အန္တရာယ်ဖြစ်စေနိုင်ပါသည်။

နိုင်ငံတကာကျင့်ဝတ်များအရ သတင်းနှင့် ကိုယ်ပိုင်အမြင် အာဘော်များကို ခွဲခြားစွာဖော်ပြနိုင်ရမည်ဖြစ်ကြောင်း၊ သတင်းအမှားများ ထုတ်ပြန်မိပါကလည်း အမှန်ပြင်ဖော်ပြပေးရန်မှာ သတင်းမီဒီယာသမားများ၏ တာဝန်ပင်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း လေ့လာရပါသည်။ သတင်းလွတ်လပ်ခွင့်ရရှိရေးသည် သတင်းသမားများ၏ရပိုင်ခွင့်ဖြစ်သကဲ့သို့ သတင်းလုပ်ငန်းအပေါ် သစ္စာရှိမှု၊ လေးစားလိုက်နာမှုများမှာလည်း မလွဲမသွေစောင့်ထိန်းရမည့် ကျင့်ဝတ်များဖြစ်ပါသည်။ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ အကျိုးစီးပွားစွဲကင်းစွာ သတင်းရယူဖော်ပြရန် လိုအပ်သကဲ့သို့ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ ပါတီတစ်ခုကို အဆိုး၊ အကောင်း ဝေဖန်ပြောဆိုခွင့်ရှိသော်လည်း ပုတ်ခတ်ပြစ်တင်ခြင်း၊ အမုန်းတရားပွားစေခြင်းများသည် ကျင့်ဝတ်နှင့်မညီပါ။

မှန်ကန်သောသတင်းများထွက်ပေါ်လာရေးတွင် စာတည်းများ၏ကဏ္ဍမှာလည်း အရေးကြီးပါသည်။ စာတည်းမှူးချုပ်သည် သက်ဆိုင်ရာစာနယ်ဇင်း၏ ဂုဏ်သိက္ခာအတွက် တာဝန်အရှိဆုံးဖြစ်သကဲ့သို့ စာတည်းမှူးများသည်လည်း မိမိတာဝန်ယူရသော သက်ဆိုင်ရာကဏ္ဍများအလိုက် သတင်းထောက်များ၏ လွတ်လပ်စွာ သတင်းရယူခွင့်၊ ရေးသားဖော်ထုတ်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပါသည်။ သတင်းထောက်များ၏ ကျင့်ဝတ်ဆိုင်ရာ လိုက်နာမှုများနှင့် ရေးသားသောသတင်းများ မှန်ကန်မှုကို စောင့်ကြည့်ရန်လည်းကောင်း၊ ၎င်းတို့၏ အရည်အသွေးတိုးတက်စေရန် လည်းကောင်း၊ ဆောင်ရွက်ပေးရန်လည်း တာဝန်ရှိပါသည်။ သတင်းတိကျမှန်ကန်မှု၊ မျှတမှုများရှိစေရန်အတွက် စာတည်းမှူးများတွင်လည်း တာဝန်မကင်းပါ။

အခြားအလေးထားသင့်သောအချက်မှာ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲပြီးကာလတွင် ဖြစ်နိုင်ခြေရှိသော သတင်းသမားများ၏ ရွေးကောက်ပွဲရလဒ်များကို မှားယွင်းစွာဖော်ပြမှုပင်ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက တရားဝင်ထုတ်ပြန်ခြင်းမပြုမီ စုဆောင်းရရှိသမျှ ပြည့်စုံမှုမရှိသော စာရင်းအပေါ်အခြေခံ၍ သတင်းဦးစေရန် ရေးသားထုတ်ပြန်ခြင်းပင်ဖြစ်သည်။ ယင်းသို့သော အမှားမျိုးသည် ဒီမိုကရေစီရင့်ကျက်နေသော နိုင်ငံကြီးများ၏ သတင်းမီဒီယာလောကတွင်ပင် ပေါ်ပေါက်တတ်သည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင်မူ ဤသို့အမှားမျိုးပေါ်ပေါက်ပါက မည်မျှဆိုးရွားသော အကျိုးဆက်များဖြစ်ပေါ်နိုင်မည်ကို စာဖတ်သူများခန့်မှန်းမိမည်ဟု ယူဆပါသည်။ ထို့ကြောင့် သတင်းမီဒီယာသမားများသည် မိမိရရှိသည့် သတင်းများ မှန်ကန်မှု ရှိ မရှိကိုလည်း သေချာအောင် ဆောင်ရွက်သင့်ပါသည်။ ရွေးကောက်ပွဲများသည် ထိလွယ်ရှလွယ်ဖြစ်သဖြင့် အလေးထားဆောင်ရွက်သင့်သည့်အရာပင်ဖြစ်ပါသည်။

သတင်းနှင့် မီဒီယာသမားများသည် ရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲဖြစ်စဉ်များကို သတင်းရယူအကဲဖြတ်ကြရာတွင် အရေးပါဆုံးအချက်မှာ ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကို သိရှိနားလည်ထားရန်လိုအပ်မှုဖြစ်ပါသည်။ ဥပဒေ၊ နည်းဥပဒေများကို နားလည်ထားမှသာ ရွေးကောက်ပွဲဖြစ်စဉ်တွင် အမှားအမှန်ကိုခွဲခြားနိုင်ပြီး ပြည်သူများအား သတင်းမှန်ပေးနိုင်မည်ဖြစ်ပါသည်။ ရွေးကောက်ပွဲသတင်းများရေးသားရာတွင် ဘက်မလိုက်မှုသည် အရေးပါဆုံးဖြစ်ပါသည်။ သမာသမတ်ရှိစေရန်အတွက် သတင်းများသည် မျှတရပါမည်။ သတင်းမျှတရေးအတွက် နှစ်ဖက်သတင်းများကို တူညီသောအခွင့်အရေးဖြင့် ဖော်ပြပေးရန်ဖြစ်ပါသည်။ အကယ်၍ ပုဂ္ဂိုလ်တစ်ဦး၊ ပါတီတစ်ခု၊ အဖွဲ့အစည်းတစ်ခုအား စွပ်စွဲပြစ်တင်မှုများကို သတင်းတွင်ဖော်ပြပါက သက်ဆိုင်ရာကာယကံရှင်များ၏ မျှတသောသတင်းများကိုလည်း ပြန်လည်ဖော်ပြပေးရန် လိုအပ်ပါသည်။ ပြန်လည်ဖြေရှင်းခွင့်ပေး၍ ဖြေရှင်းချက်များကိုလည်း မှန်ကန်စွာပြန်လည်ဖော်ပြပေးရန် လိုအပ်ပါသည်။ သို့မှသာ သတင်းမျှတမှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လွတ်လပ်စွာသတင်းရယူရေးသားခွင့်သည် သတင်းမီဒီယာများ၏ ရပိုင်ခွင့်ဖြစ်သကဲ့သို့ တာဝန်ယူမှု၊ တာဝန်ခံမှုသည်လည်း ရှောင်လွှဲ၍မရနိုင်သော သတင်းမီဒီယာများ၏ တာဝန်သာဖြစ်ပါသည်။

စာရေးသူလေ့လာမိသမျှ မြန်မာနိုင်ငံတွင် သတင်း၊ စာနယ်ဇင်းကျင့်ဝတ်များထုတ်ပြန်ထားသည်ကို တွေ့ရပါသည်။ တစ်ခုမှာ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)မှ ထုတ်ပြန်ထားသော သတင်းမီဒီယာကျင့်ဝတ်စာအုပ်နှင့် အခြားတစ်ခုမှာ အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ထားသော စာနယ်ဇင်းကျင့်ဝတ်၊ အများပြည်သူဝန်ဆောင်မှုသတင်းစာဆရာများ၏ လုပ်ငန်းဆောင်ရွက်ပုံ စည်းမျဉ်းများ၊ သတင်းစာတိုက်၏ အခြေခံမူများပါဝင်သည့် စာအုပ်တို့ဖြစ်ပါသည်။ ယင်းကျင့်ဝတ်စာအုပ်နှစ်အုပ်တွင် ရွေးကောက်ပွဲနှင့်ပတ်သက်သော သတင်းမီဒီယာများ လိုက်နာရမည့် ကျင့်ဝတ်များရှိနေသည်ကို တွေ့ရပါသည်။ သို့သော် ယင်းကျင့်ဝတ်များသည် သတင်းမီဒီယာသမားများ မည်မျှလက်လှမ်းမီသည်၊ ယင်းကျင့်ဝတ်များကိုအများပြည်သူသိရှိရန် မည်မျှဖြန့်ဝေနိုင်သည်၊ သိရှိသူများကလည်း မည်မျှလိုက်နာသည်၊ လိုက်နာကြရန်လည်း မည်သို့ဆောင်ရွက်ရမည်ဆိုသည့် အချက်များသည် အရေးအကြီးဆုံးဖြစ်ပါသည်။ ယင်းအချက်များကို ဖြည့်ဆည်းနိုင်ပါက သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ ယင်းကျင့်ဝတ်များ လိုက်နာရန်လိုအပ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် ပြည်သူ့နီတိများကိုလည်း မေ့မထားသင့်ပါ။ သတင်းရယူရေးသားရာတွင် တစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကိုလည်း လေးစားလိုက်နာရန် သတိရှိဖို့လိုပါသည်။ သတင်းမီဒီယာသမားများသည် ကျင့်ဝတ်လိုက်နာပြီး စံနှုန်းမီသတင်းသမားဖြစ်ပါက အားထားယုံကြည်မှု ခံယူရရှိနိုင်မည်ဖြစ်ပြီး အစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ သတင်းရယူရာတွင်လည်း လွယ်ကူချောမွေ့မည်ဖြစ်ပါသည်။

သတင်းမီဒီယာများဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံတွင် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါသည်။ မကြာမီက ကျင်းပခဲ့သော တတိယအကြိမ်မြောက် သတင်းမီဒီယာတိုးတက်ရေးကွန်ဖရင့်သို့ တက်ရောက်ခွင့်ကြုံခဲ့ပါသည်။ ယင်းကွန်ဖရင့်တွင် ပြည်တွင်း ပြည်ပ သတင်းပညာရှင်များက သတင်းမီဒီယာများ တိုးတက်ရေးကဏ္ဍစုံအတွက် ယင်းတို့၏ အတွေ့အကြုံများအပေါ် အခြေခံကာ ဆွေးနွေးခဲ့ကြပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်တိုင် တက်ရောက်ဆွေးနွေးအကြံပြုသည်များကိုလည်း ကြားသိခဲ့ရပါသည်။ နိုင်ငံတကာသတင်းမီဒီယာကျင့်စဉ်များ၊ အတွေ့အကြုံများကိုလည်း တစေ့တစောင်းလေ့လာခွင့်ရရှိခဲ့ပါသည်။ လွတ်လပ်စွာရေးသားထုတ်ဝေခွင့်သည် ဒီမိုကရေစီလုပ်ငန်းတွင် အရေးကြီးသကဲ့သို့ တာဝန်ယူမှုအပိုင်းသည်လည်း အရေးကြီးကြောင်း အပါအဝင် ပြုပြင်ဆောင်ရွက်သင့်သည်များကို အလေးပေးဆွေးနွေးကြရာ မြန်မာသတင်းမီဒီယာလောကအတွက် အရေးကြီးသော သတင်းအချက်အလက်များပေးနိုင်သည့် ကွန်ဖရင့်တစ်ရပ်ဖြစ်သည်ဟု ခံယူမိပါသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ◆

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းပါဝင်ဆောင်ရွက်ကြ

## ၁၅-၉-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ကရင်ပြည်သူ့ပါတီက တင်ပြသည့်စာတမ်း

ဒီမိုကရေစီ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ပြည်သူလူထုသာလျှင် နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ရှင်များ ဖြစ်သည်။ နိုင်ငံတော်အချုပ်အခြာအာဏာကို ပိုင်ဆိုင်ခြင်းဟုဆိုရာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ရေသောက်မြစ်သုံးသွယ်ဖြစ်သော ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ပြည်သူလူထုက မိမိဆန္ဒအတိုင်းလွတ်လပ်စွာ ကျင့်သုံးပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်အာဏာများရရှိခြင်းကို ဆိုလိုသည်။ အုပ်ချုပ်ခြင်းသာမက နိုင်ငံရေးအာဏာတစ်ရပ်လုံးကို လူထုလက်ဝယ်ပိုင်ဆိုင်ထားသောကြောင့် ဒီမိုကရေစီစနစ်ကို လူထုထံတွင် အာဏာရှိသောစနစ် (People's Power) ဟုလည်း တချို့က အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ဒီမိုကရေစီစနစ်သည် အမြင်မတူသော ဆန့်ကျင်ဘက်အင်အားစုနှစ်ခုအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းအတွက် စွမ်းဆောင်နိုင်၏။ တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်သည် "မတည့်အတူနေဝါဒ(ဝါ) မတူအတူနေဝါဒ" ဟုဆိုနိုင်ပေသည်။

ဒီမိုကရေစီကျင့်စဉ်တရားကြောင့် လူ့ဘောင်အဖွဲ့အစည်းတွင် လွတ်လပ်မှု ပွင့်လန်းရှင်သန်ပြီး လွတ်လပ်မှုကြောင့် လူသားတစ်ဦးချင်းစီ၏ အသိဉာဏ်ပွင့်လန်းရှင်သန်မှုအတွက် အခြေခံအကျဆုံး"သော့ချက်"ဖြစ်သည်။ လူ့သမိုင်းတိုးတက်မှုအတွက် အထက်မြက်ဆုံးစွမ်းအားတစ်ရပ်လည်းဖြစ်သည်။

ဒီမိုကရေစီစနစ်ကို မိမိတို့လိုလားနှစ်သက်ရခြင်းမှာ မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာဖန်တီးနိုင်ရေးအတွက်သော်လည်းကောင်း၊ မိမိလူမျိုး၏ ကံကြမ္မာကို မိမိတို့ကိုယ်တိုင် လွတ်လပ်စွာပြဋ္ဌာန်းပိုင်ခွင့်ရရှိရေးအတွက်လည်းကောင်း၊ မိမိတို့အရေးနှင့်ပတ်သက်သည့် အရေးကြီးသောဆုံးဖြတ်ချက်တိုင်းတွင် မိမိတို့ကိုယ်တိုင် ပါဝင်ဆွေးနွေးခွင့်နှင့် ဆုံးဖြတ်ပိုင်ခွင့်ရရှိရန်အတွက်သော်လည်းကောင်း၊ မိမိဘဝကို မိမိကိုယ်တိုင် လွတ်လပ်စွာတာဝန်ယူခွင့်၊ တာဝန်ခံခွင့်နှင့် စီရင်ဆုံးဖြတ်ပိုင်ခွင့် အပြည့်အဝရရှိရေးအတွက်လည်းကောင်း စွမ်းဆောင်နိုင်သောကြောင့်ဖြစ်သည်။

ဒီမိုကရေစီသည် မတူညီသောအမြင်၊ ဝါဒ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုများ၊ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေးအတွက် "သည်းခံခြင်းတရား"ဖြင့် တည်ဆောက်မှသာ ဒီမိုကရေစီစနစ်အောင်မြင်နိုင်ပေမည်။ ထို့ကြောင့် ဒီမိုကရေစီစနစ်၏ အဓိကမောင်းနှင်အားတစ်ခုသည် "သည်းခံခြင်းတရား"ဖြစ်သည်။

အကယ်စင်စစ် "ဒီမိုကရေစီကျင့်စဉ်" ဆိုသည်မှာ လူတစ်ဦးချင်းစီ၏ ဆန္ဒနှင့် အခွင့်အရေးကို အပြန်အလှန် အသိအမှတ်ပြုပြီး လူ့အဖွဲ့အစည်းအတွင်း၌ မတူညီမှု၊ ကွဲပြားမှုများကို လက်ခံသဘောပေါက်ပြီး ငြိမ်းချမ်းသောနည်းဖြင့် အချင်းချင်းအပြန်အလှန်တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာသည့် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၏ ကျင့်စဉ်တစ်ရပ်ဖြစ်ပါသည်။ အကြမ်းဖက်နည်းကို ရှောင်ပြီး လက်နက်ကိုင်ပဋိပက္ခလုံးဝကင်းစင်သော လူ့ဘောင်လောကကို အများပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပြည်သူ့အာဏာလွှမ်းမိုးသော၊ ပြည်သူကိုဗဟိုပြုသည့် အစိုးရတစ်ရပ်ကို ထူထောင်ရပါမည်။

လူငယ်တို့မည်သည် မည်သည့်ခေတ်တွင်မဆို လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖြစ်ထွန်းတိုးတက်မှုတိုင်းအတွက် အနာဂတ်မျိုးဆက်သစ်များဖြစ်သကဲ့သို့ ခေတ်တစ်ခေတ်တွင်ရှိကြသော လူငယ်များ၏ တွေးခေါ်ပုံ၊ ကျင့်ကြံကြိုးစားအားထုတ်ပုံ အဆင့်အတန်းမြင့်မားလေလေ ထိုလူ့အဖွဲ့အစည်း၏အနာဂတ်ပိုမိုတိုးတက်ကောင်းမွန် တည်တံ့ခိုင်မြဲလေဆိုသည်မှာ သံသယရှိစရာမလိုပေ။

ထို့ကြောင့် ကမ္ဘာပေါ်တွင် ထိပ်တန်းရောက်အောင်တိုးတက်နေသည့် နိုင်ငံများတွင်ရှိကြသော လူငယ်များသည် မိမိကိုယ်မိမိ အချိန်နှင့်တစ်ပြေးညီ ပြုစုပျိုးထောင်နေခြင်းဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို အမြဲတမ်း တွန်းအားပေးမြှင့်တင်နေကြသည်ကို တွေ့နေရပါသည်။ ထိုကဲ့သို့ အခွင့်အလမ်းများအား လူကြီးများက လူငယ်များကို အပြည့်အဝလမ်းဖွင့်ပေးထားသည်ကိုလည်း လေ့လာတွေ့ရှိကြရမည်ဖြစ်ပါသည်။

ယခုအချိန်သည် မြန်မာနိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် စတင်တည်ထောင်ရာမှာ ယခင်ကချုပ်ကိုင်မှုများကို ဦးစွာပထမ ဖြေလျှော့သည့်အဆင့်မှ စတင်ဆောင်ရွက်လျက်ရှိရာ "အစကောင်းမှ အနှောင်းသေချာမည်"ဆိုသည့် ဆိုရိုးစကားအတိုင်း လူမျိုးစွဲ၊ ဘာသာစွဲများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အဖျက်အန္တရာယ်ကို သတိကြီးစွာထားရပါမည်။ အလွန်အရေးကြီးသောအချိန်အခါဟုဆိုရပါမည်။ လူကြီးလူငယ်ပါမကျန် တွေ့ကြုံလာရမည့် အခက်အခဲ အကျပ်အတည်းများကို ကျော်လွှားနိုင်ရန်အတွက် လူတစ်ဦးချင်းစီတွင် တာဝန်ကျေသူများ၊ မိမိတို့ကို မိမိတို့ကိုယ်တိုင် တာဝန်ယူသူများဖြစ်နေကြရပါမည်။

ဒီမိုကရေစီစနစ်ကို ပြုစုပျိုးထောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၊ လူကြီးလူငယ်များပါမကျန် အားလုံးစည်းလုံးညီညွတ်စွာဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရပါမည်။

လက်ရှိတိုင်းပြည်၏ ရှေ့တန်းမျက်နှာစာတွင် တာဝန်ရှိနေကြသော နိုင်ငံတော်အစိုးရအပါအဝင် နိုင်ငံရေးအင်အားစုများအားလုံး မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်နေသော အချိန်အခါဖြစ်ပါသည်။ ရှေ့ဆက်ရမည့်ခရီးသည် နောင်အနာဂတ်လူငယ်များ လက်ဆင့်ကမ်း၍ ဆုံးခန်းတိုင်အောင် ဆက်လက်တာဝန်ယူဆောင်ရွက်ကြရပါလိမ့်မည်။ ဆိုင်ရာဆိုင်ရာလုပ်ငန်းတိုင်းအတွက် အောင်မြင်သည်အထိ ဆောင်ရွက်ရန် အချိန်အတိုင်းအတာတစ်ရပ် အမှန်တကယ်လိုအပ်မည်ဖြစ်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံးက လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံကို ထူထောင်ရန်မှာ ယနေ့လူငယ်များအတွက် ရှောင်လွှဲ၍မရသော သမိုင်းပေးတာဝန်ကြီးတစ်ရပ်ဖြစ်လာပါသည်။ ထို့ကြောင့် လူငယ်များအားလုံးအတွက် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် (၁) ဦးစွာပထမ စိတ်ရင်းစေတနာအမှန်ဖြင့် ဒီမိုကရေစီစနစ်အပေါ်တွင် ခိုင်မာစွာ ယုံကြည်မှုအပြည့်အဝရှိရပါမည်။ (၂) မိမိကျရာအခန်းကဏ္ဍတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများအား မဆုတ်မနစ်သော ဇွဲလုံ့လနှင့် မဖြစ်မနေကြိုးပမ်းအားထုတ်ရမည်။ (၃) တွေ့ကြုံလာမည့်အနှောင့်အယှက်အခက်အခဲမှန်သမျှကို ဉာဏ်အမြော်အမြင်ကြီးစွာဖြင့် စိတ်ရှည်သည်းခံပြီး ဝေဖန်သုံးသပ်ဆုံးဖြတ်နိုင်ရမည်။ (၄) အထက်ပါလုပ်ငန်းများအားလုံးကို ဘဝတူတိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရပါမည်။

တစ်ချိန်တည်းတွင် လူငယ်များသည် မိမိကိုယ်ကိုမိမိ ယခုအချိန်မှစ၍ ကျရာကဏ္ဍတွင် ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်ပြုစုပျိုးထောင်ရန် လိုအပ်ပါမည်။ တစ်ချိန်က မိမိတို့ရှေ့ကဆောင်ရွက်ခဲ့သော လူကြီးများ၏ လုပ်ငန်းဆောင်တာများတွင် မကျေနပ်သူများ၊ ဘဝင်မကျသူများ ခေတ်အဆက်ဆက် အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့သည့်အတွက် တွေ့ကြုံခဲ့ရသည့် အားနည်းချက်များကိုလည်း မိမိတို့လက်ထက်သို့ရောက်လာသည့်အခါ မည်ကဲ့သို့ ပြန်လည်ပြုပြင်ဖြည့်ဆည်းရမည့်နည်းလမ်းကောင်းများကိုလည်း ရှာဖွေထားနိုင်ရပါမည်။ အချင်းချင်း တစ်ဦးနှင့်တစ်ဦး နားလည်မှုများ၊ လွဲမှားမှုများရှိခဲ့ပါလျှင်လည်း မိမိတို့လက်ထက်တွင် ပွင့်လင်းမြင်သာစွာဖြင့် ချပြဆွေးနွေးပြီး ကျေလည်မှုရှိရန် ဆက်လက်၍ ဆောင်ရွက်နိုင်ရပါမည်။ မိမိတို့ကိုယ်မိမိတို့ မြန်မာပြည်၏ တာဝန်ကျေပွန်သော သားကောင်းရတနာ၊ သမီးကောင်းရတနာများအဖြစ် သက်သေပြနိုင်ရန်အတွက် (Prove yourself a good citizen of Myanmar)ဟု မိမိတို့ကိုယ်မိမိတို့ ပြုစုပျိုးထောင်ခြင်းဖြင့် မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယကို အရင်းတည်၍ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။



## သန်လျင်၌ ကွန်ကရစ်တံတားတည်ဆောက်

**ရန်ကုန် စက်တင်ဘာ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုလုပ်ငန်းဖြစ်သော ဖားကူးအရှေ့၊ ဖားကူးအနောက်နှင့် ဝင်းခနီးကျေးရွာများ၏ ကျေးလက်မီးလင်းရေးလုပ်ငန်းကို သတိုးအောင်ဇေယျကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဆိုပါကျေးရွာများသို့ ဆိုလာပြားများ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။ အလားတူ သန်လျင်မြို့နယ် ကျောင်းကုန်းဆိတ်ကြီးကျေးရွာတွင် ကွန်ကရစ်တံတား (ပေ ၃၀×၁၄ပေ) တည်ဆောက်ခြင်းလုပ်ငန်းကို APAZ Co.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(သန်းဝင်း-သန်လျင်)**

လူသားအားလုံးရဲ့ အန္တရာယ်
မူးယစ်ဆေးဝါးကို ရှောင်ဖယ်

## စီးပွားရေးအတိုင်ပင်ခံ ကုမ္ပဏီများ မြန်မာနိုင်ငံတွင် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါ

**ရန်ကုန် စက်တင်ဘာ ၂၈**

စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ ဆုံးရှုံးမှုမရှိစေရန်နှင့် လုပ်ငန်းများ အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် စီးပွားရေးအတိုင်ပင်ခံကုမ္ပဏီများသည် မြန်မာနိုင်ငံတွင် ကဏ္ဍတစ်ရပ်အနေဖြင့် အရေးပါလျက်ရှိလာသည်ဟု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောသည်။

ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ၌ စက်တင်ဘာ ၂၅ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ညီလာခံ(၂၀၁၄)တွင် UMFCCI ဥက္ကဋ္ဌ ဦးဝင်းအောင်က သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် ယင်းသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

စီးပွားရေးအကြံပေး ကုမ္ပဏီများ မြန်မာနိုင်ငံစီးပွားရေး လောကအတွင်း ပေါ်ထွက်လာမှုအပေါ် "တိုင်းပြည်တစ်ပြည်ရဲ့ဖွံ့ဖြိုးတိုးတက်မှုကို လုပ်တော့မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှုနဲ့နည်းပညာအသုံးပြုနိုင်မှုတွေက အဓိကကျပါတယ်၊ အခုလိုပြည်ပနိုင်ငံအခြေစိုက် အတိုင်ပင်ခံကုမ္ပဏီတွေ ပါဝင်လာပြီဆိုတော့ အဲဒီကုမ္ပဏီတွေရဲ့မှန်ကန်တဲ့ အကြံပေးနိုင်မှုတွေ အပေါ်မှာ မူတည်ပြီး နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းတွေ အောင်အောင်မြင်မြင်လုပ်မယ်၊ နိုင်ငံတကာက လာတဲ့ ပြည်ပကုမ္ပဏီတွေကိုတင် မဟုတ်ဘဲ ပြည်တွင်းမှာရှိတဲ့ ကုမ္ပဏီတွေကလည်း အတိုင်ပင်ခံကုမ္ပဏီတွေရဲ့တန်ဖိုးကို သိရှိနားလည်ပြီးတော့မှ တိုင်ပင်မယ်၊ အကြံဉာဏ်ရယူမယ် ဆိုတာမျိုးဆောင်ရွက်သင့်ပါတယ်" ဟု ဦးဝင်းအောင်က ပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း၌ ပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ငွေကျပ်သန်းပေါင်း ၁၇ သိန်းကျော် ရင်းနှီးမြှုပ်နှံခဲ့ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာသန်းပေါင်း လေးထောင့်တစ်ရာကျော်ရှိခဲ့သည်။

မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများ၏ ရာခိုင်နှုန်း ၉၀ ကျော်သည် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များဖြစ်ကြပြီး ကုန်ထုတ်လုပ်မှု၊ ဆောက်လုပ်ရေး၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍများတွင် အများဆုံးရင်းနှီးမြှုပ်နှံကြသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် စွမ်းအင်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ ကုန်ထုတ်လုပ်မှု၊ သတ္တုတူးဖော်ရေးကဏ္ဍများတွင် အများဆုံးရင်းနှီးမြှုပ်နှံလျက်ရှိပြီး တရုတ်၊ ထိုင်းနှင့် တရုတ်(တိုင်ပေ)တို့မှာ အဓိကရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကြသည်ဟု နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

စင်ကာပူနိုင်ငံအခြေစိုက် MiTA Myanmar အကြံပေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဒေါ်နီလာလွင်က "ကျွန်မတို့က နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမယ့် ကုမ္ပဏီတွေနဲ့ ပြည်တွင်း ကုမ္ပဏီတွေကြားမှာ ပေါင်းကူးပေးတဲ့အနေနဲ့ လုပ်တာ၊ ရင်းနှီးမြှုပ်နှံသူတွေကို မြန်မာနိုင်ငံရဲ့ ဘယ်ကဏ္ဍတွေရင်းနှီးမြှုပ်နှံနိုင်တယ်ဆိုတာမျိုးအကြံပေးတယ်၊ နောက်အဲဒီကဏ္ဍတွေမှာ လုပ်ကိုင်နေတဲ့ ပြည်တွင်းကုမ္ပဏီတွေကို Black List (အမည်ပျက်စာရင်း) ရှိ၊ မရှိ၊ ငွေကြေးအရှုပ်/အရှင်းရှိ၊ မရှိနဲ့ပွင့်လင်းမြင်သာမှု ရှိ၊ မရှိကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေအတွက် စစ်ဆေးပေးတယ်၊ ဒါ့အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ဆက်သွယ်ဆောင်ရွက်ရမယ့်ကိစ္စတွေအတွက် အကြံပေးတာတွေ လုပ်ဆောင်ပါတယ်"ဟု ဆိုသည်။

**(ရဲခေါင်၊ မြတ်သန္တာမောင်)**



## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သဖန်းဆိပ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



❖ ရှေ့ဖုံးမှ

ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အခြေအနေများကို မေးမြန်းပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လျှပ်စစ်ဓာတ်အားပေးစက်၊ စက်ရုံပုံစံငယ်နှင့်ပင်မထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် သဖန်းဆိပ်ရေလှောင်တမံရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဒုတိယဝန်ကြီး ဦးခင်ဇော်က သဖန်းဆိပ်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့် ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားနိုင်မှု၊ ကာဘိုးရေလွှဲဆည်နှင့် ကင်းတပ်ရေလှောင်တမံ တည်ဆောက်ခဲ့မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့က လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှု၊ နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံစိုက်ပျိုးနိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတက ဆည်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆည်ပြင်ဆင်ထိန်းသိမ်းမှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်၊ ဆည်များပျက်စီးရခြင်းအကြောင်းရင်းများကို လေ့လာသုံးသပ်ပြီး ဆောင်ရန်၊ ရှောင်ရန် အချက်များ ဖော်ထုတ်ဆောင်ရွက်သွားရန်၊ ဆည်အတွင်းမှ ရေယိုစိမ့်မှုမရှိစေရေး စောင့်ကြည့်သွားရန်၊ ဆည်အတွင်း ရေဝင်ရောက်သည့်လမ်းကြောင်းများ လိုက်လံကြည့်ရှုပြီး ပြုပြင်သင့်သည်များကို ပြုပြင်သွားရန်၊ ဆည်အတွင်း ငါးသားပေါက်များထည့်ရန်၊ ဆည်နှင့် ပတ်သက်သည့် ရေဝေရေလဲဧရိယာများတွင် သစ်ပင်သစ်တောများ ထိန်းသိမ်းထားရှိရန်၊ ဆည်အတွင်းမှ ထုတ်ပစ်လိုက်သည့်ရေကို အကျိုးရှိအောင် ပြန်လည်အသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်၊ နွေရာသီတွင် လျှပ်စစ်ထုတ်လုပ်မှု၊ စိုက်ပျိုးရေပေးဝေမှုတို့အတွက် ရေကိုစနစ်တကျကြိုတင်တွက်ချက် စီမံဆောင်ရွက်သွားရန်၊ ရေသွယ်မြောင်းများကို ရေဆုံးရှုံးမှုမဖြစ်စေရန်အတွက် မြေသားမြောင်းများအစား ကွန်ကရစ်မြောင်းများ ပြုလုပ်သွားရန်၊ ရာသီဥတုဖောက်ပြန်မှုများရှိ၍ မမျှော်မှန်းနိုင်သောအခြေအနေများအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ မိုးစပါးအပြင် နွေရာသီတွင် စပါးနှင့်ပဲတီစိမ်း၊ နှမ်း၊ ပြောင်းအစရှိသည့် တောင်သူများတွက်ခြေကိုက်သည့် အသီးအနှံများကို စိုက်ပျိုးသွားကြရန် လမ်းညွှန်မှာကြားသည်။

သဖန်းဆိပ် ရေလှောင်တမံသည် စစ်ကိုင်းတိုင်းဒေသကြီး ကွမ်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်တွင် တည်ရှိပြီး ဇုန်အမျိုးအစားမြေသားတမံဖြစ်ကာ ကန်ရေပြည့်ရေလှောင်ပမာဏ ၂၈၈၀၀၀၀ ဧကပေ ရှိသည်။ ရေလှောင်တမံတည်ဆောက်ရခြင်းရည်ရွယ်ချက်မှာစိုက်ပျိုးရေဧရိယာဧက ၅၀၀၀၀၀ အား ရေပေးဝေနိုင်ရန်နှင့် အဆိုပါရေကို အသုံးပြု၍ နှစ်စဉ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၁၇ ဒသမ ၂ သန်းခန့် ထုတ်လုပ်ပြီး ဓာတ်အားစနစ်သို့ ပို့လွှတ်နိုင်ရန်ဖြစ်ကြောင်းသိရသည်။

သဖန်းဆိပ် ရေလှောင်တမံကို ၁၉၆၉ ခုနှစ်တွင် ကုလသမဂ္ဂအစီအစဉ်ဖြင့် အီတလီနိုင်ငံ အီတာကွန်ဆပ် (Ital Consult) ကုမ္ပဏီမှ ပဏာမစူးစမ်းလေ့လာတိုင်းတာရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး အသေးစိတ် ဒီဇိုင်းအစီရင်ခံစာကို ၁၉၇၂ ခုနှစ်တွင် ရေးသားပြုစုခဲ့ကြောင်း၊ ၁၉၉၆-၁၉၉၇ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းစတင်ခဲ့ပြီး ၂၀၀၁ ခုနှစ် ဧပြီ ၁၇ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်းသိရသည်။

သဖန်းဆိပ် ရေလှောင်တမံသည် မြန်မာနိုင်ငံတွင် အကြီးဆုံးရေလှောင်တမံဖြစ်ပြီး မိုးစပါးစိုက် ဧက ၅၁၈၀၁၅ ဧကနှင့် နွေစပါးနှင့် အခြားသီးနှံစိုက်ဧက ၂၉၄၆၅၄ ဧက စုစုပေါင်း ၈၁၂၆၈၉ ဧကအတွက် စိုက်ပျိုးရေဖြန့်ဝေပေးနိုင်ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ ကျေးရွာအုပ်စု ၃၆၉ အုပ်စု၊ အိမ်ထောင်စု ၁၆၂၅၂၈ စုရှိ ပြည်သူလူထု ရှစ်သိန်းကျော်ကို အကျိုးပြုလျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ရေလှောင်တမံရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ၁၉၉၈ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဇွန် ၁၈ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ၎င်းစက်ရုံတွင် ၁၀ မဂ္ဂါဝပ် စက်သုံးလုံးဖြင့် စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ကြောင်းနှင့် ယခုအခါ ၁၃၂ ကေဗွီဓာတ်အားလိုင်းဖြင့် ၄ှက်ပျောဒိုင်းခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိပြီး အနီးရှိကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့သည် ကန့်ဘလူမြို့သို့ရောက်ရှိပြီး မဟာရွှေစည်တော်ကြီးစေတီတော် ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်ဖူးမြော်ကြည်ညိုပြီး အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်သံဃနာယက ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇဝန အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကန့်ဘလူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊မြို့မိမြို့ဖများ၊ မြို့နယ် အထောက်အကူပြု ကော်မတီဝင်များနှင့် တွေ့ဆုံ၍ကန့်ဘလူမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ တရားဥပဒေစိုးမိုးမှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိရေး၊ ပြည်သူများ လူမှုစီးပွားဘဝတိုးတက်မှုရှိစေရေး၊ ဖြစ်ပေါ်လာသည့် အခက်အခဲပြဿနာများကို မြို့နယ်မှ တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ညှိနှိုင်းဖြေရှင်းကြရေး ဆွေးနွေးမှာကြားခဲ့သည်။

မြို့မိမြို့ဖများ၏ တင်ပြချက်အရ ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ သံဃာ့ဆေးရုံ ဆောက်လုပ်ရန်အတွက် နိုင်ငံတော်အစိုးရမှ ငွေကျပ်သိန်း ၂၅၀ ထောက်ပံ့ခဲ့သည်။ ထို့ပြင် ရွှေနဂါးမင်းကုမ္ပဏီကလည်း မီးသတ်ယာဉ်တစ်စီးနှင့်မီးသဂြိုဟ်စက်အတွက် ငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ကန့်ဘလူမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ပြီး မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**




နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော်အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ *(သတင်း-ရွှေဖုံး)* (သတင်းစဉ်)

**❁ အကြမ်းဖက်မှုမှ**

အာဆီယံအနေဖြင့် အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင်သည့် နိုင်ငံရပ်ခြားသို့ အကြမ်းဖက်သမားများသွားလာခြင်းနှင့် ယင်းအကြမ်းဖက်အဖွဲ့အစည်းများအား ငွေရေးကြေးရေးထောက်ပံ့မှုနှင့် ထောက်ပံ့သူများကို တားဆီးရေး၊ လူသစ်စုဆောင်းရှာဖွေရေး၊ အဖွဲ့အစည်းများဖွဲ့စည်းရေး၊ အကြမ်းဖက်တိုက်ခိုက်မှုကိုလုပ်ဆောင်ရန် (သို့မဟုတ်) ယင်းအကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ဆောင်ရွက်ရန် (သို့မဟုတ်) အကြမ်းဖက်မှုဆိုင်ရာ သင်တန်းများကို ပို့ချရန် (သို့မဟုတ်) သင်ယူရန် ရည်ရွယ်ချက်ဖြင့် မိမိနိုင်ငံမှတစ်ဆင့် အခြားနိုင်ငံတစ်ခုသို့ သယ်ယူပို့ဆောင်ခြင်း (သို့မဟုတ်) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ပို့ဆောင်ပေးခြင်း၊ ၎င်းတို့ခရီးသွားလာမှုနှင့် လှုပ်ရှားမှုများအတွက် ငွေရေးကြေးရေးထောက်ပံ့မှုပေးခြင်းတို့ကို တိုက်ဖျက်ရန် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်း၏ အာရုံစိုက်မှုရယူသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၂၁၇၀ (၂၀၁၄)နှင့် ၂၁၇၈ (၂၀၁၄)ကို ထောက်ခံအပ်ပါသည်။

အာဆီယံသည် အစွန်းရောက်မှု၊ မူလအရင်းအမြစ်နှင့် အကြမ်းဖက်တိုက်ခိုက်မှုများတိုက်ဖျက်ရေးတို့ကို ကမ္ဘာလုံးဆိုင်ရာ အလယ်အလတ်လမ်းစဉ်လှုပ်ရှားမှုကိုတိုးမြှင့်ခြင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာဥပဒေ (သို့မဟုတ်) ကုလသမဂ္ဂပဋိညာဉ်စာတမ်းတို့နှင့်အညီ အကြမ်းဖက်မှုနှင့် လူသားမဆန်အပြုအမူများကိုကာကွယ်တားဆီးရန် အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းနှင့် အတူတကွပူးပေါင်းဆောင်ရွက်၍ လုပ်ဆောင်သွားရန် ကတိကဝတ်ပြုမှုများကို ထပ်မံပြုအပ်ပါသည်။

အာဆီယံအနေဖြင့် အကြမ်းဖက်မှု၊ အစွန်းရောက်မှုနှင့် မူလအရင်းအမြစ်အဖွဲ့အစည်းများ မည်သည့်နေရာတွင်မဆို ပေါ်ပေါက်လာသည်ဖြစ်စေကာမူ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းနှင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကာ ဆန့်ကျင်တိုက်ခိုက်သွားရေးသည် လွန်စွာအရေးကြီးကြောင်းဆုံးဖြတ်အပ်ပါသည်။

**○ ကျောဖုံးမှ**

ဆက်လက်၍ အင်ချွန်မြို့ နပန်းအားကစားရုံ၌ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် နပန်းပွဲကျင်းပမည်ဖြစ်ရာ ၇၄ ကီလိုတန်းတွင် မြန်မာနိုင်ငံမှ ဇော်မြင့်ထွန်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဘော်လီဘောအဆင့်သတ်မှတ်ချက်ပြိုင်ပွဲအဖြစ် မြန်မာအမျိုးသားဘော်လီဘောအသင်းနှင့် ပါကစ္စတန်အမျိုးသားဘော်လီဘောအသင်းတို့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၅၀၀ ဗိုလ်လုပွဲစဉ်တွင် မြန်မာနိုင်ငံမှ ဖြူဝါသက်က ဒေသစံတော်ချိန် ည ၇ နာရီ ၅ မိနစ်တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့အနေဖြင့် ယနေ့အထိ ရွှေ နှစ်ခု၊ ငွေ တစ်ခုနှင့် နိုင်ငံအလိုက် အဆင့်(၁၄)၌ ရပ်တည်နေကြောင်း သိရသည်။

**(အား/ကာ)**

# နှစ်ပေါင်း ၁၀၀ ကျော်ရှိ အဆောက်အအုံအား ရန်ကုန်မြို့ပြအမွေအနှစ်တံဆိပ်တပ်ဆင်

**ရန်ကုန် စက်တင်ဘာ ၂၈**

အမှတ်(၄၁၆) မဟာဗန္ဓုလလမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ နှစ်ပေါင်း ၁၀၄ နှစ်ရှိပြီဖြစ်သော (ROWE & Company Department Store) ရှေးဟောင်းအဆောက်အအုံအား ရန်ကုန်မြို့ပြအမွေအနှစ် (Yangon City Heritage) အဖြစ် Bule Plaque တပ်ဆင်ခြင်းကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင်ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် Yangon Heritage Trust မှ Founder & Chairman ဖြစ်သူ ဒေါက်တာသန့်မြင့်ဦးက Blue Plaque ကို အောင်သပြေခက်ဖြင့် အမွှေးနံ့သာရည်များဖျန်းပေးပြီး တက်ရောက်လာသော ဧည့်သည်တော်များက အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။ အဆိုပါ အဆောက်အအုံကို ကျွမ်းကျင်သော ပညာရှင်များ၏ အကြံပေးလမ်းညွှန်မှုများအတိုင်း ရှေးမူမပျက်ထိန်းသိမ်းပြုပြင်ကာ မြန်မာနိုင်ငံ၏ တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်အဆောက်အအုံအဖြစ် ဂုဏ်ယူစွာထိန်းသိမ်းရင်း ဧရာဝတီဘဏ်ရုံးချုပ်သစ်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**(ကြေးမုံ)**







# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့(၂/၂၀၁၄)အစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၈**

နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်များအုပ်ချုပ်ရေးဗဟိုအဖွဲ့ (၂/၂၀၁၄) အစည်းအဝေးကို စက်တင်ဘာ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ သဘာပတိဆရာတော် တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ မန္တလေးမြို့ ဆင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဩဘာသာဘိဝံသက အဖွင့်ဩဝါဒကထာမြွက်ကြားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ၁၉၈၀ ပြည့်နှစ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးကြီးက သဘောတူ ပြဋ္ဌာန်းချက်နှင့်အညီ ပရိယတ်ပညာရေးကို အထက်တန်းအဆင့်၊ တက္ကသိုလ်အဆင့်မီ သီးခြားသင်ကြားနိုင်ရေး၊ သာသနာ့တက္ကသိုလ်ကြီးများပေါ်ထွန်းရေး ကြိုးပမ်းအားထုတ်ခဲ့ရာ ၁၉၈၆ ခုနှစ်တွင် ရန်ကုန်၊ မန္တလေးမြို့များ၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ဤပရိယတ္တိသာသနာ့တက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ပြီး ၂၈ နှစ်တာကာလအတွင်း ဘွဲ့ရအရှင်မြတ် ၂၀၂၅ ပါး ပေါ်ထွန်းခဲ့ပြီး မိမိတို့ စွမ်းရာစွမ်းရာ နယ်စပ်နှင့် တောင်တန်းဒေသများတွင် ကြွရောက်သာသနာပြုလျက်ရှိခြင်း၊ ပြည်တွင်းပြည်ပ သက်ဆိုင်ရာဌာနများတွင် ပရိယတ်၊ ပဋိပတ်သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပရိယတ္တိသာသနာ့တက္ကသိုလ်များ တည်ထောင်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ဟုဆိုနိုင်ပါကြောင်း။

ဤသာသနာ့ တက္ကသိုလ်ကြီးများရှိ သံဃာတော်များမှာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးဦးဆောင်သော သံဃာ့ အဖွဲ့အစည်းအဆင့်ဆင့်၏ ဦးတည်ချက်ဖြစ်သော သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးလုပ်ငန်းစဉ် သုံးရပ်ကို စံနမူနာပြကျင့်သုံးနေထိုင်ဆောင်ရွက်ကြရန် လိုအပ်မည်ဟု ယူဆပါကြောင်း၊ မြန်မာနိုင်ငံ၏ ပရိယတ်စာပေ အခန်းကဏ္ဍတွင် ဦးဆောင်ကဏ္ဍမှ မားမားမတ်မတ် ရပ်တည်နိုင်ရေးအတွက် ပရိယတ်သက်သက်ကိုသာ အားသွန်ကြိုးပမ်းဆောင်ရွက်သင့်ကြပါကြောင်းနှင့် စံနမူနာပြ စည်းကမ်းပြည့်ဝသော သာသနာ့တက္ကသိုလ်ကြီးများဖြစ်ရေးအတွက် သင်ကြား/စီမံဆရာတော်များက အထူးကြပ်မတ် ထိန်းသိမ်းဆောင်ရွက်ပေးတော်မူကြပါရန်” လျှောက်ထားသည်။

ယင်းနောက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့၏ (၁/၂၀၁၄) အစည်းအဝေးမှတ်တမ်းကို အတည်ပြုချက်ရယူပြီး အစည်းအဝေးနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို တက္ကသိုလ်များ အုပ်ချုပ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်က တင်ပြလျှောက်ထားသည်။

ဆက်လက်၍ ဗဟိုပညာရေးအဖွဲ့ (၂/၂၀၁၄) အစည်းအဝေး၏တင်ပြချက်များနှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့ (ရန်ကုန်-မန္တလေး)တို့မှ တင်ပြချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်-မန္တလေး) ၁၃၇၅-၁၃၇၆ ပညာသင်နှစ် အတန်းတင်စာမေးပွဲ ရက်သတ်မှတ်အတည်ပြုခြင်း၊ ၁၃၇၆-၁၃၇၇ ပညာသင်နှစ် ဓမ္မာစရိယ(B.A) တန်းဝင်ခွင့်စာမေးပွဲရက်သတ်မှတ်အတည်ပြုခြင်း၊ မန္တလေးမြို့၌ ကျင်းပပြုလုပ်မည့် အကြိမ်(၂၀)မြောက် သာသနာ့တက္ကသိုလ် မဟာဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့ခံယူမည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်များမှ ဘွဲ့ခံသံဃာတော်များစာရင်းအတည်ပြုခြင်းနှင့် သာသနာ့တက္ကသိုလ်များဆိုင်ရာမူဝါဒ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်သည့် ဝေဖန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်သည်။

ထို့နောက် သဘာပတိဆရာတော်က နိဂုံးချုပ်ဩဝါဒကထာမြွက်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသော ဗဟန်းမြို့နယ် ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘနက သက်တော် (၆၇) နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် နယ်စပ်နှင့်တောင်တန်းဒေသများ၌ သာသနာပြုတာဝန် ထမ်းဆောင်နေကြသော သံဃာတော်များအတွက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်များ လှူဒါန်းပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရွှေမင်းဝံသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာကမ္မဋ္ဌာနာစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ သောဘနသည် နယ်စပ်နှင့်တောင်တန်းဒေသများ၌ သာသနာပြုတာဝန်ထမ်းဆောင်နေကြသော ဆရာတော်များအတွက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်များကို နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ (၁၃)ကြိမ်မြောက်အဖြစ် လှူဒါန်းသည့်အရေအတွက်မှာ သင်္ကန်းအစုံ ၅၄၀၊ ထီး ၁၈၅ ချောင်း၊ ဖိနပ် အရံ ၂၀၀ နှင့် ယပ် ၂၇၅ ချောင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

◆ *စာမျက်နှာ ၆ မှ*

ယင်းကွန်ဖရင့်မှရရှိသော ဆွေးနွေးချက်၊ အကြံပြုချက်များကို နိုင်ငံတစ်ဝန်း သတင်းမီဒီယာသမားများအားလုံးထံ ရောက်ရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနသာမက သတင်းမီဒီယာအဖွဲ့အစည်းအသီးသီးက လက်ဆင့်ကမ်းဖြန့်ဝေပြီး စံနှုန်းမီလူငယ်သတင်းမီဒီယာပညာရှင်များကို လေ့ကျင့်ပညာပေး မွေးထုတ်နိုင်မည်ဆိုပါက နိုင်ငံအတွက်ရလဒ်ကောင်းများ ပေါ်ပေါက်မည်မှာ မလွဲဧကန်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းနှင့်စာနယ်ဇင်းကောင်စီများ၊ သတင်းမီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါက သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးသည် အနေးနှင့်အမြန် အကောင်အထည်ပေါ်လာနိုင်မည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့်လည်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းများအတွက် သတင်းမီဒီယာများ၏ ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ အလားတူ သတင်းမီဒီယာသမားများအား ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ သိရှိနားလည်နိုင်စေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကူညီပေးနိုင်မည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပညာပေးအစီအစဉ်အရ သင်တန်းများပေးအပ်သည့်အခါ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့်အတူ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ သတင်းမီဒီယာများအား ပါဝင်တက်ရောက် လေ့လာနိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်မျှတ၍ အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် မီဒီယာများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်ပါသည်။ အချင်းချင်း နားလည်မှုရယူကာ ယုံကြည်မှုတည်ဆောက်ပြီး ပူးပေါင်းဆောင်ရွက်ကြပါက လာမည့်ရွေးကောက်ပွဲကို အောင်မြင်အေးချမ်းစွာ ကျင်းပနိုင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးသို့ ရှေးရှုနိုင်ကြမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် လေ့လာဖတ်ရှုမိသော IMPACS Associate မှ ထုတ်ဝေသည့် An Elections Reporting Handbook မှ စာပိုဒ်တစ်ခုကိုဖော်ပြလိုပါသည်။ ယင်းစာပိုဒ်မှာ- " Good journalism is like good medicine. It values should not be political, cultural or racial. It helps support the good health of democracy." ဟူသော စာပိုဒ်လေးပင်ဖြစ်ပါသည်။ ယင်းစာပိုဒ်လေးနှင့်အညီ "ဒီမိုကရေစီ ကျန်းမာသန်စွမ်းဖို့ သတင်းမီဒီယာများကပံ့ပိုးကြစို့" ဟူသော ဆောင်ပုဒ်ကို စာနယ်ဇင်းမီဒီယာပညာရှင်များအတွက် အလေးထားဆောင်ရွက်နိုင်ရန် စကားလက်ဆောင်အဖြစ် တင်ပြအပ်ပါသည်။



အထက(၄)အလုံတွင် ကျောင်းကျန်းမာရေးစစ်ဆေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၂၅ ရက်က ဒေါက်တာကြည်သာမြင့်သိန်း(လ/ထ ဆရာဝန်)၊ ဒေါက်တာ မေသီရိ(သွားဆရာဝန်)၊ ဒေါ်လှလှမျိုး(မြို့နယ်သူနာပြု) နှင့် အလုံမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒေါ်ညို (မြို့နယ်တိုင်းရင်းဆေးမှူး)၊ ဒေါ်သင်းသင်းဌေး(ဒု-လက်ထောက်တိုင်းရင်းဆေးမှူး)တို့က စစ်ဆေးဆောင်ရွက်စဉ်။ **(ကြေးမုံ)**

# MNL အမှတ်ပေးပြိုင်ပွဲ ရတနာပုံအသင်း ချန်ပီယံဆုနှင့် အောင်ပွဲခံ




MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ် (၂၂) နောက်ဆုံးပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပသည်။

**(သုဝဏ္ဏကွင်း)**

ရတနာပုံ - နှစ်ဂိုး။
(မက်ဆီမင်)

Southern - နှစ်ဂိုး။
(စိုးမြတ်သူနှင့် ရှီတာဂို)

ချန်ပီယံဆုကို ရရှိပြီးဖြစ်သည့် ရတနာပုံအသင်းမှာ နောက်ဆုံးပွဲစဉ်ကို အနိုင်ရလဒ်ဖြင့် ပိတ်သိမ်းရန် ကြိုးပမ်းခဲ့သော်လည်း နိုင်ပွဲနှင့်လွဲချော်ခဲ့ရသည်။ ပြိုင်ပွဲပြီးဆုံးခါနီးမှ ခြေမှန်ရနေသည့် Southern အသင်းမှာ ချန်ပီယံ ရတနာပုံအသင်းထံမှ သရေတစ်မှတ်ရယူခဲ့ခြင်းဖြစ်သည်။

Southern အသင်းအတွက် ဂိုးများကို ၂၆ မိနစ်တွင် စိုးမြတ်သူ၊ မိနစ် ၉၀ တွင် ရှီတာဂိုတို့က သွင်းယူခဲ့ပြီး ရတနာပုံအတွက်ဂိုးများကို မက်ဆီမင်က ၄၈ မိနစ်နှင့် ၅၄ မိနစ်တို့တွင် သွင်းယူခဲ့သည်။

၂၀၁၄ MNL အမှတ်ပေးပြိုင်ပွဲမှာ ပြီးဆုံးသွားခဲ့ပြီဖြစ်ပြီး ရတနာပုံအသင်းက ပထမ၊ ရန်ကုန်အသင်းက ဒုတိယ၊ ကမ္ဘောဇအသင်းက တတိယတို့ရရှိကာ အမှတ်အနည်းဆုံးရရှိသည့် Southern အသင်းနှင့် GFA အသင်းတို့မှာ တန်းဆင်းသွားခဲ့ရပြီဖြစ်သည်။ အမှတ်ပေးချန်ပီယံ ရတနာပုံအသင်းနှင့် ရှုံး/ထွက်ချန်ပီယံ ဧရာဝတီအသင်းတို့မှာ ၂၀၁၅ AFC Cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

**(YUSC ကွင်း)**

ရန်ကုန် - သုံးဂိုး
(ရန်အောင်ကျော်နှင့် အီမာဆင် - တစ်ဂိုးစီ၊ မကွေးမှ မန်ဆာကိုယ့်ဂိုးကိုယ်သွင်း)

မကွေး - တစ်ဂိုး
(ထူးထူးအောင်)

**(အောင်ဆန်းကွင်း)**

GFA - နှစ်ဂိုး
(အောင်ကျော်ဌေးနှင့် ဂျော်ဒန်)

မနော်မြေ - တစ်ဂိုး
(အီမရာဟင်မ်)

ရတနာပုံအသင်းနှင့် Southern အသင်းတို့ ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ချန်ပီယံ ရတနာပုံအသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဆုကြေးကျပ် သိန်းတစ်ထောင်နှင့် ဆုဖလားတို့ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

ရှိုင်းထက်ဇော်

## မုတ်သုံလေ ဆက်လက်အားပျော့နေမည်

နေပြည်တော် စက်တင်ဘာ ၂၈

**ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** မုတ်သုံလေ ဆက်လက်အားပျော့နေမည်။

## နောင်ချို၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နောင်ချို စက်တင်ဘာ ၂၈**

နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးဦးကျော်သူဦးစီးသည့် သစ်တောဝန်ထမ်းများနှင့် သပြေရေရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးချစ်မောင်ပါဝင်သောအဖွဲ့တို့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက သတင်းအရ သပြေရေရပ်ကွက် အမကကျောင်းအနီး၌ ၁၂ ဘီး ယာဉ်အမှတ် ၈၉/..... အား သက်သေများနှင့် စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် ဖွဲ့စပါးခွံများဖြင့် ဖုံးအုပ်လျက် တမလန်းခားရွေ သုည ဒသမ ၀၉၇၂ တန်၊ ပိတောက်ခားရွေ ငါးတုံး၊ သစ်မန်ကျည်းခားရွေ ၂၄ တုံး၊ တမလန်းသစ် တစ်တုံးနှင့် သင်းဝင်သစ် တစ်တုံးတို့ကို သိမ်းဆည်းရမိသည်။ (၂၄၂)



**ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်း ပြည့်မီသော တိုင်းရင်းသားများအား မိုးပွင့်အဆင့်(၆) စီမံချက်ဖြင့် ရပ်ကွက်စက်မှုရိပ်သာဓမ္မာရုံ၌ လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးခဲ့ပြီး စက်တင်ဘာ ၂၀ ရက်က မြို့နယ်ဦးစီးဌာနမှူး ဦးဌေးအောင်က တိုင်းရင်းသား ၁၇၈ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လှိုင်မြို့နယ် အမှတ်(၁၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအုန်းမြင့်ထံပေးအပ်စဉ်။**

(ကြေးမုံ)

Asia Top 0943164118,09421099574,098635520
အင်းလေး၊ဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီး၊ ပင်းတယ၊ တကူ့၊ ထမ့်ဝမ်း Guest Package 70000
ပုဂံ (ခွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ 55000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (လယ်ဘုရားစုံ) 65000
မော်လမြိုင်(ဘုရားစုံ)၊ ကျိုက္ခမီ၊ စက်ခဲ၊ ဇွဲကပင်တောင် 35000
Oct 3,7 10,17,24
ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ (နေ့စဉ်) Guest Package 35000 ကားစီးလုံးငှားစီစဉ်ပေးသည်

ရွှေသမင်စာပေ
လရောင်ကျုံးရင့်
လိပ်ပြာလေးရဲ့ တေးသွား

HIGHWAY STAR
နေ့စဉ်ကားလက်မှတ်
ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်(သောကြာ)
Man Bus (Made in Germany) 10+1
09-253235411
09-253235422
09-253241300
09-250277537

ရွှေထိပ်တန်း
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
စီးလုံးငှား လက်ခံသည်
01-701015, 01-710436

အလင်းရောင်မှ
အင်းလေး (ဖောင်တော်ဦးပွဲ)၊ တောင်ကြီး (၅)ရက် ငြိမ်း (57000), Guest (75000) Oct 7/10
ပုဂံ(ခွယ်တော်လေးဆူ)၊ ပုပ္ပါး(၄)ရက်(ငြိမ်း) 45000
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)စား+တည်း 25000
ကျိုက်ထီးရိုး(အထူးကား)နေ့ချင်းပြန် Oct 4
09421061860,421099405,421129597

ခူပြည့် 0931815390, 0931815395
တောင်ကြီး၊အင်းလေး(ဖောင်တော်ဦးပွဲ)- ၇၀၀၀၀ Oct 3,7 ထွက်မည်။
ကျိုက်ထီးရိုး(ငြိမ်း)- ၃၅၀၀၀ သီတင်းကျွတ်အထူး Promation
ချောင်းသာ(ငြိမ်း)- ၄၀၀၀၀ (၆)ဦးဝယ်လျှင် + (၁)ဦးအခမဲ့
တားမျိုးစုံ စီးလုံးငှားစီစဉ်ပေးသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

ရွှေစိုးစည် Hotel & Restaurant 50% Off
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (ခွယ်တော်လေးဆူ)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
အပတ်စဉ် သောကြာ
373275, 708342, 0949219404

SILK & JEWELLERY
စိန်သရဖူ DIAMOND CROWN
750 "18k" ပလက်တီနမ်
အထည်များကို ပြန်သွင်း ၁၅% ၊ ပြန်လဲ ၁၀% ဖြင့်
အထူး လက်ခံဆောင်ရွက်ပေးပါသည်။
ဆိုင်(၁) အခန်း(၂၀၉)၊ပထမထပ်၊နေပြည်တော် Capital Hypermarket. Tel :09401550103 ; 067422070 (Ext:209)
ဆိုင်(၂) အခန်း(G. 80)၊ ဒိုင်းမွန်းပလာဇာ ၊ မြေညီထပ် ၊ မန္တလေးမြို့၊ Tel :096504833 ; 092001403 ; 09402606669
ဆိုင်(၃) အခန်း(G. 15)၊မြေညီထပ်၊ Ocean Super Center ဥတ္တရသီရိမြို့နယ်၊နေပြည်တော်။ Tel :098631222; 067417621 (Ext:131)

# မှော်ကျောက်စာနှင့် လက်ရာရှင်

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

တူနှစ်ကိုယ် မေတ္တာမျှလေတိုင်း အတိတ်ရေစက်၊ အတိတ်ဖူးစာ၊ ရှေးရေစက်၊ ရှေးဖူးစာဟု ဆိုလေ့ရှိကြသည်။ သံသရာသည် ရှည်လျားလွန်းလှ၏။ ဝေးဝေးအတိတ်လား နီးနီးအတိတ်လားတော့ ဘုရား ရဟန္တာမှလွဲ၍ မည်သူမျှ မသိနိုင်။ ထိုအယူအဆကိုအခြေခံ၍ "ခူးခူး"က အတွေးစိတ်ကူးဖြင့် ဇာတ်လမ်းရေးဖွဲ့ပြီး ဇာတ်ညွှန်း အကယ်ဒမီ မြင့်ဦးဦးမြင့်၊ ဒါရိုက်တာ ဝင်းထွန်းထွန်း၊ သရုပ်ဆောင် သူထူးစံ၊ ဖြိုးငွေစိုး၊ မြင့်မြတ်၊ ထွန်းထွန်း၊ ရွှေမှုံရတီ၊ မေမြင့်မိုရ်၊ ထိုင်းသရုပ်ဆောင် မေ၊ Yoon စသည့် သရုပ်ဆောင်ပေါင်း များစွာဖြင့် Myanmar Media 7 ရုပ်ရှင်မှ ကျပ်သိန်းပေါင်း ၄၀၀၀ ခန့် အကုန်အကျခံ၍ ပွဲဦးထွက်လက်ရာအဖြစ် ထုတ်လုပ်ခဲ့ရာ "မှော်ကျောက်စာ"အမည်ရ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ပရိသတ်ရှေ့မှောက် မကြာမီရောက်ရှိလာတော့မည်ဖြစ်သည်။

ရုပ်ရှင်ရုံများ ရှားပါး၊ ကုန်ကျစရိတ်များ ကြီးမားသည့်ကြားက အကျိုးအမြတ်ရရေး အဓိကမထား၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ရုပ်ရှင်အဆင့်အတန်း မြင့်မားရေးအတွက် ထုတ်လုပ်သူက စွန့်စား၊ အဓိကသရုပ်ဆောင်များက အနုပညာလုပ်အားပေးခဲ့ကြသည့်အပြင် အင်းဝ-မန္တလေးနန်းတော်ရာ ရိုက်ကွင်းများခွင့်ပြုချက်ရရှိရေး၊ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ရိုက်ကွင်းများ ခွင့်ပြုချက်ရရှိရေး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့က အလျင်အမြန်ခွင့်ပြုပေးသည်။ သို့အတွက် ထိုဇာတ်ကားရိုက်ကူးရေးတွင် အစစအဆင်ပြေချောမွေ့ခဲ့ပြီး ပြည်တွင်းသာမက နိုင်ငံတကာသို့တင်ပို့ပြသနိုင်ရန် စက်မှုဘက်ဆိုင်ရာ Pose Production ပိုင်းကို ထိုင်းနိုင်ငံ Kantana JK Co;Ltd. နှင့် ချိတ်ဆက်၍ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

ဇာတ်ကားက အချစ်ဇာတ်လမ်း ရိုးရိုးလေးပါ။ သို့သော် ရိုက်ကူးတင်ဆက်မှုအပိုင်းတွင် အသွင်ဆန်း အမြင်ဆန်းဖြစ်စေရန် ဖန်တီးထားသည်။ ရန်ကုန်၊ မန္တလေး၊ အင်းဝ၊ တောင်ငူ၊ ပျဉ်းမနား၊ ပြင်ဦးလွင်၊ ချောင်းသာနှင့် ငွေဆောင်ဒေသများသို့ သွားရောက် ရိုက်ကူးထားသည့်အတွက် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ် နန်းတော်ရာ အဆောက်အအုံများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ၊ တောတောင်လျှိုမြောင်၊ ရေတံခွန်စိမ့်စမ်းများ၊ သန္တာကျောက်တန်းများ၊ လှိုင်းခေါင်းဖြူများနှင့် ပန်းရလှသည့် ပင်လယ်ကမ်းခြေဒေသ အလှအပရှုခင်းများကို တွေ့မြင်ကြရမည့်အပြင် အခြားသော ဇာတ်ကားများနှင့်မတူ အကုန်အကျခံကာ ဆင်များကို အလုံးအရင်းဖြင့် ထည့်သွင်းရိုက်ကူးထားသည့်အတွက် တစ်မူထူးခြားနေပြန်၏။

လွန်ခဲ့သော ရှေးနှစ်ပေါင်း ၅၀၀ လောက်က ဖူးစာဆုံခဲ့ကြသည့် ချစ်သူနှစ်ဦး ဒီကနေ့ခေတ်ဝယ် တစ်ဖန်ပြန်ဆုံကြသည်။ ယနေ့ခေတ်ဇာတ်ဝင်ခန်းများ ရိုက်ကူးရန် မခဲယဉ်းသော်လည်း ရှေးခေတ်ဟောင်း ဇာတ်ဝင်ခန်းများ ရိုက်ကူးရာတွင် အခက်အခဲများစွာရှိသည်။ စိတ်ကူးယဉ်ဇာတ်လမ်းဟု ဆိုသော်လည်း ခေတ်ကာလကို တန်ဖိုးထားကြည့်ရှုသူများအတွက် ကွာဟမှုနည်းနိုင်သမျှ နည်းအောင် သတိထားကြရသည်။

မြန်မာမှုပညာရှင်၊ စာပေပညာရှင်၊ သမိုင်းပညာရှင်၊ ယဉ်ကျေးမှုပညာရှင်များထံသို့ သွားရောက်တွေ့ဆုံ၍ ပညာရှင်များ၏ လမ်းညွှန်အကြံပြုချက်အတိုင်း တိကျစွာ လိုက်နာကျင့်သုံးကြသည်။

"မှော်ကျောက်စာ" ဇာတ်ကားကို ပရိသတ်များ စိတ်ဝင်စားကြမည်ဖြစ်သလို ထိုဇာတ်ကား၏ လက်ရာရှင် ဒါရိုက်တာ ဝင်းထွန်းထွန်း၏ ဘဝရေစီးကြောင်း၊ တစ်နည်း အနုပညာရေစီးကြောင်းကိုလည်း သိချင်ကြပေလိမ့်မည်။ အမည်အရင်းမှာလည်း မိဘများအမြတ်တနိုးပေးခဲ့သည့် ဝင်းထွန်းထွန်းပင်။ ဖခင် ဦးဝင်းမော်၊ မိခင် ဒေါ်အေးအေးမော်တို့က ၁-၁၁-၁၉၆၇ ရက် ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ ကန်တော်လေးရပ်ကွက်၌ မွေးဖွားခဲ့သည်။ မိဘများမှာ အစိုးရဝန်ထမ်း၊ မွေးချင်းလေးယောက်အနက် ဒုတိယမြောက်၊ ရန်ကုန်တက္ကသိုလ်မှ ပထဝီအဓိကဖြင့် ဘွဲ့ရခဲ့သည်။ ပင်ကိုဗီဇ ဝါသနာအရ ရုပ်ရှင်အနုပညာကို အရူးအမူးစွဲလမ်းခဲ့ရာသူ့တွင် အနုပညာမျိုးရိုးမရှိ၊ ရုပ်ရှင်ပညာနှင့်ပတ်သက်၍ အမိုးအကာမရှိ၊ ကိုယ်ထူကိုယ်ထကြိုးစားခဲ့ရသူ။ ရုပ်ရှင်ဆရာကြီးများ ရေးသားသည့် ရုပ်ရှင်



ပညာပေးစာအုပ်များ၊ ပြည်ပရုပ်ရှင်ပညာပေးစာအုပ်များကို ရှာဖွေဖတ်ရှုလေ့လာမှတ်သားပြီး ပြည်တွင်းပြည်ပရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုအတုယူသည်။ သို့ဖြစ်၍ ဆရာဘယ်သူလဲ မေးလာလျှင် ရှေ့ကဒါရိုက်တာကြီးများအားလုံးသည် သူ၏ဆရာများဟု ရိုးစင်းစွာဖြေကြားလေ့ရှိသည်။

"မိုးကောင်း"ဗီဒီယိုထုတ်လုပ်ရေးကို ထူထောင်ပြီး ဇာတ်ကားများထုတ်လုပ်ရင်း ရိုက်ကူးမှုအတွေ့အကြုံများ ရယူသည်။ ထို့နောက် လွန်ခဲ့သော (၁၅)နှစ်ခန့်က ဒါရိုက်တာအဖြစ် အကယ်ဒမီ ဒွေး၊ အကယ်ဒမီ မို့မို့မြင့်အောင်တို့ပါဝင်သော "မှားတဲ့ည" ဗီဒီယိုဇာတ်ကားကို စတင်ရိုက်ကူးခဲ့သည်။ ဆက်လက်၍ ဗီဒီယိုကားများ ရိုက်ကူးရာ ရာဇာနေဝင်းကို တည်ငြိမ်စွာသရုပ်ဆောင်စေခဲ့သော "ကျောက်ခဲ"ဇာတ်ကားဖြင့် နာမည်ရလာပြီး "ဖယောင်းတိုင်"၊ "မေမေ့သွေး" နှင့် "ဧတေနသစ္စ ဝဇ္ဇေန" ဒီဗွီဒီဇာတ်ကားများဖြင့် အောင်မြင်ကျော်ကြားသော ဒါရိုက်တာအဖြစ်သို့ရောက်ရှိခဲ့သည်။ မူရင်းကောင်းမှ မိတ္တူကောင်းမည်ဆိုသကဲ့သို့ စေတနာကောင်းမှ တုံ့ပြန်မှုကောင်းမည်ဟု ယုံကြည်ထားသည့်အတွက် မဆုတ်မနစ်သောဇွဲဖြင့် ရိုးသားစွာကြိုးစားခဲ့ရာ ဒါရိုက်တာလုပ်သက် (၁၅)နှစ်အတွင်း ဗီဒီယိုဇာတ်ကားပေါင်း ရာနှင့်ချီ၍ ရိုက်ကူးနိုင်ခဲ့သလို ဒီဗွီဒီကားပေါင်း ၄၀ ခန့်၊ ရုပ်ရှင်ကားကြီးအဖြစ် "ဆုံစည်းစေ"၊ "စုန်းပြူး"နှင့် "မှော်ကျောက်စာ" ဇာတ်ကားများကို အောင်မြင်စွာ ဖန်တီးခဲ့လေသည်။

ယနေ့ ရုပ်ရှင်ဈေးကွက်သည် ဟာသဦးစားပေး၊ သူ့လက်ရာများကား အဆွေး၊ ပရိသတ်မျက်ရည်ကို ခြွေချနိုင်စွမ်းရှိသည်။ ငိုချင်သူများ သူ့ဇာတ်ကားကိုကြည့်ရန် ရုံထဲကြွပါဟု ပြောရမလို၊ ဟာသကား လုံးဝမရိုက်။ သို့ဖြစ်၍ ရုပ်ရှင်ကားကြီးအထွက်နည်းသည်။

ယခုလက်ရှိရိုက်ကူးဆဲ ဗီဒီယိုဇာတ်ကားပေါင်း ၂၀ ခန့်၊ ရိုက်ကူးပြီးခဲ့သော ဗီဒီယိုဇာတ်ကားများကား မရေတွက်နိုင်။ သူ့မှာအိပ်ချိန်မှရှိသေးရဲ့လားဟု စာရေးသူတွေးမိသည်။ သူ့ကိုတွေ့ရသည်မှာ အလုပ်များခြင်း၊ ပင်ပန်းခြင်းကို ဂရုထားပုံမရ။ ပေါ့ပါးသွက်လက်တက်ကြွနေပြီး ဝါသနာကို ဖန်တီးခွင့်ရနေခြင်းက အမောလုံးဆေး စွမ်းကောင်းရထားသလို "မနေ့ကထက် ဒီနေ့ပိုကောင်းအောင်ကြိုးစားမည်။ ဒီနေ့ထက်မနက်ဖြန် ပိုကောင်းစေရမည်"ဟူသော ခံယူချက်နှင့်အညီ အချိန်ကိုအကျောမပေး၊ အားသစ်တွေမွေးရင်း အနုပညာလမ်းဝယ်အရှိန်အဟုန်ပြင်းစွာဖြင့် ဆက်လက်လျှောက်လှမ်းနေဆဲ။

# မြန်မာနိုင်ငံ၏ အာမခံဈေးကွက်ဖွံ့ဖြိုးရေး အထောက်အပံ့ဖြစ်စေမည်

**နေပြည်တော် စက်တင်ဘာ ၂၈**

Asia Insurance Review အာမခံစာစောင်နှင့် နိုင်ငံခြားအာမခံကုမ္ပဏီကြီးများ ကြီးမှူးကျင်းပသော ပထမအကြိမ် "Myanmar Insurance Summit" ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပသည်။

ညီလာခံတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းတက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ဤညီလာခံကိုအကြောင်းပြု၍ တက်ရောက်သူအချင်းချင်း အမြင်များဖလှယ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အာမခံဈေးကွက်ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ ပြည်တွင်းအာမခံကုမ္ပဏီများအချင်းချင်း ပြည်တွင်းနှင့် ပြည်ပအာမခံကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်မှသာ မြန်မာနိုင်ငံ၏အာမခံဈေးကွက် တိုးတက်မည်ဖြစ်ပြီး စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုရုံမက နိုင်ငံသားများ၏ နေ့စဉ်နေထိုင်မှုဘဝများကိုပါ တိုးတက်စေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ ညီလာခံသို့ နိုင်ငံ ၂၀ မှ အာမခံကုမ္ပဏီများ၊ အာမခံပွဲစားကုမ္ပဏီများ၊ အာမခံပညာရှင်များ ၁၅၁ ဦးခန့် တက်ရောက်ကြပြီး ညီလာခံကို နှစ်ရက်ကျင်းပမည်ဖြစ်သည်။ အဆိုပါ ညီလာခံကျင်းပခြင်းဖြင့် မြန်မာ့အာမခံဈေးကွက်ကို ကမ္ဘာက ပိုမိုသိရှိလာမည်ဖြစ်ပြီး အာမခံဈေးကွက်ဖွံ့ဖြိုးရေးကို အထောက်အကူများစွာဖြစ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**






# ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်




**ရန်ကုန် စက်တင်ဘာ ၂၈**

ဆေးကုသစရိတ် လိုအပ်နေသော ကလေးလူနာများအတွက် လှူဒါန်းရန် ရည်ရွယ်ပြီး Junior Golf Charity Tournament 2014 ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်တွင် ရန်ကုန်ဂေါက်ကလပ် (တည်းကုန်း) ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် သက်တမ်းများအနေဖြင့် အသက်(၈)နှစ်မှ (၁၂)နှစ်၊ အသက်(၁၃)နှစ်မှ (၁၅)နှစ်နှင့် အသက်(၁၆)နှစ်မှ (၁၈) နှစ်အထိ ပြိုင်ပွဲသုံးမျိုး ခွဲခြားကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်း ဥပဒေအတိုင်း ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် အောက်တိုဘာ ၇ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၁၅၀၀၀ နှင့်အတူ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း မရမ်းကုန်းမြို့နယ် ဥက္ကလာလမ်းနှင့် လေဆိပ်လမ်းထောင့် ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၇၃၁၃၀၄၇၄ တို့တွင် အမည်စာရင်းပေးသွင်းနိုင်သည်။

ယခုပြိုင်ပွဲမှ ရရှိသော ပြိုင်ပွဲဝင်ကြေးအားလုံးကို ဆေးကုသစရိတ်လိုအပ်နေသော ကလေးလူနာများအတွက် လှူဒါန်းမည်ဖြစ်ပြီး ဆုများနှင့် အခြားလိုအပ်သည်များကို HAN Golf Masters မှ အဓိက ကူညီပေးပြီး ရန်ကုန် ဂေါက်ကလပ်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးထားကြောင်းသိရသည်။

**(ဖိုးသော်ဇင်)**



ဒီယေဂိုကော်စတာ

© Chelsea FC/Press Association Ima

# ဒီယေဂိုကော်စတာ၏ ဒဏ်ရာအရှင်းပျောက်ရန် ၁၅ ရက်လိုကြောင်း မော်ရင်ဟိုဖွင့်ဟ

ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ၎င်း၏ တံကောက်ကြောဒဏ်ရာ အရှင်းပျောက်ကာ အသင်းနှင့်အတူ အကောင်းဆုံးပါဝင်ကစားနိုင်ရန်မှာ ၁၅ ရက်လိုအပ်နေသေးကြောင်း ချယ်လ်ဆီးအသင်းနည်းပြ မော်ရင်ဟိုက ပြောကြားခဲ့သည်။

တိုက်စစ်မှူးကော်စတာသည် စက်တင်ဘာ ၂၇ ရက် ညပိုင်းက ချယ်လ်ဆီးအသင်းက အက်စ်တွန်ဗီလာအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်(၆)တွင် ပါဝင်ကစားပေးခဲ့ပြီး ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းအတွက် ရှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့ရာတွင် တိုက်စစ်မှူးဒီယေဂိုကော်စတာမှာ အသင်းနှင့် အကောင်းဆုံးပုံစံဖြင့် ပွဲချိန်ပြည့်ပါဝင်ကစားနိုင်ရန် အချိန်လိုအပ်နေသေးကြောင်း ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုက်စစ်မှူး ဒီယေဂိုကော်စတာသည် ပြီးခဲ့သည့် ဘောလုံးရာသီကုန်မှစတင်ကာ ဒဏ်ရာပြဿနာဖြင့် ကြုံခဲ့သူဖြစ်သည်။ ချယ်လ်ဆီးအသင်းသည် တိုက်စစ်မှူး ဒီယေဂိုကော်စတာ၏ သွင်းဂိုးများနှင့်အတူ ပရီမီယာလိဂ်အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ဆောက်သမ်တန်အား သုံးမှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ လက်ရှိတွင်လည်း ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်တွင် ရှုံးပွဲမရှိစံချိန်ကိုလည်း ဆက်ထိန်းထားနိုင်ခဲ့သည်။ ချယ်လ်ဆီးအသင်းသည် စက်တင်ဘာ ၃၀ ရက်တွင် ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် စပို့တင်းလစ္စဘွန်းအသင်းနှင့်လည်းကောင်း၊ အောက်တိုဘာ ၅ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရန် ရှိနေသော်လည်း တိုက်စစ်မှူး ဒီယေဂိုကော်စတာမှာမူ အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ရန်မှာ မသေချာသေးကြောင်း မော်ရင်ဟိုက ပြောကြားခဲ့သည်။

**(နိုင်လင်းကြည်)**



# သထုံမြို့နယ် ကျုံပါကျေးရွာအုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**သထုံ စက်တင်ဘာ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ် ကျုံပါကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးဖလားနောက်ဆုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၇ ရက် ညနေ ၄ နာရီကစတင်ကာ ကျေးရွာအားကစားကွင်း၌ စည်ကားစွာဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

"ကျေးရွာအတွင်းမှာရှိတဲ့ ရွက်ပုန်းသီးဘောလုံးအားကစားသမားတွေကို ဖော်ထုတ်ပေးပြီး ကျေးရွာအဆင့်ကနေ နိုင်ငံ့လက်ရွေးစင်အဆင့်အထိ တက်လှမ်းကြစေလိုတဲ့ စိတ်ဓာတ်မျိုးမွေးမြူနိုင်အောင်လို့ အစဉ်အဆက်ဆိုသလို ကျင်းပပေးနေတာပါ"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

အဆိုပါ ပြိုင်ပွဲကို ကျေးရွာအုပ်စုအတွင်းမှ အသင်းရှစ်သင်းတို့က စက်တင်ဘာ ၁၈ ရက်မှ စတင်ယှဉ်ပြိုင်ခဲ့ပြီး နောက်ဆုံးပွဲစဉ်အဖြစ် ကျုံပါ-နောင်ဘိုအသင်းနှင့် ကျုံပါ-စတားအသင်းတို့ ယှဉ်ပြိုင်ခဲ့ကြရာ အနိုင်ရဗိုလ်စွဲခဲ့သည့် ကျုံပါ-နောင်ဘိုအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်က ဂုဏ်ပြုဆုဖလားနှင့် ဆွဲပြားများပေးအပ်ကာ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုများ၊ တစ်ဦးချင်းအကောင်းဆုံးဆု၊ ဂိုးအကောင်းဆုံးဆု၊ ဂိုးသွင်းအများဆုံးဆုနှင့် အခြားဆုများကို မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

| ပရီမီယာလိဂ် ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ | | |
|---|---|---|
| အာဆင်နယ် | ၁ - ၁ | စပါး |
| **ဘွန်ဒက်လီဂါ ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ** | | |
| ဝုဖ်ဘတ် | ၂ - ၁ | ဝါဒါဘရီမင် |
| မိန့်ဇ် | ၀ - ၂ | ဟော့ဖ်ဖန်ဟိမ်း |
| အော့စ်ဘတ် | ၁ - ၀ | ဟာသာဘာလင် |
| **စီးရီးအေ ပွဲစဉ် (၆) အနိုင်/အရှုံး ရလဒ်များ** | | |
| ရိုးမား | ၂ - ၀ | ဗီရိုနာ |
| အတ္တလန္တာ | ၀ - ၃ | ဂျူဗင်တပ် |
| ဆာစူအိုလို | ၀ - ၁ | နာပိုလီ |
| ဆီစီနာ | ၁ - ၁ | အေစီမီလန် |
| ချီယေဗို | ၁ - ၁ | အမ်ပိုလီ |
| အင်တာမီလန် | ၁ - ၄ | ကယ်ဂလီယာရီ |
| တိုရီနို | ၁ - ၁ | ဖီအိုရင်တီးနား |
| **စပိန်လာလီဂါ ပွဲစဉ် (၅) အနိုင်/အရှုံး ရလဒ်များ** | | |
| ဘာစီလိုနာ | ၆ - ၀ | ဂရန်နာဒါ |
| အက်သလက် | ၄ - ၀ | ဆီဗီးလ် |
| အီလ်ဘို | ၀ - ၀ | အီအား |
| လီဗန်တေး | ၀ - ၂ | ဗယ်လီကာနို |
| ဂီတာဖေး | ၁ - ၀ | မာလာဂါ |

**(မောင်မောင်ဇော်)**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဆည်မြောင်းဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ် သီးသန့်ရန်ပုံငွေဖြင့် ပန်းလှိုင်မြစ်ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် မြေကြီးလုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက် - ၁-၁၀-၂၀၁၄ရက်
နောက်ဆုံးတင်သွင်းရမည့်ရက် - ၂၁-၁၀-၂၀၁၄ရက်၊ ညနေ ၄း၃၀နာရီ
တင်ဒါဖွင့်မည့်ရက် - ၃၁-၁၀-၂၀၁၄ရက်၊ နံနက် ၁၀း၀၀နာရီ
နေရာ - ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး(၁) ဆည်မြောင်းဦးစီးဌာန၊ လှည်းကူးမြို့

တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းဆိုင်ရာအသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၁-၆၂၉၀၂၉၊ ၀၉-၄၂၁၁၆၈၀၆၀သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးကော်မတီ

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-43033237
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) 3-10-14 မှ စတင်ထွက်ပါမည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ (၃ည/၅ရက်) Oct 3,7
ပုဂံ(ခွယ်တော်လေးဆု)၊ ပုပ္ပါး၊ ပခုက္ကူ ကျိုက်ထီးရိုး၊ မဲလ် (သောကြာ)
www.chitpaithitsar.blogspot.com

380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လချုပ်ကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း
ကျွန်တော် ဦးကျော်သူရ [၉/မကန(နိုင်)၀၉၉၂၂၁] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် (MA-018704) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၄၀၂၅၀၇၇၆

ဝန်ထမ်းအလိုရှိသည်။
Air-Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်
(၁) ကျွမ်းကျင် အဖွဲ့ခေါင်းဆောင်၊ (၂) ကျွမ်းကျင် အကူ၊ (၃) အလုပ်သင်အကူ၊ (လစာ - ညှိနှိုင်း)
09 5158803, 095198402

သချာအောင်သင်း ကျော် ဝင်ခွင့်
ကျူတာ၊ PSC ၊ နိုင်ငံခြားရေး
မွေးမြူရေးဘွဲ့လွန်စာရေးသစ်တောDA
သင်တန်းများဖွင့်ပြီ
၁၀၃၊ အနော်ရထာလမ်းမကြီး။ ၃၀လမ်းထိပ်၊ ရန်ကုန်။
Ph:01-389370,09421042332,09420005131

စာအုပ်စာပေလူ့မိတ်ဆွေ

အမှတ်စဉ် ၈၈၃
ချေးကွက် ဂျာနယ်
အပတ်စဉ် တနင်္လာနေ့တိုင်း
သင်ရိုးမှားသော လက်ဦးဆရာများ
SPECIAL REPORT
လူထုကိုရိုက်စားလုပ်နေသ၍ အရေးကြီးမှ သွေးစည်းကြမှာလား ပြုပြင်ရေးဝါဒီအတုအယောင်များ မသိမသာ ကျောသပ်ပေးတာခံရတဲ့အခါ
■ အိမ် ခြံ မြေ တိုက်ခန်း အဝယ်မများစေဖို့အကြံပြုချက်
■ တရုတ်၊ စက်ဘုပ္ပ အိမ်ရာဈေးကျ
■ မြန်မာနိုင်ငံ လူကုန်ကူးမှုစီးပွားရေး
■ တရုတ်တို့၏ကြွယ်ဝချမ်းသာမှု ကမ္ဘာအနှံ့လွှမ်းခြုံလာ
■ သီလဝါရှယ်ယာဈေးကွက် အောက်တိုဘာဖွင့်မည်
■ e-visa စနစ်မရပ်ဆိုင်းသေး
■ လျှပ်စစ်ဓာတ်အားထုတ်နည်းပညာ ဂျပန်ကူညီမည်
အိမ် ခြံ မြေ တိုက်ခန်း ကွန်ဒို စက်မှုဇုန် ရောင်း ဝယ် ငှား ဈေးနှုန်း သတင်း အချက်အလက်များ ပြည့်စုံစွာ...

အင်တာနက်ဂျာနယ်
INTERNET journal
အတွဲ (၁၅)၊ အမှတ် (၃၈)
Telenor ဆင်းမ်ကတ်ကို ဟန်းဆက်နှစ်မျိုးဖြင့် တွဲဖက်ဝယ်ယူနိုင်မည်
2G အသုံးပြုနိုင်သည့် Keypad ဟန်းဆက်နှင့် ဆင်းမ်ကတ်ကို ၁၉,၉၀၀ ကျပ်ဖြင့်လည်းကောင်း၊ 3G ကွန်ရက်အသုံးပြုနိုင်သည့် Touchscreen ဟန်းဆက်နှင့် ဆင်းမ်ကတ်ကို ၄၉,၉၀၀ ကျပ်ဖြင့်လည်းကောင်း ရောင်းချမည်ဖြစ်သည်။
■ စက်တင်ဘာ ၂၇ ရက်၌ရောင်းချသည့် Telenor ဆင်းမ်ကတ်များ နိုင်ငံ ၅ နိုင်ငံသို့ ခေါ်ဆိုနိုင်မည်
■ Wi-Fi ပါဝင်သော မောင်းသူမဲ့လေယာဉ်များကို ၂၀၁၅ ခုနှစ်တွင် Facebook စမ်းသပ်ရန်စီစဉ်
■ ကွန်ပျူတာသုံးစွဲသူတိုင်းတွင် ရှိထားသင့်သည့် အခမဲ့ထိပ်တန်းပရိုဂရမ် (၁၀) ခု
အဝရှိသော သတင်း၊ ဆောင်းပါးများနှင့် .....
တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ
Marketing - 09 730 32928 | Subscription - 09 730 53320


ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
ဘိုးဘွားပိုင်မြေတစ်ကေပေါ်တွင် တည်ဆောက်ပေးမည့် အထပ်ပေါင်း (၂၇)ထပ်၊
အခန်းပေါင်း (၃၆၉)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SOMERSET SERVICED RESIDENCE
ပါရှိသော မြန်မာနိုင်ငံ၏ အထင်ကရ အိမ်ရာစီမံကိန်း
လျှောင်ဒဏ်ကိုရစ်ချက်တာစကေး အနည်းဆုံး(၈)ခံနိုင်အောင် တည်ဆောက်ထားပါသည်။
CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကိုလည်း အခန်းဝယ်ယူသူအားလုံး ရာသက်ပန်
စုပေါင်းအချိုးကျပိုင်ဆိုင်နိုင်မည်ဖြစ်သဖြင့် အလွန်ခိုင်မာသောရင်းနှီးမြှုပ်နှံမှု
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
• ကမ္ဘာ့အေးအေတီ လမ်းနှင့်ဆရာစံလမ်းထောင့် (ရန်ကုန်မြို့၏အထင်ကရနေရာ) • တစ်မူထူးခြားဆန်းပြားသော ဗိသုကာဒီဇိုင်း
မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်သည့် DUAL KEY SYSTEM UNIT များ
• အပူဒဏ်နှင့် အသံဆူညံမှုတို့ကို အပြည့်အဝကာကွယ်ပေးသည့် မှန်နှစ်ထပ်ပါ LOW E-GLASS SYSTEM
• တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိမ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
• အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
• အဆင့်မြင့်မီးဘေးအန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက် မီးငြိမ်းသတ်စနစ်
• 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
• အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ
• INTERNATIONAL စားသောက်ဆိုင်များ
1st Prize
2nd Prize
3rd Prize
ကံစမ်းမဲ ဖွင့်လှစ်ပေးမည့်နေ့
၂၀၁၅ခုနှစ်
ဖေဖော်ဝါရီလ (၁၂)ရက်နေ့
(၂၅)ထပ်ရှိ အိပ်ခန်းနှစ်ခန်းပါ CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
GIA (3)ကာရက်ရှိ စိန်လက်စွပ်တစ်ကွင်း
ROOM TYPES | SQFT
2 BEDROOMS 1000 - 1100 Sqft
2 BEDROOMS + STUDY 1200 - 1300 Sqft
3 BEDROOMS + STUDY 1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1) 2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM) 2100 Sqft
PENTHOUSE 4350 - 5400 Sqft
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09 4202 88025, 09 4253 10993,
09 730 40513, 09 4500 21758,
09 540 7541, 09 2501 41060

## လပြည့်နေ့တွင် မြို့နယ်သုံးမြို့နယ်၌ မဟာပဝါရဏာပြုသံဃာ့ပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ ၂၈**

သီတင်းကျွတ်လပြည့်နေ့၌ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လှည်းကူး၊ မင်္ဂလာဒုံ၊ မှော်ဘီ သုံးမြို့နယ်တွင် မဟာပဝါရဏာပြုသံဃာ့ပူဇော်ပွဲကျင်းပမည်ဖြစ်သည်။

အဆိုပါမြို့နယ်သုံးမြို့နယ်မှ ဆရာတော်ကြီးများ ပါဝင်သော ပျဉ်းမပင်၊ သုခမ္မာပဝါရဏာကိုဏ်းလုံး ဆိုင်ရာ မျိုးဆက်သစ် သာသနာ့အမြုတေ ဝိနယာမိက ရှင်သာမဏေစာပေးပွဲ စာအောင်သာမဏေများ အောင်ဆု ဆက်ကပ်ခြင်းနှင့် အနှစ်သုံးပါးနှင့်ပြည့်စုံသော ပဝါရဏာပြု သံဃာအပါး ၁၀၀၀ ခန့်တို့နှင့် စာဖြေသံဃာ ၂၁၂ ပါးတို့အား စာအောင်ဆု ဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူပူဇော်ခြင်းတို့ကို မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာရှိ အာယုဒီဃပျိုးဥယျာဉ် စာသင်တိုက်တွင် ရာပြည့်ကျော် (၁၁) ကြိမ်မြောက် လောင်းလှူပူဇော်ကျင်းပ ပြုလုပ်မည်ဖြစ်ပါသဖြင့် စေတနာရှင် အလှူရှင်များ တပည့်ဒါယကာ၊ ဒါယိကာမများသည် ကျင်းပရေးကော်မတီအဖွဲ့နှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကြေးမုံ**

## တောခေါင်း၊ တောကြပ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း မြင်းမူတွင်ဖွင့်

**မြင်းမူ၊ စက်တင်ဘာ ၂၈**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန တောခေါင်း၊ တောကြပ်များ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို စက်တင်ဘာ ၂၅ ရက်က မြင်းမူမြို့နယ် ဘိုးမင်းကြီးကင်း ပျိုးဥယျာဉ် သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

တောခေါင်း၊ တောကြပ်များ စွမ်းဆောင်ရည်မြှင့် သင်တန်းတွင် မြင်းမူမြို့နယ် ဦးစီးအရာရှိဦးကျော်မင်းစိုး၊ မြောင်မြို့နယ် ဦးစီးအရာရှိ ဦးသိန်းထွန်းနှင့် ဒုတိယဦးစီးမှူးနှစ်ဦးတို့က စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ ထင်းအစား အခြားလောင်စာများ တိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့် ဘာသာရပ်များကို သင်တန်းသားများအား သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

အဆိုပါ တောခေါင်း၊ တောကြပ်များ စွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်းကို မြင်းမူမြို့နယ်မှ ရှစ်ဦး၊ မြောင်မြို့နယ်မှ လေးဦး စုစုပေါင်း သင်တန်းသား ၁၂ ဦး တက်ရောက်ကြပြီး သင်တန်းကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ၃ ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ**

# သမဝါယမချေးငွေ အတိုးနှုန်းလျှော့ချရေး ထီးချိုင့်၌ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ထီးချိုင့်၊ စက်တင်ဘာ ၂၈**

ထီးချိုင့်မြို့နယ် သမဝါယမဦးစီးဌာနသည် Exim Bank မှ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ထုတ်ချေးငွေ၏ အတိုးနှုန်းလျှော့ချရေး လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစန်းမောင် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူများ၏ စားဝတ်နေရေး ပြေလည်စေရန် နည်းမျိုးစုံ၊ ဘက်စုံထောင့်စုံ၊ ကဏ္ဍစုံမှ စေတနာထားစောင့်ရှောက်ပေးနေလျက်ရှိကြောင်း၊ ယခုဆိုလျှင် ယခင်အတိုးနှုန်း ၁၈ရာခိုင်နှုန်းမှ ယခုအခါ ၁၃ ရာခိုင်နှုန်းလျှော့ချပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို သဘောပေါက်နားလည်ပြီး မိမိတာဝန်ကို ကျေပွန်စေလိုကြောင်း စသည်ဖြင့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးစန်းမောင်က ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဦးစီးအရာရှိ ဦးစိန်သောင်းက အတိုးနှုန်းလျှော့ချပေးခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ယခင်က ၁၈ ရာခိုင်နှုန်းဖြင့် ချေးပေးထားသည့်သူများကိုလည်း သတ်မှတ်ကာလအချိန်ပြည့်၍ ပြန်လည်ဆပ်ပြီးပါက နောက်တစ်ကြိမ် ထပ်မံချေးပေးသည့်အခါ ယခုအတိုးနှုန်းကို ခံစားရမည်ဖြစ်ကြောင်း အသင်းသားများအနေဖြင့် မိမိတို့အခြေခံအသင်းကို ပိုမိုခိုင်မာကျစ်လျစ်စေရန်၊ တာဝန်ယူမှု၊ တာဝန်သိမှု၊ တာဝန်ခံမှုတို့ကို နားလည်စေရန် ရှင်းလင်းဆွေးနွေးပြောကြားသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်အတွင်းရှိ အသင်းအမှုဆောင်များနှင့် ချေးငွေရယူထားသော အသင်းသားများလည်းပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စောကလျာ(ထီးချိုင့်)**

## ကလေးမြို့တွင် ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုး

**ကလေး၊ စက်တင်ဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဦးစီးဌာနမှ (Special Tree Planting Ceremony) အနေဖြင့် သာစည်ကျေးရွာအုပ်စု မြို့ကြီးကုန်းကျေးရွာတွင် ကလေးမြို့နယ် သစ်တောဦးစီးဌာနမှ ကျေးရွာပြည်သူများ၊ ကျေးရွာရှိ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ရတနာတန်းဝင်ကျွန်းပင် ၂၀၀ ကို စက်တင်ဘာ ၂၂ ရက်က စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကလေးမြို့ သစ်တောဦးစီးဌာနအနေဖြင့် သစ်ပင်ချစ်မြတ်နိုးသူများကို ပျိုးပင်များအခမဲ့ပေးဝေကာ စိုက်ပျိုးစေလျက်ရှိပြီး မိုးရာသီ သစ်ပင်စိုက်ပျိုးမှု ကာလအတွင်း သစ်ပင်ပေါင်း သောင်းဂဏန်းကျော် စိုက်ပျိုးခဲ့သည်။

**လင်းလက်ကြယ်စင်**

# ပြင်ဦးလွင်မြို့တွင် ပြည်သူများ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်

**ပြင်ဦးလွင်၊ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြင်ဦးလွင်ခရိုင်၊ မြို့နယ်များမှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများသည် လမ်းမဘေးဝဲယာတို့တွင် သွယ်တန်းထားရှိသော ဟောင်းနွမ်းနေသော လျှပ်စစ်ကြိုးများအား လဲလှယ်ခြင်း၊ ယိုင်နေသော လျှပ်စစ်မီးတိုင်များ ပြန်လည်တည့်မတ်ခြင်း၊ လျှပ်စစ်ကြိုးများ တင်းခြင်းနှင့် မကောင်းသော ကြွေသီးများ လဲလှယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ပြင်ဦးလွင်မြို့၌ လူဦးရေများပြားလာသည့်အတွက် ရပ်ကွက်ကြီးများတွင် လူနေအိမ်များ အသစ်တိုးချဲ့တည်ဆောက်လာကြရာ လျှပ်စစ်အသုံးပြုမှုမှာလည်း များပြားလာလျက်ရှိသည်။

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ပြင်ဦးလွင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူး ဦးဇော်မြင့်အောင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးကိုကိုဌေးတို့ကဦးဆောင်ကြီးကြပ်လျက် မြို့နယ်လျှပ်စစ်ကျွမ်းကျင် ဝန်ထမ်းများဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ အများပြည်သူ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရပ်ကွက်ကြီးများအတွင်းရှိ လမ်းဘေးဝဲယာရှိ လျှပ်စစ်မီးတိုင်များ၊ အစိုးရရုံးဌာနများ၊ ကျောင်းများနှင့် ပြင်ဦးလွင်မြို့ (၃၃) ကေဗွီ၊ မြို့မလိုင်းရှိ ယိုင်နေသော လျှပ်စစ်တိုင်များ တည့်မတ်ခြင်း၊ မကောင်းသော ကြွေသီးများလဲလှယ်ခြင်း၊ လျှပ်စစ်ကြိုးတန်းများနှင့် မလွတ်ကင်းသော သစ်ကိုင်းများ ရှင်းလင်းခြင်း လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**၅၈၁**



TRAVEL PALACE (အဆင့်မြင့်ဘုရားဖူးနှင့်အပန်းဖြေခရီးသွားလုပ်ငန်း)
◆ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး 3 N/ 4D
◆ မန္တလေး၊ ပြင်ဦးလွင် 3 N/ 4D
◆ ကျိုက်ထီးရိုး၊ ကျိုက္ကမီ၊ ဖားအံ 3 N/ 4D
◆ တောင်ကြီး၊ အင်းလေး (ဖောင်တော်ဦးဘုရားပွဲ) 4 N/ 5D
Sep 26, Oct 3, 7
Hotel Package Restauarent စာကျွေး
အသင်းအဖွဲ့များအတွက် ခရီးစဉ်မျိုးစုံ စီစဉ်ပေးသည်။
01-577795, 09-5155170, 09-448025596

ခေတ်ရွှေဆောင်
၀၉ ၄၄၉၂၅၀၁၉၁၊ ၀၁-၇၁၀၀၈၂
၀၉ ၄၂၀၀၀၅၂၇၈၊ ၀၉ ၅၀၇၃၄၄၅
အင်းလေးဖောင်တော်ဦးဘုရားပွဲ ၊ လွိုင်ကော်-တောင်ကွဲစေတီ၊ ကလော၊ ပင်းတယ၊ ထမ်းစမ်း၊ မြေတော်ကတ္တူ၊ နေပြည်တော်(၇)ရက်၊ ထားဝယ်ရှင်ကိုးရှင်၊ နှစ်ကိုပ်ရှစ်ဆူပွဲ(၇)ရက်၊ ခရီးစဉ်တိုင်း-စက်လှေ+ထမင်းကျွေး+တည်း(ငြိမ်း)-၈၀၀၀၀/- Oct-7 Nov-3 ထွက်မည်

Royal Gandamar Travels & Tours
>စင်ကာပူ(3Nights4Days) Oct 10 $770
> ဗန်ကောက်- ဟွာဟင်ကမ်းခြေ(5Days) Oct 9 $640
>အင်းလေး-တောင်ကြီး-ထန့်စမ်းဂူ ကလော-ပင်းတယ(၅ရက်) Oct 7,10 180000
>ပုဂံ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ (၅ရက်) Oct 7 170000
>ချောင်းသာ (၂ညအိပ်၊ ၃ရက်) Hotel Max(seaview) Oct 18 105,000
Call:09 333 53275, 09 250 892626, 09 5127969
အမှတ် (၆၉) ၊ ဒုထပ် ၊ ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊
3*Hotel, Scania ကား, Meals, Guide စရိတ်ငြိမ်း

နိုင်ငံတကာလေကြောင်းလိုင်းများတွင် လေယာဉ်မောင်/မယ်များ အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(M.T.F)၏ အသိအမှတ်ပြု Training Centre
အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်း
Flight Attendant & Front Office Course



* အပြည်ပြည်ဆိုင်ရာ လေကြောင်းပို့ဆောင်ရေး အဖွဲ့အစည်း အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH&LA (USA) မှ သတ်မှတ်ထားသော Course Guide Line များဖြင့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမ များကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးပါသည်။
* သင်တန်းတက်နေစဉ်အတွင်း ဟိုတယ်သို့ Excursion ပို့ပေးသည်။
* ပြည်တွင်းပြည်ပ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်အတွက် ကူညီပေးသည်။
* သင်တန်းဝင်ခွင့်လျှောက်လွှာပိတ်ရက် ( 6 . 10 . 2014 ) * လူဦးရေကန့်သတ်ထားပါသည်။
Star Resources
တိုက် (၂၆၇)၊ အခန်း (၂၀၂)၊ ပြည်လမ်း၊ မြေနီကုန်း(ရှီးမဘာဏ်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
☎ 01- 523 200၊ 230 4020၊ 230 4021၊ 523 623၊ 09 5020 302။ www.star-resourcesacademy.com

ပေါ်ပြူလာစတား ပြည်တွင်းခရီးစဉ် Travel & Services
သီတင်းကျွတ်နှင့်တန်ဆောင်တိုင်အထူး ၄ညအိပ်၊၅ရက်ခရီးစဉ်
တောင်ကြီးခရီးစဉ် – ၁.၃ သိန်း Oct-3, Nov-14
ပြင်ဦးလွင်ခရီးစဉ် – ၁.၃ သိန်း Nov-5
ပုဂံခရီးစဉ် – ၁.၃ သိန်း Nov-5
Scania Bus, 3 Stars Hotel, Special Restaurants
အမှတ်(၇၄)၊ နံ့သာလမ်း၊ အလုံ၊ ရန်ကုန်။ Ph: 01 2301866, 09-5129134, 09-250154837

**ကျန်းမာရေးဆောင်းပါး**

**à lunf(Ü)i(nk)**



# ဒူးနာရောဂါသတိပြုစရာ

အသက် ၅၀ ကျော်လူကြီးတစ်ဦးသည် အပြင်သွားစရာကိစ္စရှိသဖြင့်သွားပြီး အိမ်ပြန်ရောက်သည့်အခါတိုင်း ခြေဆေးလေ့ရှိသည်။ အပြင်ထွက်ပြီး ပြန်ရောက်တိုင်း ခြေဆေးလေ့ရှိသည်မှာ သူ၏ အကျင့်ဖြစ်သည်။ မကြာမီပင် သူ့မှာ ဒူးနာရောဂါဖြစ်လာသည်။ ဖြစ်စက ဒူးထဲမှ ညောင်းသလိုလိုခံစားရပြီး လှေကားအဆင်းအတက်များသောနေရာတစ်ခု သွားပြီးနောက်တွင် သိသိသာသာနာလာသည်။ ထို့နောက်တွင်တော့ သူ့မှာဒူးနာရောဂါစွဲသွားတော့သည်။ စွဲသွားသည်ဆိုခြင်းမှာ ဒူးနာရောဂါ မပျောက်တော့ဘဲ စွဲစွဲမြဲမြဲဖြစ်နေသောကြောင့်ဖြစ်သည်။ အထိုင်အထပြုလုပ်တိုင်း ဒူးထဲမှနာနေတော့သဖြင့် လက်ဖြင့်ထောက်၍ သို့မဟုတ် တစ်ခုခုကိုကိုင်မှ ထိုင်ရထရသောအခြေအနေသို့ ရောက်နေပြီဖြစ်သည်။

အနောက်တိုင်းဆေးပညာအရ အသက်ကြီးလာလျှင် ဒူးအရွတ်များကြားမှထွက်သောချောဆီသည် ဒူးနှင့်ခုံညင်းပွတ်တိုက်မှုမှ ကာကွယ်ပေးသည်။ အရိုးပွပြီး ဒူးအနေအထားပုံမမှန်မဖြစ်ရာမှ ချောဆီထွက်အားလည်းနည်းသွားသောအခါတွင် ဒူးနာရောဂါဖြစ်သည် ဟုအဆိုရှိသည်။ အချို့မှာလည်း လူအလွန်ဝလာသဖြင့် ဒူးဆက်က မထမ်းနိုင်တော့သဖြင့် အရွတ်များ၊ ဆိုင်းကြောများ ရောင်ရာမှဒူးနာရောဂါဖြစ်ရသည်ဟုဆိုသည်။

ဒဏ်ကြောင့်ဖြစ်သော ဒူးနာလည်းရှိသည်။ ဘောလုံးသမားများ၊ အပြေးအားကစားသမားများ၊ ဘတ်စကတ်ဘော၊ ဘော်လီဘောကစားသူများတွင် အချင်းချင်းခိုက်မိဒဏ်ကြောင့် ဒူးနာရောဂါရတတ်သည်။ ဘောလုံးသမားဆိုလျှင် ပို၍ဆိုးသည်။ ဖိနပ်ဦးဖြင့် ကန်မိသဖြင့် ခုံညင်းကိုပင့်ထားသောဒူးအရွတ် ပြတ်သွားသဖြင့် ရာသက်ပန်နားလိုက်ရသူများပင်ရှိသည်။ ဒူးနာမှန်သမျှတွင် ခိုက်မိဒဏ်ကြောင့်ဖြစ်သော ဒူးနာမှာ အဆိုးဆုံးဖြစ်သည်။

အားကစားသမားချင်း တူသော်လည်း တောင်တက်စက်ဘီးစီးသမားများနှင့် အပြေးသမားများ၊ ခြင်းလုံးခတ်ကစားသူများမှာ ဒူးနာရောဂါဖြစ်ခဲ့သည်ကိုတွေ့ရသည်။ သူတို့၏ ကစားနည်းမှာ ဒူးကို ပုံမှန် ကွေးဆန့်လေ့ကျင့်ပေးသလိုဖြစ်သဖြင့် ဒူးနာရောဂါဖြစ်နေသူပင် ပျောက်ကင်းသွားနိုင်သည်ဟုဆိုသည်။ ဒူးကို စက်ဘီးစီးသကဲ့သို့ ပုံမှန်ကွေးဆန့်ပြုလုပ်ပေးခြင်းသည် ဒူးထဲမှချောဆီထွက်စေရန် လှုံ့ဆော်ပေးသဖြင့် ဒူးနာရောဂါကို သက်သာစေသည်ဟုဆိုသည်။ ခြေထောက်ကို ရေမကြာခဏဆေးသူများနှင့်ခြေဖဝါးရေစိုသော အလုပ်လုပ်သူများ ဒူးနာရောဂါရတတ်သည်။

ခြေထောက်ရေစိုသောအခါခြေမျက်စိအောက်ပိုင်းမှအပူသည် ဒူးသို့တက်သွားရာမှ ဒူးနာရခြင်းဖြစ်သည်။ ခြေထောက် ခြေဖဝါးရေစိုခြင်း၊ ရေဆေးခြင်းသည်ညအိပ်ရာဝင်ဒူးအောက် ရေလောင်းခြင်းနှင့်မတူပေ။ ဒူးဆစ်မှ အောက်ပိုင်းရေလောင်းခြင်းသည် အပူများ၊ အပုပ်အခိုးများ မျက်စိသို့ မတက်စေရန် ကာကွယ်ခြင်းဖြစ်သည်။ ခြေမျက်စိအောက်ပိုင်းရေဆေးခြင်းသည် မျက်စိသို့ အခိုးပို၍တက်စေသည်။

ရိုးရာဆေးပညာသဘောအရ ဝမ်းမီးက အစာကြေချက်ပြီးနောက် စွန့်ပစ်ရမည့်ဝမ်းနှင့် အပုပ်အခိုးများသည် အောက်ပိုင်းသို့ လှည့်စမြဲဖြစ်သည်။ ကျင်ကြီးစွန့်၍လည်းကောင်း၊ လေလည်၍လည်းကောင်း၊ ခြေဖဝါးမှ ချွေးထွက်၍လည်းကောင်း အပုပ်အခိုးများကို ခန္ဓာကိုယ်ပြင်ပသို့ ထုတ်ပစ်သည်။ ခြေဖဝါးမှအပုပ်အခိုးမထွက်သူသည် ခြေဆီမထွက်ဘဲ ခြေဖဝါး ခြေဖနောင့်များတွင် အက်ကွဲကြောင်းများထင်လာပြီး တေဇော၊ ဝါယော အပူကန် လက္ခဏာများ ပြလာလေသည်။ ထိုသူများသည် ခြေသလုံးများ ညောင်းကိုက်ရာမှစ၍ ဒူးအထိတက်လာလျှင် ဒူးနာခြင်း၊ ခါးအထိတက်လာလျှင် ခါးနာခြင်း၊ ကျောက်ကပ် အပူခိုခြင်း၊ လက်ပြင်မှ ဇက်အထိတက်လာလျှင် ဇက်ကြောထိုးခြင်း၊ ဦးခေါင်းအထိ အပူအပုပ်အခိုးများတက်လာသောအခါတွင် မျက်စိမှုန်ခြင်း၊ ဆံပင်ကျွတ်ခြင်း၊ ထိပ်ပြောင်ခြင်းများ ဖြစ်ပွားနိုင်ပေသည်။

ညအိပ်ရာမဝင်မီ (နောက်ဆုံး အစာစားပြီးချိန်နှင့် နှစ်နာရီခြား) အစာသစ်အိမ်မှာ အစာမရှိ၊ အစာဟောင်းအိမ်သို့ အစာများရောက်မည့်အချိန်တွင် ဒူးအောက်ပိုင်းရေဆေးခြင်းသည် လူကိုအကျိုးပြုသည်။ ညဦးပိုင်းတွင် ကောင်းစွာအိပ်စက်စေနိုင်သည်။ ခြေဖဝါးအောက်ပိုင်း အပူများစီးဆင်းသွားစေရန် ဒူးအထက်ပိုင်း (ပေါင်လယ်ခန့်) မှ အောက်သို့ရေလောင်းချရမည်။ ရေနွေးဖြင့် ခြေမဆေးရ၊ ရေဖလားဖြင့် (၇)ခွက်လောင်းရမည်ဟု ရှေးက အယူရှိသည်။ သို့မှသာ အပူကုန်မည်၊ အပုပ်အခိုးအငွေ့များ အောက်သို့ဆင်းမည်ဟု ယူဆရသည်။

နေ့လယ်နေ့ခင်းအချိန် အပြင်သွားပြီး ခြေထောက်မှာ ညစ်ပတ်လာသဖြင့် ရေမဆေးမဖြစ် ဆေးရမည်ဆိုလျှင် လိုက်နာရမည့်အချက်များမှာ -

(၁) ခြေထောက်ရေမဆေးမီ ရေအေး တစ်ခွက်အရင် သောက်ပါ။
(၂) လုံချည် သို့မဟုတ် ထဘီကို သေချာစွာ ခါးတောင်းကျိုက်ပြီး ဒူးအထက်မှစ၍ အောက်ပိုင်းသို့ ရေလောင်းချပါ။
(၃) ရေအေးဖြင့်သာ ရေဆေးပါ၊ ရေနွေး မစပ်သင့်ပါ။
(၄) ရေဖလားဖြင့် (၇)ခွက်မှ အထက် လောင်းဆေးပါ။
(၅) လည်ချောင်းနာနှင့် အာသီးရောင်ရောဂါရှိသူများ ခြေထောက်ရေလောင်းနေစဉ် ပါးစပ်ထဲတွင် ရေကိုငုံထားပါ။ ဤနည်းဖြင့် အာသီးရောင်ခြင်းကို ကာကွယ်နိုင်သည်။
(၆) ရေလောင်းပြီးနောက် ခြောက်သောအဝတ်ဖြင့် ခြေနှစ်ဖက်လုံးကို ရေပြောင်စင်အောင်သုတ်ပါ။ အခိုးများ ထွက်လာသည်အထိ သုတ်ပေးပါ။
(၇) မျက်နှာသစ်လိုလျှင် မျက်နှာအရင်သစ်ပြီးမှသာ ခြေထောက်ကိုရေဆေးပါ။ ခြေဆေးပြီးမှမျက်နှာမသစ်ပါနှင့်။

ဤနည်းများအတိုင်း ကျင့်သုံးလျှင် ခြေထောက်ဆေးခြင်းကြောင့် ဒူးနာရောဂါဖြစ်ခြင်းကိုလည်း ကာကွယ်ရာရောက်ပါသည်။ အသက်ငယ်ငယ်ဖြင့် ဒူးနာသူများသည် ခြေထောက် မကြာမကြာ ရေဆေးလေ့ရှိသူများဖြစ်ကြောင်း တွေ့ရပါသည်။

အချို့ဒူးနာသူများကို X-ray ဓာတ်မှန်ရိုက်ကြည့်သောအခါ ခုံညင်းအောက်ခံတွေ့ဆက်ဖြစ်နေသော ဒူးအရိုးကြီးတွင် အချွန်အတက်ကျီးပေါင်းများကို တွေ့ရတတ်သည်။ ထိုသူများသည် အထိုင်အထတွင် လုံးဝသတိထားရသည်။ လှေကားအတက်တွင် သိပ်မနာ၊ လှေခါးအဆင်းတွင် ပို၍နာလေ့ရှိသည်။ ဒူးဆစ်အတွင်း အဆီခန်းရာမှ အရိုးပွလာပြီး ကျီးပေါင်း တက်လာခြင်း၏ မူလတရားခံမှာ အထိုင်များပြီး လမ်းအလျှောက်နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ လူတိုင်းတစ်နေ့လျှင် ၁ နာရီခန့် သို့မဟုတ် ၂ မိုင်ခန့် လမ်းလျှောက်ပေးလျှင် ဒူးဆစ်အဆီ ခန်းခြင်းနှင့် အရိုးပွခြင်းမှ ကာကွယ်နိုင်သည်။ ဒူးနာရောဂါရှိသူများသည် ဝမ်းတွင်းသားနှင့် အနီရောင်ရှိသော အသားများကိုလည်း ရှောင်ကြဉ်သင့်သည်။ ထိုအသားများသည် အနောက်တိုင်း ဆေးပညာအလိုအရ Uric Acid များသောအစာများဖြစ်ပြီး တိုင်းရင်းအလိုအရလည်း အပုပ်စာနှင့် တေဇော၊ ဝါယောကြွစေသော အစာများဖြစ်သည်။ ထိုအစာများကို လုံးဝရှောင်ကြဉ်ပြီး အသီးအနှံနှင့်ငါးကို စားသုံးသင့်သည်။

ဒူးနာရောဂါရှိသူများနှင့် သင့်တင့်သော အသီးအနှံမှာဓာတ်စာအပြင် ရုံးပတီသီး၊ ပဲတောင့်ရှည်၊ ပဲရာဇာနှင့် မြေထောက်ပဲများ၊ ဒန့်သလွန်သီး၊ ကျောက်ဖရုံသီး၊ ပဲလင်းမြွေသီး၊ ဂေါ်ရခါးညွန့်၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ မျှစ်ချို၊ ပဲစောင်းလျားသီး၊ ရှောက်သီး၊ ကျွဲကောသီး၊ ထောပတ်သီး၊ ကမ္ဗလာသီး၊ လိမ္မော်သီး၊ မုံလာဥဖြူ၊ မုံလာဥနီ စသည်များကို စားပေးသင့်သည်။ ဒူးနာအတွက်လိမ်းသောဆေးမှာ -

(၁) ချင်းခြောက်အမှုန့် ၂ ကျပ်ခွဲသား
(၂) လင်းနေအမှုန့် ၂ ကျပ်သား
(၃) မုံညင်းဆီစစ်စစ် ၁၀ ကျပ်သား
(၄) ပရုပ်မှုန့် ၁ ကျပ်သား

ဆေးဖော်နည်းမှာ သန့်ရှင်းသောချင်းတက်နှင့် လင်းနေတို့ကို ပရဆေးဆိုင်မှဝယ်ယူပြီး သံဆုံတွင် ထောင်း၍ အမှုန့်ပြုလုပ်ပါ။ နေလှန်းထားပါ။ သေချာစွာခြောက်သွေ့သောအခါ မုံညင်းဆီစစ်စစ်ကို ဒယ်အိုးတွင် ၁၀ ကျပ်သား ထည့်၍ မီးနွေးနွေးဖြင့်တည်ထားပါ။ အမြှုပ်တက်ပြီးဆူလာသောအခါ ချင်းခြောက်နှင့် လင်းနေအမှုန့်များကိုထည့်ပြီး ချထားပါ။ အငွေ့သေသောအခါမှ ပရုပ်မှုန့်ထည့်ပြီး လေလုံအောင်အုပ်ထားပါ။ အကယ်၍ မုံညင်းဆီစစ်စစ်မရနိုင်ခဲ့လျှင် မိမိအရပ်ဒေသထွက် နှမ်းဆီစစ်စစ်ကို ဆေးချက်ရန် အသုံးပြုနိုင်ပါသည်။ မုံညင်းဆီကဲ့သို့ပင် နှမ်းဆီသည်လည်း ပူ၍ အခိုးပွင့်စေသော သတ္တိရှိပါသည်။ ဒူးဆစ်အတွင်းမှ အရွတ်များမခြောက်စေရန်အတွက် လိမ်းဆေးအဆီကို နေ့စဉ်လိမ်း ပေးသင့်ပါသည်။ ထိုဆေးကို ညအိပ်ရာဝင်အချိန်တိုင်း လိမ်းပါ။ လိုအပ်လျှင် ဆေးလိမ်းပြီး ပတ်တီးစည်းထားပါ။ ဒူးနာရောဂါမှန်သမျှ သက်သာစေနိုင်သောဆေးနည်းဖြစ်ပါသည်။

(မွေးတောင်ကြီး ခရီးသွားလုပ်ငန်းမှ စီစဉ်သည်)

**သာကီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး



ယခင် ~~(၈)သိန်း~~ ယခု **(6.6)** သိန်းစရိတ်ငြိမ်း (ယခင် ၁၂ရက်ခရီးစဉ်အစား ၁၅ရက်) ဖွား၊ ပွင့်၊ ဟော၊ စံ
သာဝတ္ထိ၊ ဝေသာလီ၊ နာလန္ဒာ၊ ပတ္တနား၊ ရာဇဂြိုလ်
ယခင် ~~(၉)သိန်း~~ ယခု **(7.7)** သိန်းစရိတ်ငြိမ်း အထက်ဖော်ပြပါ ခရီးစဉ်အပါအဝင် နယူးဒေလီ၊ တပ်ချ်မဟာ
ဈေးနှုန်းလျှော့၍ ဝန်ဆောင်မှုလျှော့မည်မဟုတ်၊ ရန်ကုန်မှ ထွက်ခွာ/ပြန်ရောက်သည်အထိ မည်သည့်အပိုကြေးမှ ထပ်မံပေးသွင်းရန်မလိုစရိတ်ငြိမ်း။
ခရီးစဉ်ရက်များ: Oct - 8,15,22,29 Nov - 5,12,19,26 Dec - 3,10,17,24 Jan - 7,14,21,28

အပတ်စဉ် အောက်တိုဘာလမှ ဧပြီလကုန်အထိ ဗုဒ္ဓဟူးနေ့တိုင်းထွက်ရှိပါမည်။
- ခရီးစဉ်များအားလုံး (၁၅) ရက်ခရီး
- အသွား၊ အပြန် လေယာဉ်လက်မှတ်
- အိန္ဒိယ၊ နီပေါ ဗီဇာကြေးအပါအဝင်
- အမျိုးနည်းတူ စားသောက်/တည်းခိုမှု
- ဂယာနှင့် နယူးဒေလီ (ဟိုတယ်တည်း)
- ဘုရားစုံ၊ နေရာစုံ၊ ဒေသစုံ
- (၁၆)ဦး (၁)ဦးအခမဲ့

ရန်ကုန်(ရုံးချုပ်) – အမှတ်(၁၀၅)၊ ၁၂၃ လမ်း (အပေါ်)၊ သိမ်ဖြူကားမောင်းကွင်းရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း ၀၁–၂၀၀၉၅၂၊၀၉–၅၂၁၁၄၀၂
မန္တလေးရုံးဖုန်း – ၀၂–၂၄၅၄၀ ၊ ၀၉– ၃၀၂၀၉၄၀၈ တောင်ကြီးရုံးဖုန်း – ၀၈၁–၂၀၀၁၇၃ ၊ ၀၈၁– ၂၁၂၂၄၀၂
Hot Line - 01-200952

အချစ်နဲ့စစ်မှာ ဘာပဲလုပ်လုပ် တရားတယ်ဆိုတဲ့ အဆိုအမိန့်ဟာ ဟုတ်သေးရဲ့လား ရှုံးနိမ့်သွားသူဘက်က စဉ်းစားကြည့်ပါ။ စစ်ပွဲတစ်ရာ ဆင်နွှဲပြီး အချစ်တစ်ပွဲ မနွှဲလိုက်ရဘဲ ရွက်ဝါလေးတွေလို ကြွေလွင့်သွားတဲ့ တပ်မတော်သား ရဲဘော်လေးများအကြောင်း...

**အချစ်တစ်ပွဲ စစ်ပွဲတစ်ရာ**
**အောင်မြင်သူ**
ထွက်ပြီ
အားမာန်သစ်စာပေ → ၀၉–၇၃၀၄၁၀၇၈၊၀၁–၃၉၄၆၈၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မာန်ပြေ)၊ မြေကွက်အမှတ် (၁၃၀၇/ခ)၊ မြေကွက်တည်နေရာအမှတ် (၁၄)၊ မာန်ပြေ ၂၀–လမ်း၊ (၃) ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစန်းမြင့် အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးစန်းမြင့် (ခင်မှုန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်အုန်းကျင် (၁၂/မဂတ (နိုင်) ၀၄၉၈၀၃)မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ နိုင်လုံသော အထောက်အထားများဖြင့် (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**POSSIBLE** Travels & Tours

| | | |
|---|---|---|
| မော်လမြိုင်၊ ကျိုက္ခမီ၊ ဖင်းကျိုက် ခရီးစဉ် | Sep 27,Oct 4, 7 | 35000 |
| ကရင်ပြည်နယ် ဘားအံ ခရီးစဉ် | Oct 4, 7 | 35000 |
| ကျိုက်ထီးရိုးဆံတော်ရှင်၊ မဲလံတောင် ဘီးလင်းခရီးစဉ် | Oct 7, 10 | 70000 |
| အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီး ကလော၊ ပင်းတယ ခရီးစဉ် | Oct 7, 10 | 180000 |
| ရွှေစည်းခုံဘုရားပွဲ၊ ပုဂံညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ ခရီးစဉ် | Oct 7, 10 | 170000 |

Scania ကားအသစ်မြင့်ဟိုတယ်များဖြင့်စရိတ်ငြိမ်း
ဖုန်း– ၀၁–၇၀၆၇၁၆၊ ၀၁–၃၇၂၇၉၁၊ ၀၉–၆၇၂၄၆၆၁၂၆

## ပြည်တွင်းရေးရာ

# ဟန်လင်းပျူမြို့ဟောင်းသွားလမ်းပေါ်ရှိ တံတားနှစ်စင်းပြုပြင်ပြီးစီး၍ အန္တရာယ်ကင်းစွာသွားလာနိုင်ပြီ

**ဝက်လက်၊ စက်တင်ဘာ ၂၈**

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပျက်စီးသွားသော ဟန်လင်းပျူမြို့ဟောင်းသွားလမ်းပေါ်ရှိ တံတားနှစ်စင်းကို မြို့နယ်စည်ပင်သာယာရေးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့က ပြုပြင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝက်လက်မြို့နယ် ဟန်လင်းမြို့ဟောင်းသို့သွားသော စိုင်နိုင်-ဟန်လင်း လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၈/၅နှင့် ၈/၆အကြားရှိ တစ်ဖက်ဆည်တံတားကို သံပေါင်တံတား အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ ပေဖြင့် မြို့နယ်စည်ပင်သာယာမှ ပြုပြင်ပေးခဲ့ခြင်းဖြစ်ပြီး၊ ဂျပန်သစ်သားတံတားကို အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေဖြင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြုပြင်ဆောင်ရွက်ပေးခဲ့သည်။

ဝက်လက်မြို့နယ်တွင် စက်တင်ဘာ ၇ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မိုးရေတိုက်စားကာ ဝက်လက်မြို့နယ် ဟန်လင်းမြို့ဟောင်းသို့သွားသော စိုင်နိုင်-ဟန်လင်း လမ်းပေါ်ရှိ မိုင်တိုင်အမှတ် ၈/၅နှင့် ၈/၆အကြားရှိ တစ်ဖက်ဆည်သစ်သားတံတားမှာ တံတားအုတ်တိုင် လေးတိုင်အနက် အလယ်ရေလယ်တိုင် လဲကျခဲ့သဖြင့် တံတားတိမ်းညွတ်ခဲ့ခြင်းနှင့် ဂျပန်သစ်သားတံတားမှာလည်း ကြမ်းခင်းများ ပျက်စီးသွားခဲ့သောကြောင့် မော်တော်ယာဉ်များ အသုံးပြုသွားလာ၍မရခဲ့ကြောင်း သိရသည်။

**နန်းမြင့်**

# နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် မူခင်းကျဆင်းရေးပညာပေးဟောပြော

**မန္တလေး၊ စက်တင်ဘာ ၂၈**

နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ကြီးမှူး၍ မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၅ ရက် နံနက် ၁၀နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နှစ်(၅၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကျင်းပရခြင်းအကြောင်းကို မဟာအောင်မြေမြို့နယ် မြို့မရဲစခန်းမှူး ဒု-ရဲမှူး ဝင်းနိုင်မော်က ရှင်းလင်းပြောကြားခဲ့သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့စုမှ ဒု-ရဲအုပ် သက်ထွန်းဝင်းက လူကုန်ကူးမှုအန္တရာယ်နှင့် တစ်ဖက်နိုင်ငံသို့ မက်လုံးပေးလိမ်လည်ခေါ်ဆောင်မှုဖြစ်စဉ်များ၊ အမှတ်(၅၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ နယ်မြေမှူးက ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ထိခိုက်သေဆုံးမှုများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး လိုက်နာရမည့်အချက်များ၊ မူးယစ်အထူးအဖွဲ့မှ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးအကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောပြီး မဟာအောင်မြေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရီက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

## ဧရာဝတီတိုင်း ဒေသကြီး အိမ်မဲမြို့နယ်ရှိ မျိုးသန့်စပါး စိုက်ခင်းများတွင် စုပေါင်းမြေသြဇာကြဲပက်

**အိမ်မဲ၊ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့နယ်တွင် ၂၀၁၄-၂၀၁၅ မိုးစပါးရာသီအတွင်း မျိုးသန့်စပါးစိုက်ခင်းများတွင် မျိုးကွဲနုတ်ပယ်ခြင်းနှင့် စုပေါင်းမြေသြဇာကြဲပက်ပွဲကို စက်တင်ဘာ ၂၄ ရက်က ကွင်းယားတံခွန်တိုင်ကျေးရွာအုပ်စု မျိုးသန့်ဧက ၁၀၀ စံပြစပါး စိုက်ခင်းရှိ တောင်သူ ဦးရင်ထွေး၏ လယ်မြေစပါးခင်းတွင် ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။



အဆိုပါ မျိုးကွဲနုတ်ပယ်ခြင်းနှင့် စုပေါင်းမြေသြဇာကြဲပက်ပွဲသို့ မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမြင့်အေး၊ မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင်နှင့် ကွင်းဝန်ထမ်းများ၊ မျိုးသန့် ဧက ၁၀၀ စံပြ စိုက်ခင်းမှ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

အဆိုပါနေ့က တွေ့ဆုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ မျိုးသန့်စိုက်ခင်းအတွင်း ပေါင်းမြက်နှင့် မျိုးကွဲများ နုတ်ပယ်ခြင်း၊ စုပေါင်းမြေသြဇာ ကြဲပက်ခြင်းတို့ကို စုပေါင်း၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

# မကွေးမြို့၌ ကုန်တင်ကုန်ချကားကြီးဝင်းအသစ် တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားမည်

**မကွေး၊ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့အား တိုင်းဒေသကြီးမြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် မကွေးတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်ပစ္စည်းများအား အနယ်နယ်အရပ်ရပ်သို့ သယ်ယူပို့ဆောင်ရာတွင် တစ်နေရာတည်း အဆင်ပြေမှုရှိစေရန်နှင့် မကွေးမြို့တွင်းသို့ ကုန်တင်ယာဉ်ကြီးများ ဝင်ရောက်၍ ကုန်စည်တင်ဆောင်သွားလာမှုကြောင့် မြို့တွင်းလမ်းများပျက်စီးခြင်း၊ ယာဉ်ကြောပိတ်ဆို့ခြင်းများ မဖြစ်စေရန် ရည်ရွယ်ပြီး မကွေးမြို့၊ မြို့ရှောင်လမ်းတွင် ခေတ်မီသပ်ရပ်သည့် ကုန်တင်ကုန်ချကားကြီးဝင်း အသစ်တည်ဆောက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မကွေးမြို့အတွင်း ၂၂ ဘီးနောက်တွဲယာဉ်နှင့် (၁၈ဘီး၊ ၁၄ဘီး၊ ၁၂ဘီး၊ ၁၀ဘီး၊ ၆ဘီး) ကုန်တင်ယာဉ်အစီးရေ ၁၅၀ ခန့်သည် ကုန်၊ ယာဉ်တန်ချိန် ၂၄၂၅တန်ခန့် တင်ဆောင်ကာ နေ့စဉ်ဝင်ထွက်သွားလာလျက်ရှိပြီး ဈေးများ၊ ပွဲရုံများ၊ သိုလှောင်ရုံများ၊ အရောင်းဆိုင်များအရောက် ကုန်တင်ကုန်ချများ ပြုလုပ်လျက်ရှိသည်။ လမ်းခံနိုင်ဝန်အားနှင့် မမျှသည့် ကုန်တင်ယာဉ်များကြောင့် မြို့တွင်းရှိ လမ်း၊ တံတားအချို့ ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၁၃ ဘဏ္ဍာနှစ်မှစ၍ ယနေ့အထိ ပျက်စီးယိုယွင်းလမ်း ၃ ဒသမ ၃ဖာလုံခန့် အတွက် ငွေကျပ် ၁၁၂၂ သိန်းကျော် အသုံးပြုကာ ပြုပြင်မှုများဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

“ကုန်တင်ကုန်ချကားကြီးဝင်း ဆောက်ပြီးရင် ကုန်ကားကြီးတွေမြို့ထဲဝင်လို့ မရတော့ဘူး။ မင်းဘူးမြို့ကနေ ဧရာဝတီတံတားကြီးပေါ်ဖြတ်ပြီးဝင်လာတဲ့ကုန်ကားတွေ၊ တောင်တွင်း၊ နတ်မောက်၊ ရေနံချောင်း၊ နေပြည်တော်လမ်းတွေက မကွေးကိုဝင်လာတဲ့ ကုန်ကားတွေပေါ်မှာ ပါလာတဲ့ကုန်တွေကို ကားလေးတွေနဲ့ တစ်ဆင့်ပြန်သယ်ရပါလိမ့်မယ်။ အဲဒီအတွက် သယ်ယူပို့ဆောင်ခတွေ ပိုတက်လာပါမယ်။ အကောင်းဘက်က ပြန်ကြည့်ရင်တော့ မြို့မှာအလုပ်မဖြစ်တဲ့ ကားလေးတွေ လုပ်ငန်းအဆင်ပြေလာမယ်။ ကုန်ကားဝင်းကို အမှီပြုပြီး စားသောက်ဆိုင်လုပ်ငန်းသမားတွေ၊ ကုန်စုံဆိုင်တွေ၊ ဒေသခံအလုပ်သမားတွေ စားဝတ်နေရေး ချောင်လည်လာမယ်။ မြို့ထဲလမ်းတွေ အပျက်အစီးနည်းသွားရင် အခြားလိုအပ်တဲ့ နေရာတွေမှာ နိုင်ငံ့ဘဏ္ဍာကို အစားထိုးပြီး အသုံးချနိုင်မယ်။ အထူးသဖြင့် မြို့ထဲမှာ ယာဉ်ကြောကျပ်တာနဲ့ ယာဉ်အန္တရာယ် ပြဿနာတွေကို အတိုင်းအတာတစ်ခုထိ ဖြေရှင်းပေးနိုင်မယ်လို့ ထင်ပါတယ်”ဟု ကုန်တင်ကားလုပ်ငန်းရှင် တစ်ဦးဖြစ်သူ ဦးအောင်ဇော်က သုံးသပ်ပြောသည်။

မကွေးမြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြု ကော်မတီဝင်များ၊ ဒေသအရေး စိတ်ပါဝင်စားသူများ၊ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် တာဝန်ရှိသူအဆင့်ဆင့်တို့၏ ညှိနှိုင်းအဖြေရှာ ဆုံးဖြတ်ချက်အရ ကုန်တင်ကုန်ချကားကြီးဝင်းအား အခြေခံကျန်းမာရေးတက္ကသိုလ်နှင့် မြသလွန်စေတီတော်ကုန်းမြေအနီး ဝါးတောချောင်းကျေးရွာအကြား မြေဧရိယာ ၁၀ ဧကပေါ်တွင် တည်ဆောက်အသုံးပြုနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
“ဗုဒ္ဓဂယာ၊ ရာဇဂြိုလ်၊ ဗာရာဏသီ (၅)ရက်အထူးခရီးစဉ်” Nov 1
▲ သံဝေဇနီယလေးဌာန၊ ရာဇဂြိုလ်၊ နာလန္ဒာ ၇ ည ၈ ရက်
▲ (သံဝေဇနီယ၊အဝိဇဟိတ) လေးဌာန၊ နယူးဒေလီ ၁၄ ည ၁၅ ရက်
အပတ်စဉ်တိုင်းခရီးစဉ်များထွက်ရှိပြီးဦးဆောင်ဆရာတော်(၁)ပါးပါရှိပါသည်။
(၁၁)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအပိုလိုက်ပါနိုင်ပါသည်။စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ် (၁၀၀)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
09 73036666,09 73064666,09 5136466,09 8636466,0933337762

သုံးရာသီ ဝမ္မဒါန
အင်းလေးဖောင်တော်ဦးပွဲ
တောင်ကြီး-အင်းလေး-ပင်းတယ
ကုံလုံ-ကက္ကူ-ထန်စမ်း ထမင်းကျွေး-၄၅၀၀၀ိ
ပုဂံ-ပုပ္ပါး-ပခုက္ကူ-စွယ်တော်လေးဆူ
ခရီးစဉ် Oct 3 , 10 ထမင်းကျွေး-၃၅၀၀၀ိ
အားလုံး 17 , 24 , 31
420144148, 421153797

ညွန့်ဝေအောင် ရွှေခင်းသာ ဝါကျွတ်အထူးခရီးစဉ်
FULLY AIR-CON EXPRESS
✧ ထုံးဘို အကောက်တောင်၊ နဂါးရစ်တောင်၊ ပြည်၊ ဟသ်ာတ၊ ဇလွန်ပြည်တော်ပြန်ဘုရားစုံဖူး(၁-ညအိပ်/၂-ရက်) ထမင်းကျွေး-တစ်ဦးလျှင် 25000/- Oct 3 (ည)
✧ ထားဝယ်(ရှင်ကိုးရှင်)ဘုရားစုံ၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီဘုရားပွဲတော် နှင့် မော်လမြိုင်ဘုရားစုံ (၅-ညအိပ်/၆-ရက်) ထမင်းကျွေး 75000/- Oct 6 (ညထွက်မည်)
09-420046635, 09-73123647

ကန့်ကွက်နိုင်ပါသည်
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ လူနေရပ်ကွက်အမှတ်(ခရေရိပ်သာ)၊ မြေကွက်အမှတ်(၈၄)၊ အကျယ်အဝန်း(၀.၂၃၂ ဧက)၊ (၁၁၄' x ၈၈.၆')ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်အမည်ဖြင့် တည်ရှိသော မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယဉ်ယဉ်ဌေး(၁၂/လမတ(နိုင်)၀၁၂၁၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ –
တရားလွှတ်တော်ရှေ့နေများ / အထက်တန်းရှေ့နေများ
ဒေါ်မေရည်စိုးဦး LL.B, D.B.L
ဦးဝင်းအောင် LL.B, D.M.L,D.B.L
ဒေါ်နိုင်ဇင်ဦး LL.B,D.B.L
ဒေါ်ခိုင်ခိုင်စန်း LL.B,D.B.L
ဦးအောင်နိုင်ထူး LL.B
ဒေါ်မေဖွန့်စိုးဦး LL.B,D.B.L,D.I.R, C.B.D.S(MOFA)
စိုးစံ(လင်း) အိမ်၊ခြံ၊မြေ အကျိုးဆောင်ကုမ္ပဏီ
ရုံးချုပ် – အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ – 510760, 510940, 510950, 500643, 502517, 2304311
ဗဟန်းရုံးခွဲ – အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ – 01-552742/559320, 09 5060938, 09 5060940, 09 8634090, 09 73100980

သွေးတိုးရောဂါရှင်များအတွက်
လေးပါးရာဇာ သွေးတိုးကျဆေးပြား
တဆဝက (စာနယ်ဇင်း)/၁၁၂/၁၂၁၃
Ph : 09-51 64 814 , 09-731 28 281 , 09-730 31 820

ပျောက်ဆုံးကြောင်း
K & L Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်-၁၁၂/ ၁၉၉၂-၁၉၉၃ မူရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ ဖုန်း-၀၉-၅၁၅၁၇၈၄

ဆရာခန့်၏ ဝမ်းပျော့အဆီကျဆေး
တစ်ခါစား (၂) ပြား မြန်မာ့ဆေးမျိုးစုံဆိုင်တိုင်းမှာမေး
ဖုန်း - ၀၉ ၇၃၁၇၉၉၈၃၊ ၀၁ - ၃၉၆၃၈၄

အမည်ပြောင်း
ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့၊ မြို့ကုန်းရပ်ကွက်နေ ဦးထွန်းပေါ်၏သား ကိုထွန်းဝင်းနိုင် [၁၃/ဖခန(နိုင်)၀၂၇၆၇၂]အား ယနေ့မှစ၍ ကိုမျိုးဟိန်းခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ ကိုမျိုးဟိန်းခန့်

# အထွက်တိုးကြံစိုက်ပျိုးရေး တောင်သူပညာပေး ဆွေးနွေး ဒီးမော့ဆိုစိုက်ကွင်း အထွက်တိုးကြံစိုက်ခင်းအောင်မြင်ဖြစ်ထွန်းမှုကြည့်ရှု

**ဒီးမော့ဆို၊ စက်တင်ဘာ ၂၈**

အထွက်တိုးကြံစိုက်ပျိုးရေး တောင်သူပညာပေးဆွေးနွေးပွဲနှင့် ကွင်းပြပွဲကို စက်တင်ဘာ ၂၇ ရက် နံနက် ၉ နာရီက ဒီးမော့ဆိုမြို့နယ်၊ ဘုရားဖြူကျေးရွာ၊ ဒီးမော့ဆိုစိုက်ကွင်း ရှင်းလင်းဆောင်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကယားပြည်နယ်၊ စက်မှုသီးနှံ ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြင့်သန်းက စိုက်ပျိုးသီးနှံများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ဒီးမော့ဆို စိုက်ကွင်းတာဝန်ခံ ဦးဇော်ဝင်းက အထွက်တိုးကြံ စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တောင်သူ ဦးလှသန်းက အထွက်တိုးကြံ စိုက်ပျိုးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသူ တောင်သူများက အထွက်တိုးကြံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုအား သွားရောက် ကြည့်ရှုလေ့လာကြသည်။



"ကျွန်တော့မှာ လယ် ၂၃ ဧကရှိပါတယ်။ အဲဒီ ၂၃ ဧကအတွက် ပြည်နယ်မှူးကနေပြီး ဒီကြံမျိုးကို အကုန်ပေးရင် လိုချင်ပါတယ်။ ဒီကြံမျိုးဟာ အင်မတန်ပဲကောင်းတယ်။ ဒီဒေသနဲ့လည်း ကိုက်ညီတယ်။ သုည ဒသမ ၁၀ ဧကလောက် တစ်ပိုင်တစ်နိုင် စိုက်မယ်ဆိုရင်တောင် ငွေနှစ်သိန်းလောက် ဝင်နိုင်ပါတယ်။ ကျွန်တော်တို့ဆီမှာ ကြံရည်ကြိတ်တဲ့ စက်တွေရှိတယ်။ သူတို့က ကြံတစ်ချောင်းကို ၂၀၀ ကျပ်လောက် ပေးဝယ်နေတယ်။ ဒါကြောင့် ဒီကြံမျိုးကို လိုချင်ပါတယ်။ ပြည်နယ်မှူးကတော့ ကျွန်တော် လိုသလောက် ပေးနိုင်လို့တော့ မထင်ပါဘူး။ ဒီဒေသမှာရှိတဲ့ တောင်သူတွေ အားလုံးကို မျှမျှတတ တစ်ပိုင်တစ်နိုင် စိုက်ပျိုးသွားနိုင်ဖို့အတွက် ခွဲတမ်းချပေးသွားမယ်လို့ ပြောပါတယ်။ ကြံမျိုး ဘယ်လောက်ပဲရရ ယူဖို့အဆင်သင့်ပါပဲ။ ကျွန်တော်နဲ့လာတဲ့ တောင်သူများကလည်း စိတ်ဝင်စားတဲ့အတွက် ဒီစိုက်ပျိုးထားတဲ့ ကြံမျိုးကုန်သွားမယ်လို့ ထင်ပါတယ်"ဟု ပန်ကန်းကျေးရွာအုပ်စုနေ တောင်သူ ဦးလှသန်းက ပြောသည်။

"နဝဒေး(၄) ကြံမျိုး သုည ဒသမ ၂၅ ဧက စိုက်ပျိုးထားတာပါ။ ဒီကနေ ခန့်မှန်းကြံတန်ချိန် ရှစ်တန်ကနေ ကိုးတန်လောက်ရရှိမယ်လို့ ခန့်မှန်းထားပါတယ်။ လက်ရှိစာရင်းပေးထားတဲ့တောင်သူ ၁၀ ဦးလောက် ရှိပါပြီ။ ဒီစိုက်ပျိုးထားတဲ့ကြံမျိုးကို တစ်ဦးကို သုည ဒသမ ၁၅ ဧကလောက် ပေးနိုင်ပါတယ်။ တောင်သူက ပိုစိုက်ပျိုးချင်တယ်ဆိုရင်တော့ တောင်ကြီးမြို့နယ်၊ တောင်သုံးလုံး သုတေသနခြံကနေ မှာပေးလို့ရပါတယ်။ ဒီကနေထွက်ရှိလာတဲ့ ကြံကုန်ကြမ်းများကို တောင်ကြီး တောင်လေးလုံး သကြားစက်ကို ပို့ရမှာဖြစ်ပါတယ်။ ယခင်က ဒီးမော့ဆိုမြို့နယ်၊ သေးဆူလဲကျေးရွာမှာ ကြံပွက်ရည်ချက်တဲ့လုပ်ငန်း လုပ်ကိုင်တယ်လို့ သိရပါတယ်။ ကြံစက်ပို့တာထက် ကိုယ်တိုင်ချက်နိုင်တယ်ဆိုရင် ဝင်ငွေသုံးဆလောက် ပိုမိုရရှိမှာဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ အထွက်တိုးကြံစိုက်ပျိုးမှု ကွင်းပြပွဲက ရရှိလိုက်တဲ့ အကျိုးကျေးဇူးကတော့ တက်ရောက်လာသူ တောင်သူများထဲက ၂၅ ရာခိုင်နှုန်းလောက် စိတ်ဝင်စားတဲ့အတွက် ကျွန်တော်တို့ အများကြီးဝမ်းသာပါတယ်" ဟု စက်မှုသီးနှံဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးမြင့်သန်းက ပြောသည်။

**ပြည်နယ်ပြန်/ဆက်**

# ဟိုတယ်၊ တည်းခိုခန်း၊ စားသောက်ဆိုင်နှင့် ယာဉ်ပိုင်ရှင်များအား မူးယစ်ဆေးဝါးတားဆီးရေးပညာပေး

**မော်လမြိုင်၊ စက်တင်ဘာ ၂၈**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ပန်းပဲတန်းရပ်၊ မြို့နယ်စည်ပင်သာယာရေးရုံးခန်းမ၌ စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက မော်လမြိုင်မြို့နယ်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုခန်းများ၊ ခရီးသွားလာရေး မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်လိုင်းများ၊ စားသောက်ဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံ၍ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေး ပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့၊ တပ်ဖွဲ့ခွဲ(၃ - ရန်ကုန်) မှ ဒုတိယရဲမှူးကြီးမြင့်အောင်နှင့် မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌဦးအောင်မင်းတို့ တက်ရောက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မင်းက နိုင်ငံတော်က မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်အဖြစ် လုပ်ဆောင်နေသည့်အချိန်တွင် တာဝန်သိသိနှင့် ပူးပေါင်းပါဝင်သင့်ပြီး၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့အား သတင်းများပေးသင့်ကြောင်း၊ ပြည်သူများ ပါဝင်ပူးပေါင်းမှ မူးယစ်ဆေးဝါးလျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကား သုံးစွဲသူများဟာ များသောအားဖြင့် တည်းခိုခန်း၊ ဟိုတယ်၊ မော်တော်ယာဉ်၊ ဆိုင်ကယ်လိုင်းများ၊ စားသောက်ဆိုင်များ စတဲ့နေရာတွေကို အများဆုံးအဆက်အသွယ်ပြုကြတဲ့အတွက် ထူးခြားပါက အချိန်မရွေး ကျွန်တော်တို့အဖွဲ့ကို သတင်းပေးစေလိုပါတယ်။ သို့မှသာ မူးယစ်ဆေးဝါး သုံးစွဲရောင်းဝယ်ဖောက်ကားသူများကို ထိရောက်စွာ အရေးယူနိုင်ပြီး ပပျောက်မှာဖြစ်ပါတယ်။ ကိုယ်တိုင်ကလည်း ရောင်းဝယ်သုံးစွဲမှုမျိုးမလုပ်ဖို့လည်း အရေးကြီးပါတယ်။ မွန်ပြည်နယ်မှာ မူးယစ်ဆေးဝါးနဲ့ပတ်သက်လို့ ယခုလအတွင်း အမှုပေါင်း ၂၀ ကျော်ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး အဲဒီဖမ်းဆီးမှုမှာ တာဝန်သိသိနဲ့ ပူးပေါင်းပါဝင်ကူညီခဲ့တဲ့ ပြည်သူတွေကို ကျေးဇူးတင်ပါတယ်။ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ဆက်လက်၍လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံပါတယ်" ဟု ဒုတိယရဲမှူးကြီးမြင့်အောင်က တိုက်တွန်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများ၏ တင်ပြဆွေးနွေးချက်များအပေါ် ဒုတိယရဲမှူးကြီးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**ဆက်နေမင်းအောင်**

# ရွှေရတုရဲတပ်ဖွဲ့နေ့အားကြိုဆိုသောအားဖြင့် အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**သနပ်ပင်၊ စက်တင်ဘာ ၂၈**

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ် ၅၀ ပြည့် မြန်မာနိုင်ငံရွှေရတုရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ နယ်မြေရဲတပ်ဖွဲ့စခန်းမှ စခန်းမှူးရဲအုပ်ကျော်ဇာလင်းနှင့် ရဲတပ်ဖွဲ့ဝင် အင်အား ၂၀ ခန့်တို့သည် စက်တင်ဘာ ၂၅ ရက်က ကျေးလက်ကျန်းမာရေးဌာန ခြံဝင်းအတွင်း ချုံနွယ်သစ်ပင်များရှင်းလင်း၍ မင်းရွာ-မိုးနက်မြေသားလမ်းပေါ်ရှိ ကိုင်း၊ မြက်ရိုင်းပင်များ ခုတ်ထွင်ခဲ့သည်။

**ရဲထွန်း(မင်းရွာ)**

# ဆိုင်ကယ်ဖြင့် လမ်းချိုးကွေ့စဉ် ကားနှင့်တိုက်၍ လူတစ်ဦးသေဆုံး

**ဝက်လက်၊ စက်တင်ဘာ ၂၈**

စက်တင်ဘာ ၂၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က ရွှေဘို-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၄၅/၁နှင့် ၂ အကြား မင်းလက်ဝဲဇရပ်အနီးတွင် မောင်ဝင်းဝင်း မောင်းနှင်ပြီး ဥုဇောတိက(ဥသျှစ်ကြီးကျေးရွာ) စစ်ကိုင်းမြို့နယ်သည် နောက်မှထိုင်လျက် လိုက်ပါလာသော ဒရင်း ၁၂၅ ဆိုင်ကယ်မှာ လမ်းဝဲဘက်သို့ ရုတ်တရက်ချိုးကွေ့စဉ် နောက်မှကပ်ပါလာသော ရတနာပုံမြို့သစ် ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့နေ မောင်ညိုလင်းအောင် မောင်းနှင်လာသော ကန်တာအမျိုးအစား မော်တော်ယာဉ်နှင့် တိုက်မိခဲ့သည်။

ယင်းသို့ တိုက်မိခဲ့သောကြောင့် ဆိုင်ကယ်မောင်းနှင်သူ မောင်ဝင်းဝင်းမှာသေဆုံးသွားခဲ့ပြီး ဆိုင်ကယ်နောက်မှ လိုက်ပါသည့် ဥုဇောတိကမှာ ဒဏ်ရာများရရှိသွားခဲ့သည်။

ယင်းကြောင့်မော်တော်ယာဉ်မောင်းနှင်သူ မောင်ညိုလင်းအောင်အား ဖမ်းဆီးစစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းမြင့်**

> သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

**ခင်နန္ဒာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့** (၂၀၁၄-၂၀၁၅ ပြောင်းလဲမှုမရှိသော ခရီးစဉ်ရက်စွဲများ)

၁၂ ရက် -၉ သိန်း / ၁၅ ရက် -၁၀ သိန်း } ပတ်စပို့၊ဗီဇာ၊ဝင်ကြေး၊ လေယာဉ်ခ၊စားစရိတ်နှင့် ကားခ အားလုံး စရိတ်ငြိမ်း

-နိုဝင်ဘာ၃၊၁၇(အားလုံးပြည့်)။ဒီဇင်ဘာ၁(ပဌာန်းပွဲဖွင့်ပွဲနှင့်ပိတ်ပွဲ)(၂၉လို)၊၁၅။ဇန်နဝါရီ၂၆။ဖေဖော်ဝါရီ၉၊၂၃။မတ်၉၊၂၃။ဧပြီ၆။

-အောက်တိုဘာ ၃၊၁၇၊၃၁ (အားလုံးပြည့်)။ နိုဝင်ဘာ ၇၊၁၄၊၂၁ (ပဌာန်းပွဲ ဖွင့်ပွဲ)၊ ၂၈(ပဌာန်းပွဲ) (အားလုံးပြည့်)။

ဒီဇင်ဘာ ၅(ဂယာကျောင်းရေစက်ချပွဲ+ပဌာန်းပွဲ ပိတ်ပွဲ)(၂၂လို)၊၁၂ (၂၅လို)။ ဇန်နဝါရီ ၉၊၃၀။ ဖေဖော်ဝါရီ ၆၊၁၃၊ ၂၀၊၂၇။ မတ် ၆၊၁၃၊၂၇။ ဧပြီ ၃၊၁၁ (သင်္ကြန်ပိတ်ရက်)။

Air Bus A 320 လေယာဉ်ကြီးဖြင့်သာ | သံရုံးသို့ လိုက်ရန်မလို

စရံ/ငွေအကြေချေ ဦးရာလူစနစ် | နေရာစုံ ပို့ပေးပြီး ဝန်ဆောင်မှုကောင်းကြောင်း အာမခံပါသည်။

ကွန်ဒို(E)၊မြေညီထပ်၊ကမ္ဘာအေးဗီလာအိမ်ရာ၊ကမ္ဘာအေးစေတီလမ်း၊(၈)မိုင်၊မရမ်းကုန်း၊ရန်ကုန် ။ ၀၁-၆၅၅၅၂၀၊၆၅၅၈၈၅၊၀၉-၅၆၀၀၁၂၃၊ ၀၉-၅၆၀၀၄၄၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံနှုန်း (ကျပ်) |
|---|---|---|---|
| ၁ | ၃၆၀/မမ/CE | တိုင်း (၇) ရန်ကုန်၊သမိုင်းဘူတာနှင့်သမိုင်း မြို့သစ်ဘူတာကြားတွင် ဘာရှာ (၂) ခန်းတွဲ ဝန်ထမ်းနေအိမ် (၉) လုံးဆောက်လုပ်ခြင်း (၉x၆၄ ၀ စ/ပေ)၊ (အခြားသား၊သစ်သား၊တိုင်၊ပါးထရံကာ၊ပျဉ်ခင်း၊ သွပ်မိုး) | ၅၀၀၀/- |

တင်ဒါပိတ်မည့် နေ့/အချိန် - ၃.၁၀.၂၀၁၄ (သောကြာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၅.၉.၂၀၁၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
**အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း**

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် | တင်ဒါပုံစံနှုန်း (ကျပ်) |
|---|---|---|---|
| ၁ | ၃၆၁/မမ/CEမှ ၃၆၃/မမ/CE | တိုင်း (၉) ဟသ်ာတ ရှိ ဝန်ထမ်းအိမ်ရာ (၃)ခန်းတွဲ၊(၁၂)ခန်းတွဲ(၂)ထပ်၊နေအိမ် (၂)ထပ်တန်းလျားများပြုပြင်ခြင်း | ၂၀၀၀/- |
| ၂ | ၃၆၄/မမ/CEမှ ၃၆၇/မမ/CE | တိုင်း (၁၀) ပခုက္ကူ၊ ကလေးဘူတာ၊ကန်ဘူတာ၊မှန်တောဘူတာ များတွင် ဝန်ထမ်းနေအိမ်(၅)ခန်းတွဲနှင့်(၂)ခန်းတွဲများပြုပြင်ခြင်း | ၂၀၀၀/- |

တင်ဒါပိတ်မည့် နေ့/အချိန် - ၃. ၁၀ . ၂၀၁၄ (သောကြာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၂၆.၉.၂၀၁၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994

## ကလော၊ အောင်ပန်းရဲတပ်ဖွဲ့ဝင်များ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ် ၅၀ ပြည့် အထိမ်းအမှတ် သန့်ရှင်းရေးပြုလုပ်

**ကလော၊ စက်တင်ဘာ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး မြို့မရဲစခန်း၊ အောင်ပန်းရဲစခန်း၊ တိုင်းမီးရထားရဲတပ်ဖွဲ့တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်း၊ ကလောမြို့မရဲတပ်ဖွဲ့စခန်းမှူး ဒု-ရဲမှူးဆွေဦး၊ အောင်ပန်းရထားရဲတပ်ဖွဲ့ တပ်ခွဲမှူး ဒု-ရဲမှူးအောင်အောင်ချစ်၊ စခန်းမှူးရဲအုပ်လှဂျာ၊ ရဲသတင်းတပ်ဖွဲ့ ရဲအုပ်အောင်ကျော်ဦး၊ နိုင်ငံခြားခရီးသွားများ ကူညီစောင့်ရှောက်ရေးရဲတပ်ဖွဲ့ ရဲအုပ်သိန်းဝင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေးရဲတပ်ဖွဲ့ ရဲအုပ်သန်းဇော်လင်းတို့ ဦးဆောင်သော မြို့နယ်ရဲတပ်ဖွဲ့ဝင် အရာရှိ၊ ရဲမေ၊ အကြပ်ရဲတပ်ဖွဲ့ဝင်များ၊ တပ်မိသားစုဝင်များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကလောမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း သန့်ရှင်းရေးလုပ်အားပေးဆောင်ရွက်ခဲ့ ကြောင်းသိရသည်။

ကလောမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင် ၅၀ ကျော်တို့သည် ကလောမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း လူနာဆောင်၊ ခွဲစိတ်ဆောင်၊ သံဃာတော်များအဆောင်၊ ကလေးအထူးကုဆောင်၊ ကျန်းမာရေးဝန်ထမ်းအိမ်ရာသွားလမ်း၊ လူနာလျှောက်လမ်း၊ တွန်းလမ်း၊ ဆွဲလမ်းများ သန့်ရှင်းပြုပြင်ခြင်း၊ အမှိုက်ကျင်းများ ရှင်းလင်းမီးရှို့ဖျက်ဆီးပေးခဲ့ကြသည်။

အောင်ပန်းမြို့ ရထားရဲတပ်ဖွဲ့ တပ်ခွဲမှူး ဒု-ရဲမှူးအောင်အောင်ချစ်၊ ရဲအုပ်လှဂျာတို့ ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် ၅၀ ကျော်တို့သည် အောင်ပန်းတိုက်နယ်ဆေးရုံဝင်းအတွင်း အပန်းဖြေပန်းခြံ၊ ရင်ခွဲရုံဝန်းကျင်၊ သောက်သုံးရေလှောင်ကန်၊ လူနာဆောင်များအား သန့်ရှင်းရေးလုပ်အားပေးခြင်း ဆောင်ရွက်ခဲ့သည်။

၎င်းအပြင် သွေးလိုအပ်သောလူနာများအတွက် သွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၁၇ ရက်၊ ၂၁ ရက်နှင့် ၂၆ ရက်များတွင် ပြုလုပ်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုခဲ့သည်။

"မြန်မာနိုင်ငံရဲတပ်ဖွဲ့နှစ် ၅၀ ပြည့် ရွှေရတုအထိမ်းအမှတ်နေ့ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေက ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ လှုပ်ရှားလုပ်အားပေးနေကြတာဖြစ်ပါတယ်။ အထိမ်းအမှတ်နေ့ မရောက်ခင် စက်တင်ဘာလအတွင်း စနေ၊ တနင်္ဂနွေနေ့တိုင်း စာသင်ကျောင်းတွေ၊ ဘုန်းတော်ကြီးကျောင်းတွေ၊ ဆေးရုံဆေးခန်း၊ ဈေး၊ ရပ်ကွက်၊ လမ်း၊ တံတား၊ ချောင်း၊ မြောင်းများကိုလည်း ပြုပြင်ခြင်း၊ သန့်ရှင်းရေးလုပ်အားပေးခြင်း၊ သွေးလှူဒါန်းခြင်း စတဲ့ပြည်သူလူထု အကျိုးပြုလုပ်ငန်းများကို လုပ်ဆောင်သွားကြမှာဖြစ်ပါတယ်"ဟု ကလောမြို့မရဲတပ်ဖွဲ့ စခန်းမှူးရဲအုပ်ဆွေဦးက ပြောသည်။

**ဇော်သိန်းရည်**

## လမ်းဘေးဈေးဆိုင်များ စည်းကမ်း နှင့်အညီ ရောင်းချရေး စစ်ဆေး

**မကွေး၊ စက်တင်ဘာ ၂၈**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၌ လမ်းအသုံးပြုယာဉ်များ၊ ခရီးသွားပြည်သူများ အနှောင့်အယှက် မဖြစ်စေရန်ရည်ရွယ်၍ လူစည်ကားရာ လမ်းမကြီးများရှိ လမ်းဘေးဈေးဆိုင်များအား စည်းကမ်းနှင့်အညီရောင်းချနိုင်ရေး အပတ်စဉ် စစ်ဆေးဆောင်ရွက်လျက်ရှိရာ ပြည်တော်သာလမ်းနှင့် အ. ထ. က(၁)လမ်းတစ်လျှောက်ရှိ လမ်းဘေးဈေးဆိုင်များအား မြို့နယ်စည်ပင်သာယာရေး ဒု-ဦးစီးမှူး ဦးသန်းဝင်း ဦးဆောင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လမ်းဇရိယာပေါ်တွင် စည်းကမ်းမဲ့ ဈေးတည်ခင်းရောင်းချနေမှုကြောင့် လမ်းနယ်နိမိတ် ကျဉ်းမြောင်းကာ ယာဉ်များတစ်စီးနှင့်တစ်စီး ရှောင်တိမ်းရာ၌ ယာဉ်အန္တရာယ်ကြုံတွေ့နိုင်ခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် မြို့သန့်ရှင်းသာယာမှုကို ညစ်နွမ်းစေနိုင်ခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ဈေးဆိုင်များအား သတိပေးမှတ်တမ်းတင်ခြင်းဆောင်ရွက်၍ သတိပေးမှုအပေါ် လိုက်နာမှုမရှိကြောင်း ထပ်မံစစ်ဆေးတွေ့ရှိပါက စည်ပင်သာယာရေး ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

## မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိတ်များ စိုက်ထည့်

**မြင်းခြံ၊ စက်တင်ဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီက မြင်းခြံမြို့နယ်၊ လေးအိမ်တန်းဆိပ်ကမ်း သဘာဝရေလျှံကွင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ယခုကဲ့သို့ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ရခြင်းမှာ ငါးမျိုးစိတ်များမျိုးသုဉ်း ပျောက်ကွယ်ခြင်းမှ ကင်းဝေးစေရန်ဖြစ်ပြီး ရေလုပ်သားများအနေဖြင့်လည်း သဘာဝအတိုင်း ငါးဖမ်းနည်းများဖြင့်သာ အသက်မွေးကြစေလိုကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးသော်ထွန်းဦးက ပြောကြားခဲ့သည်။

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိတ်စိုက်ထည့်ခြင်း အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အင်းသားကြီးများနှင့် ကျောင်းသား၊ ကျောင်းသူလေးများလည်း ပါဝင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

## အိမ်မဲမြို့နယ် မြို့မမူကြိုကျောင်းတွင် အာဟာရတိုက်ကျွေး

**အိမ်မဲ၊ စက်တင်ဘာ ၂၈**

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် မြို့မမူလတန်းကြိုကျောင်းတွင် စက်တင်ဘာ ၂၅ ရက် နံနက် ၁၁ နာရီက ဦးစိုးကြည်ဦး၊ ဒေါ်အေးအေးမူ (ပြန်/ဆက် ဦးစီးဌာန) တို့၏ သမီး၊ မဆုဝတ်ရည်၏ (၄)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား၊ ကျောင်းသူ ၄၅ ဦးအား အာဟာရဒါန ပဲနို့အချိုရည်နှင့် ကြက်သားဘီစကစ်များ တိုက်ကျွေးဒါနပြုခဲ့ရာ မူကြိုကျောင်း တာဝန်ခံ ဆရာမများက ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်းလည်း သိရသည်။

**မြို့နယ် ပြန်/ဆက်**

## မြန်အောင်တွင် စပါးနှင့် ဆန်များအရောင်းအဝယ် အေး၍ သိုလှောင်ထားသူများအရှုံးပေါ်နေ

**မြန်အောင်၊ စက်တင်ဘာ ၂၈**

စက်တင်ဘာလအတွင်း ဆန်၊ စပါး အရောင်းအဝယ်အေးသွားသဖြင့် မိုးစပါးလက်ကျန်အဟောင်းများနှင့် နွေစပါးလက်ကျန်ရှိသူများအနေဖြင့် လက်ဝယ် သိုလှောင်ထားရကြောင်း မြန်အောင်မြို့မှ စပါးသိုလှောင်ထားသူ တောင်သူလယ်သမားတစ်ဦးက ပြောသည်။

"နှစ်တိုင်းဆိုရင် ဒီအချိန်က ဆန်ဈေး၊ စပါးဈေးကောင်းနေကြအချိန်ပဲ။ စပါးအသစ်ကလည်းမပေါ်သေးတဲ့အချိန်၊ လက်ကျန်စပါးအဟောင်းကလည်း ကုန်ခါနီးဖြစ်နေတော့ ဆန်ဈေး စပါးဈေးက ခေါ်သလောက်ရတယ်။ ခုနှစ်ကတော့ အရောင်းအဝယ်အေးနေလို့ ဘယ်အချိန်ပြန်ပြီးအရောင်းအဝယ်ဖြစ်မလဲဆိုတာကို စောင့်နေရတာပါ"ဟု နှစ်စဉ်စပါးသိုလှောင်ရောင်းချသူတစ်ဦးက ဆိုသည်။



စပါးနှင့်ဆန်များ အရောင်းအဝယ်အေးနေသဖြင့် ကားပိုင်ရှင်များလည်း အလုပ်ပါးနေကြောင်း၊ ပွင့်လင်းရာသီရောက်မှသာ အလုပ်များ ပြန်ကောင်းမည်ဖြစ်သောကြောင့် ပွင့်လင်းရာသီကို မျှော်ကိုးနေရကြောင်း ကားပိုင်ရှင်တစ်ဦးက ပြောသည်။

စပါးလက်ကျန်ရှိနေသူများမှာ ဆန်စက်များတွင် ကိုယ်တိုင်ကြိတ်ခွဲ၍ ဆန်ကိုရောင်းချနေရကြောင်း၊ အညာဘက်မှလည်း ဆန်အဝယ်မရှိ၍ ဆန်တင်ပို့မှုကိုရပ်ထားရကြောင်း၊ တရုတ်ပြည်မှ ဆန်အဝယ်မရှိသောကြောင့် ဆန်ဈေးကျခြင်းလည်းဖြစ်နိုင်ကြောင်း ဆန်ကုန်သည်တချို့က သုံးသပ်သည်။ **နေဝင်းဇော်(မြန်အောင်)**


**သုခလမ်းညွှန် Travels & Tours**

တောင်ကြီး၊ အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)၊ ပင်းတယ၊ ကလော — Oct 7- 150,000

ပုဂံ (စွယ်တော်လေးဆူ)၊ ပုပ္ပား၊ ပခုက္ကူ — Oct 7- 140,000

Hotel ( စား/တည်း/ငြိမ်း) Scania Coach (VIP Class)

ကျိုက်ထီးရိုး-ခနေ့စဉ် ( Scania နှစ်ထပ်ကား)

Ph: 01-539459, 09 25937 0001/02/03/04/05, 09 30220 373



**ရွှေလမ်းခရီး ...မှ သီတင်းကျွတ်လဘုရားစုံဖူး**

* အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီး(ထမ်းစမ်းလိုဏ်ဂူ)(မွေတော်ကက္ကူ)၊ ကလော၊ လွိုင်ကော်။

* ကျိုက္ကဆံထွမ်းအိုးမျှောပွဲ၊ စက်စဲကမ်းခြေ မော်လမြိုင်၊ ကျိုက်မရော၊ နွားလပို့တောင်။

* ပုဂံ၊ စွယ်တော်လေးဆူ၊ ညောင်ဦး၊ ပုပ္ပား * မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ။

* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ် (ရွှေလီ၊ ဝမ်တိန်၊ မန်စီ)။ လက်မှတ်ရောင်း/ဝင်းလုံးငှား

* ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ မျှော်ရစ် Oct 3,6,7,10

(ထမင်းကျွေး၊ ကားခ၊ တစ်ဆင့်သွားကားခ/စက်လှေခ၊ တည်းခိုခန်းခ စရိတ်ငြိမ်း)

* ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်) *ငပလီ *နေပြည်တော် *ငွေဆောင် *ပြည်

အမှတ်(၁၁၇)၊ ပန်းဆိုးတန်းလမ်း(ဂုံးကျော်တံတားဘေး) 371317,095124678,098627170



**ဖိတ်ကြားလွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ အင်းစိန်မြို့နယ်၊ ဘိုကုန်းရပ်၊ ဇေယျာသိဒ္ဓိ (မဟာသံ့သာရဘုရား)ကျောင်းတွင် သီတင်းသုံးသည့် မဟာသံ့သာရရုပ်ရှင်တော်မြတ်ကြီးအားနှစ်စဉ်နှစ်တိုင်း ရွှေသင်္ကန်းကပ်လှူပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာပွဲနှင့် ကထိန်အလှူတော် မင်္ဂလာပွဲတော်ကို ၁၃၇၆-ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (၈-၁၀-၂၀၁၄) (ဗုဒ္ဓဟူးနေ့) နံနက် (၉)နာရီ ဇေယျာသိဒ္ဓိ (မဟာသံ့သာရဘုရား) ကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြစေရန် ဖိတ်ကြားအပ်ပါသည်။

**မှတ်ချက်။** (၁-၁၀-၂၀၁၄) ဗုဒ္ဓဟူးနေ့ မှ (၅-၁၀-၂၀၁၄) တနင်္ဂနွေနေ့ အထိ ကိုယ်တိုင် ကိုယ်ကျ ပန်း၊ သစ်သီးများ ဆက်ကပ်ခြင်း၊ ပုတီးစိပ်မိဌာန်ပြု ဆုတောင်းခြင်းများ ပြုလုပ်နိုင်ပါသည်။

ဆရာတော် ဦးကုမာရ
ပထမကျော်၊ ဓမ္မာစရိယ B.Sc (Maths)
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇနှင့် အလှူရှင်
ဘုရားဒါယကာ/ဒါယိကာမများ



**ကျန်းမာရေးဝန်ကြီးဌာန**
**ဆေးသိပ္ပံပညာဦးစီးဌာန**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် အောက် ဖော်ပြပါ အကြီးစားမွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

(က) ပင်မဆောင်တစ်ခုလုံး၏ မျက်နှာစာဆေးသုတ်ခြင်းလုပ်ငန်း
RC (၂)ထပ်အဆောက်အအုံ အလျား ၃၀၀' ×အနံ ၂၆၃' × အမြင့် ၅၀'

(ခ) ပင်မဆောင်တစ်ခုလုံး၏ အမိုးမျက်နှာပြင်အားလုံး ဆေးသုတ်ခြင်းလုပ်ငန်း
အလျား ၃၀၀' × အနံ ၅၅'
အလျား ၂၆၃' × အနံ ၅၅'

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်သည်။

(က) တင်ဒါလျှောက်လွှာရယူရန် ၁-၁၀-၂၀၁၄ ရက်မှ ၃၀-၁၀-၂၀၁၄ ရက်အထိ
(ခ) တင်ဒါတင်သွင်းရန် ၃၁-၁၀-၂၀၁၄ ရက်၊ ၁၂:၀၀ နာရီ
(ဂ) တင်ဒါဖွင့်ရက် ၃၁-၁၀-၂၀၁၄ ရက်၊ ၁:၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဖုန်း ၀၁-၂၅၁၁၅၇ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်း များအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် - ၂၉-၉-၂၀၁၄ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၂-၁၀-၂၀၁၄ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

**အတ္တာဟိ အတ္တနောနာထော၊အတ္တာဟိ အတ္တနောဂတိ**

**မိမိကိုယ်သာလျှင် မိမိ၏ကိုးကွယ်အားထားရာအမှန်ဖြစ်၏**

**သံသရာဝဋ်ဆင်းရဲအပေါင်းမှလွတ်မြောက်ရန်မိမိကိုယ်တိုင်သာကြိုးစားဆောင်ရွက်ရာ၏**

## ကမ္ဘာ့ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ

## တစ်နှစ်ပြည့်ဂါရဝပြုခြင်း အထိမ်းအမှတ်

## (၃၀-၁-၁၉၂၄ – ၂၉-၉-၂၀၁၃)

ကမ္ဘာပေါ်ရှိလူသားများသည် ဉစ္စာဓနနှင့် ဩဇာအာဏာများနောက်သို့ အပြင်းအထန်လိုက်၍ အမျိုးမျိုးသောအခက်အခဲများ၊ ချီးကျူးထောမနာမှုများတွင် ကြိုးစားရန်းကန်ရင်း လွယ်ကူသောဖြတ်လမ်းကို လိုချင်လာကြသည်။ ထိုသို့ အားကိုးရာရင်း ကယ်တင်ရှင်ပုဂ္ဂိုလ်များ၊ ယုံကြည်မှု အယူဝါဒများအပေါ် မှီခိုအားကိုးလာကြသည်။ သို့ရာတွင်စစ်မှန်သောပျော်ရွှင်အေးချမ်းမှုကိုလုံးဝမရရှိခဲ့ကြပါ။ မိမိ၏ အတွင်းအဇ္ဈတ္တ ပျော်ရွှင်စိတ်အေးချမ်းသာမှုများကို သတိပြုအာရုံမစိုက်နိုင်ကြဘဲ၊ ပြင်ပလောက၏အကြောင်းအရာများနှင့်သာ လုံးထွေး၍ ဆင်း ရဲဒုက္ခများကိုခံစားနေကြရပေသည်။

ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာသည် ယခုကဲ့သို့ထွက်ပေါက်မရှိ ပိတ်လှောင်မိနေကြသောလောကလူသားများအတွက် လူမျိုးဘာသာမရွေး ကျင့်သုံးနိုင်သော၊ လုံးဝဂိုဏ်းဂဏစွဲကင်းသော စစ်မှန်သောဗုဒ္ဓ၏တရားဓမ္မလမ်းကြောင်းကို ညွှန်ပြပေးခဲ့သည်။ " မိမိ၏ စိတ်ချမ်းသာပျော်ရွှင်မှုသော်လည်းကောင်း၊ မိမိ၏ စိတ်ဆင်းရဲဒုက္ခရောက်မှုသော်လည်းကောင်း၊ မိမိတွင်သာ တာဝန်ရှိပြီး၊ မိမိကိုယ်တိုင် စစ်မှန်သော ဓမ္မလမ်းကြောင်းပေါ်၌လျှောက်လှမ်းစေခြင်းဖြင့်စစ်မှန်သည့်အေးချမ်းပျော်ရွှင်မှုကိုရရှိလာမည်ဖြစ်သည်။ "

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်ကမဟာကရုဏာတော်ဖြင့်သင်ကြားပြသတော်မူခဲ့သောအလွန်တရာအကျိုးကျေးဇူးများသည့် ဝိပဿနာကျင့်စဉ်နည်းနိဿယသည် အိန္ဒိယနိုင်ငံ၌လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀)ကျော်ခန့်က ကွယ်ပျောက်သွားခဲ့ပြီး ဆရာကြီးဦးဂိုအင်ကာ၏ စွမ်းစွမ်းတမံကြိုးပမ်းအားထုတ်မှုများကြောင့် အိန္ဒိယနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းသို့ပါ ပျံ့နှံ့ရောက်ရှိခဲ့ပါသည်။ ဆယ်စုနှစ်လေးခုအတွင်း နိုင်ငံပေါင်းစုံ၊ လူမျိုးမရွေး၊ ဘာသာအယူဝါဒမရွေး၊ ဆင်းရဲချမ်းသာ အလွှာမရွေး လက်တွေ့ကျင့်သုံးစေနိုင်ခဲ့ပါသည်။

ယခုအခါတွင် ဝိပဿနာကျင့်စဉ် နည်းနိဿယသည် ကမ္ဘာတစ်ဝန်းလုံးသို့ လျှင်မြန်စွာ ထွန်းကားပြန့်ပွားလျက်ရှိရာ ဘက်ပေါင်းစုံမှ အကျိုးကျေးဇူးများခံစားကြရသည့်အပြင် သိပ္ပံနည်းကျသည့် ဓမ္မသဘာဝကြောင့် အမေရိကားမှသည် အင်္ဂလန်အထိ၊ အစ္စရေးမှသည် အီရန်နိုင်ငံအထိ၊ နိုင်ငံပေါင်း(၉၅)နိုင်ငံတွင် ဘာသာစကား(၅၉)မျိုးဖြင့် ဝိပဿနာရိပ်သာပေါင်း(၁၇၀)ကျော်တွင် အခမဲ့သင်ကြားပြသ တရားပေးလျှုလျက်ရှိပါသည်။ ရာစုနှစ်ပေါင်းများစွာ ဤနည်းနိဿယအတိုင်း ဆက်လက်တည်တံ့ပြန့်ပွားလျက်ဝိပဿနာ၏ အကျိုးကျေးဇူးများကိုလည်း ခံစားကြရပါလိမ့်မည်။

ဤခေတ်တွင် ပေါ်ထွန်းခဲ့သည့် သာသနာ့အာဇာနည် ကလျာဏမိတ္တ ဆရာကြီးဦးဂိုအင်ကာ ၏ကြီးမားလှသောကျေးဇူးတရားများကိုသိတတ်၍ ကျေးဇူးဆပ်လိုပါက မိမိကိုယ်တိုင် ဝိပဿနာကျင့်စဉ်ကို အားထုတ်ပွားများကျင့်သုံးပြီး၊ မိမိတို့၏ နေ့စဉ်ဘဝတွင် လက်တွေ့အသုံးချရမည်ဖြစ်ပါသည်။

"အို လာကြပါကုန်လော့၊ လူသားအပေါင်းတို့ ဤစစ်မှန်သော ငြိမ်းချမ်းရေးလမ်းစဉ် ပျော်ရွှင်ချမ်းမြေ့သည့် ဓမ္မလမ်းပေါ်တွင် လျှောက်လှမ်းကြပါစို့ "...

အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့ချုပ်

ရန်ကုန်မြို့

## ဆရာကြီးဦးဂိုအင်ကာ
## အောက်မေ့ဖွယ်တစ်နှစ်ပြည့် အမှတ်တရ

ဖခင်ကြီး ဆရာကြီးဦးဘခင်၏ကမ္ဘဋ္ဌာန်းကျင့်စဉ်နည်းလမ်းများနှင့်အညီ ကျင့်သုံးပြီး ကမ္ဘာတစ်ဝန်းရှိနိုင်ငံပေါင်း(၉၅) ရိပ်သာပေါင်း(၁၇၀)ကျော် ဖွင့်လှစ်ပြီး ဝိပဿနာ ကမ္မဋ္ဌာန်းပြန့်ပွားအောင် ဆောင်ရွက်ခဲ့သော ဆရာကြီး ဦးဂိုအင်ကာကွယ်လွန်ခြင်း တစ်နှစ်ပြည့်အတွက် ဆရာကြီးဦးဘခင် မိသားစုမှ များစွာလွမ်းဆွတ်နှမြောတသမိပါကြောင်း။

**ဆရာကြီးဦးဘခင်၊ သားဦးသိန်းဇံ ညွှန်မှူး(ငြိမ်း)၊**
**ဒေါ်စန်းစန်းမြင့် မိသားစု**

---

### (၁)လပြည့်လွမ်းဆွတ်သတိရခြင်းနှင့် ကောင်းမှုကုသိုလ်ဒါနအမျှဝေခြင်း
### မောင်သိန်းဇံမောင်(ခ)ညီးချေ

ချစ်လှစွာသော သားငယ် မောင်သိန်းဇံမောင်(ခ)ညီးချေ မိသားစုနှင့် ခွဲခွာသွားသည်မှာ ၂၉-၉-၂၀၁၄ ရက်တွင် (၁)လပြည့်ပြီဖြစ်သော်လည်း နေ့စဉ်နှင့်အမျှ ကြေကွဲဝမ်းနည်းမဆုံး ဖြစ်ရဆဲပါ။ ညီးချေအားရည်မှန်း၍ နေ့စဉ် ပြုလုပ်ရသော ကောင်းမှုကုသိုလ်အစုစုတို့၏ အဖို့ဘာဂကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေအပ်ပါသည်။

**အမျှ အမျှ အမျှ**

| | | |
|---|---|---|
| ပါပါ | - | ဦးဦးဘိုးသိန်း (M.D,အင်းပေါက်ဝကုမ္ပဏီလီမိတက်) |
| မေမေ | - | ဒေါ်မနွဲ့ခင် |
| အစ်ကိုကြီး | - | ကိုတင်အောင်ဦး(ခ)ဖိုးနီ-မခင်အိပိုင် |
| အစ်ကိုလတ် | - | ကိုဘိုအောင်ကျော်(ခ)ဖိုးချို |
| ညီမလေး | - | မဇင်မာအောင် |
| တူမလေးများ | - | Nyo Ko, Yu Ko |

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ရီရီ
### အသက် (၈၈) နှစ်

ဦးဖိုးကျော်စွာ (မြဝတီဘဏ်လီမိတက်)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ရီရီသည် ၂၆-၉-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးထွန်းမြင့် နှင့်ဇနီး ဒေါ်တင်အေး မိသားစု**
**ဒေါ်ဝါဝါမြင့် (General Manager ACE Data Systems)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)
### အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အမှတ်(၆၁)၊ အေးရိပ်သာ(၁)လမ်း၊ ရွှေမဥ္ဇူကွန်ဒိုနေ ဗိုလ်မှူးတင်ဝမ်း(ငြိမ်း)သည် ၂၄-၉-၂၀၁၄ရက် နံနက် ၁၁း၁၅နာရီတွင် U.H.C ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြင့်စိုး-ဒေါ်သန်းဝင်း**
**ဗိုလ်ကြီးဇင်စိန်(ငြိမ်း)-ဒေါ်သက်သက်အောင်**
**မိသားစု**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
### ဆရာမနော်အယ်ခူ
### အသက်(၃၈)နှစ်
**အထက်တန်းသူနာပြု၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး**

အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အောင်မင်္ဂလာ(၃)လမ်း၊ အမှတ်(၁၆၄)နေ ဦးစောကိုလေး-ဒေါ်နော်ဟဲခလေးတို့၏သမီး၊ (ဦးမောင်မောင်)-နော်ရှယ်လီတို့၏ သမီးချွေးမ၊ (စောချိုအေး)-နော်ခရစ္စတီးနာတို့၏ ညီမ၊ စောဂေါ်ထူး (Full Moon Services Ltd.)၏ အစ်မ၊ စောရှိုင်းနေထွန်း-နော်လီလီဌေး၊ စောတင်မောင်လှ-နော်ဖောဒီလေးဆာတို့၏ညီမ၊ စောဩဂတ်စတင်း-နော်ဖောလေးမေ၊ နော်ဆာဖောမေတို့၏အစ်မ၊ နော်အယ်နီရှိုင်း(တေးသံရှင်)၊ နော်ဆည်းဇာရှိုင်း၊ နော်ဂျူးနီရှိုင်းတို့၏ မွေးသမိခင်၊ တိုက်(A)၊ အခန်း(၁၃)၊ သူနာပြု ဝန်ထမ်းအိမ်ရာနေ စောရှိုင်းနေမွန်း (မြို့တော်စည်ပင်၊ မော်တော်ယာဉ်ဌာန)၏ ချစ်လှစွာသောဇနီး ဆရာမ နော်အယ်ခူသည် ၂၇-၉-၂၀၁၄ (စနေနေ့) နံနက် ၅း၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၉-၂၀၁၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် အင်းစိန် ကရင်ခရစ်ယာန်ကျမ်းစာသင်ကျောင်း (ဖူးသာဖြူ ခန်းမ)၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### လွမ်းဆွတ်သတိရခြင်း
### ဦးဝင်းကြည်(M.A,B.L)
**တရားရုံးချုပ်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**

ကျေးဇူးရှင်ဆရာကြီး ဦးဝင်းကြည် ကွယ်လွန်ခဲ့သည်မှာ ၂၉-၉-၂၀၁၄ ရက်တွင် ၁၈နှစ်ပြည့်မြောက်ခဲ့ပြီးဖြစ်သော်လည်း ဆရာ့မိသားစုနှင့်အတူ ထပ်တူထပ်မျှ လွမ်းဆွတ်သတိရပါကြောင်း။ **တပည့်ရှေ့နေများ**

**အမှတ်(၈၃/၁၁)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးနေဝင်း(ဘီဘီစီ ဝန်ထမ်းဟောင်း)
## အသက်(၇၉)နှစ်

ဗုဒ္ဓဘာသာပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့(မြန်မာနိုင်ငံ) BUDDHIST ESSENTIAL SUPPORT TRUST (BEST MYANMAR)နှင့် (BEST UK) ဥက္ကဋ္ဌဦးနေဝင်း(ဘီဘီစီဝန်ထမ်းဟောင်း)သည် လန်ဒန်မြို့ Cromwell ဆေးရုံတွင် ၂၄-၉-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အမှုဆောင်လူကြီးများနှင့်အဖွဲ့ဝင်များ**
**ဗုဒ္ဓဘာသာပစ္စည်းလေးပါးထောက်ပံ့ရေးအဖွဲ့(မြန်မာနိုင်ငံ)**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခင်အောင် (၆၇)နှစ်

မုံရွာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးဟောင်း ဦးခင်မောင်ဦး၏ဇနီးဖြစ်သူ ဒေါ်ခင်အောင် (၆၇)နှစ်သည် ၂၀-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကော်မတီဝင်များ**
**စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**
**နေပြည်တော်**

---

### အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီမဒေါ်တင်လှ (၉၄)နှစ်
**(ဒေါ်တင်လှသစ်ခွဲစက်)**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ဗညားဒလလမ်း၊ အမှတ်(၁၇၄)နေ၊(ဟာဂျီဦးဟာမိဒ်-ဟာဂျီမဒေါ်အေးခင်)တို့၏သမီး၊ (ဟာဂျီဦးစိန်ဖေ)၏ဇနီး၊ ဟာဂျီဦးစိုးသန်း၊ ဟာဂျီမဒေါ်ခင်အေးမြင့်-ဟာဂျီဦးလှထွန်း၊ ဟာဂျီဦးမြင့်ဆွေ-ဟာဂျီမဒေါ်ရီရီမြင့် (ခေတ္တ-Australi)၊(ဟာဂျီဦးသစ်လွင်)-ဟာဂျီမဒေါ်မြင့်မြင့်ရီ၊ ဟာဂျီမဒေါ်မာလာ-ဦးတင်မောင်နီ၊ ဟာဂျီမ ဒေါ်နီလာ-ဦးကျော်သန်း (ခေတ္တ-U.S.A)၊ ဟာဂျီဦးရဲမြင့်-ဟာဂျီမ ဒေါ်ပြုံးပြုံး(ခေတ္တ-Australia)၊ ဟာဂျီမ ဒေါ်ဝါဝါမြင့်တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မြေး ၁၇ ယောက်၊ မြစ် ၂၁ ယောက်၊ တီတစ်ယောက်တို့၏အဘွား ဟာဂျီမ ဒေါ်တင်လှ (ဒေါ်တင်လှသစ်ခွဲစက်)သည် ၂၆-၉-၂၀၁၄(သောကြာနေ့) နံနက် ၈း၅၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ဂျုမ္မာဟ်နမာဇ်အပြီး ရေဝေးကဗ္ဗရ်စတန်တွင် ဒဖ်နာပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

---

### ဦးတင်အောင်မိုး (၅၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်းအထက်၊ အမှတ်(၁၅၆)၊ သုံးလွှာနေ (ဦးတင်မောင်မြင့်)-ဒေါ်သန်း သန်းအေးတို့၏ချစ်လှစွာသောသားကြီး၊ ဦးကျော်စိန်လှ-ဒေါ်အေးမြင့်တို့၏ သားသမက်၊ ဒေါ်မေသက်ဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ပြည့်စုံ၊ မဆုနန္ဒာ (Grade-10-B၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ ချစ်လှစွာသောဖခင်၊ (ဦးကျော်သူ)၊ ဦးမိုးကျော်အောင်-ဒေါ်မွန်မွန်မြင့်၊ (ဦးမိုးခိုင်)၊ ဦးလင်းထိန်ဦး (M.D Silver Land Co., Ltd.) - ဒေါ်ဒေါ်လီစိန်၊ Dr. ဝင်းထိန်ကျော်-Drသီဂီအောင်တို့၏ချစ်လှစွာသောအစ်ကိုကြီး၊ တူ/တူမ သုံးယောက်တို့၏ ချစ်လှစွာသောဘကြီး ဦးတင်အောင်မိုးသည် ၂၇-၉-၂၀၁၄ (စနေနေ့) နံနက် ၁၀း၀၅နာရီတွင် ဦးနှောက်နှင့်အာရုံကြောဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၉-၂၀၁၄(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

### ရဟန်းဒါယိကာမကြီး
### ဒေါ်အုန်းကြည် (၈၂)နှစ်
**(ပုဇွန်တောင်ဈေး)**

